ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကို ရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ စနေနေ့။ Saturday, 29 June 2019 ၉၆၉၅


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဓနုဖြူမြို့နယ် ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေး




**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဒေသခံပြည်သူများက ဓနုဖြူမြို့နယ် အားကစားကွင်း၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဓနုဖြူမြို့ လယ်ယာဝန်ဆောင်မှုစင်တာ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဦးမောင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ◆


**❝ ကျွန်မအနေနဲ့ ယှဉ်ပြိုင်မှုကို အားပေးပါတယ်။ မျှတတဲ့ယှဉ်ပြိုင်မှု၊ ကောင်းမွန်တဲ့ယှဉ်ပြိုင်မှု၊ ကျွန်မတို့ ပြည်သူတွေ အကျိုးရှိစေမယ့် ယှဉ်ပြိုင်မှုမျိုးဖြစ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံပိုင်ဘဏ်တွေကလည်း ပုဂ္ဂလိကဘဏ်တွေနဲ့ ယှဉ်ပြိုင်နိုင်ရမယ်၊ နိုင်ငံခြားဘဏ်တွေနဲ့လည်း ယှဉ်ပြိုင်နိုင်ရမှာ ဖြစ်ပါတယ်။ ဒီလိုမျှတတဲ့ ယှဉ်ပြိုင်မှုတွေရှိလာမယ်ဆိုရင် တောင်သူလယ်သမားတွေ အပါအဝင် ကျွန်မတို့ ပြည်သူတစ်ရပ်လုံး အကျိုးရှိစေမှာဖြစ် ❞**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။






ကြေးမုံ

# တီထွင်ဆန်းသစ်မှုဖြင့် ဖွံ့ဖြိုးမှုကိုဦးတည်

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့အနောက်တောင်ဘက် ၁၆ မိုင် ၃ ဖာလုံအကွာတွင် မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းဖွင့်ပွဲကို ဇွန်လ ၂၇ ရက်နေ့က ကျင်းပခဲ့သည်။ မြန်မာနိုင်ငံတွင် တီထွင်ဆန်းသစ်မှု ကဏ္ဍသစ်တစ်ခုကို ပထမဆုံးစတင်ဖွင့်လှစ်သည့်နေ့တစ်နေ့ဟုဆိုရမည်ဖြစ်သည်။ အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံတွင် အမြဲတမ်းဆန်းသစ်တီထွင်နိုင်မည့် စိတ်ဓာတ်များ လိုအပ်နေပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ပတ်ဝန်းကျင်အခြေအနေနှင့်လိုက်၍ လုပ်ရပါကြောင်း၊ ယခုဆိုလျှင် နေရောင်ခြည်ဓာတ်အားပေးစနစ်နှင့်ပတ်သက်၍ အားနည်းချက်များ ရှိသည်ဆိုသော်လည်း ဓာတ်အားပေးစနစ်များအားလုံးလိုလိုတွင် သူ့အားနည်းချက်နှင့်သူ ရှိသလို၊ အားသာချက်လည်းရှိပါကြောင်း၊ ယင်းတို့ အားလုံးကိုတွက်၍ အကောင်းဆုံးရွေးချယ်ကာ လုပ်ရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယခုအခါ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲခြင်း၊ ပျက်စီးခြင်းများကြောင့် မိမိတို့နိုင်ငံတွင် အဓိကအားထားလုပ်ကိုင်နေသော ရေအားလျှပ်စစ်ဓာတ်အားပေးစနစ်များသည် လုံခြုံစိတ်ချမှု၊ ရေရှည်ရရှိနိုင်မှု ရှိ၊ မရှိတို့ကို ဆန်းစစ်လေ့လာကြည့်ရမည်ဖြစ်ပြီး အခြေအနေတစ်ရပ်ရပ်ကြောင့် ရေအားအသုံးပြုမှု အခက်အခဲရှိနိုင်သည်ကို သတိမူရမည်ဖြစ်သည်။ ထို့ကြောင့် အချိန်ကာလပြောင်းလဲသည်နှင့်အမျှ၊ သဘာဝပတ်ဝန်းကျင် ပြောင်းလဲသည်နှင့်အမျှ မိမိတို့၏နည်းပညာများကို ပြောင်းနိုင်သည့်၊ ပြောင်းရဲသည့် အရည်အချင်းရှိရန် အလွန်အရေးကြီးကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မှာကြားခဲ့သည်။

ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားရရှိရေးကို နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ကိုင်လျက်ရှိကြရာ လေအားလျှပ်စစ်နှင့် နေအားလျှပ်စစ်တို့သည် အရင်းအနှီးအကြီးမားဆုံးဖြစ်ပြီး ရေအားလျှပ်စစ်သည် အရင်းအနှီးအသက်သာဆုံး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ကို အဓိကအားထားအသုံးပြုလျက်ရှိရာ ရာသီဥတုပြောင်းလဲမှုနှင့်ကြုံတွေ့သောအခါတွင် အခက်အခဲများနှင့်ကြုံတွေ့နိုင်သည်ကို ဓာတ်အားပြတ်တောက်မှုများက သက်သေပြနေပါသည်။

ရေအားလျှပ်စစ်သည် မိုးရေ၊ သဘာဝရေကို အဓိကအားထားရသောကြောင့် မိုးခေါင်သည့်ရာသီကာလတွင် ပြဿနာရှိနိုင်ပါသည်။ ဓာတ်အားပေးစီမံကိန်းတွင် ရေမရှိလျှင် လျှပ်စစ်ဓာတ်အား ရရှိတော့မည် မဟုတ်ပါ။ ယခုအခါ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်းတို့ကို တစ်လှည့်စီကြုံတွေ့နေပါသည်။ ယင်းကို သတိမူ၍ အခြားသဘာဝစွမ်းအင်မှ ရရှိနိုင်မည့်နည်းလမ်းများကို တီထွင်ကြံဆ လုပ်ကိုင်ကြရမည်ဖြစ်ပါသည်။

နေရောင်ခြည်သုံးစွမ်းအင်လုပ်ငန်းသည် အရင်းအနှီးကြီးမားသည်ဆိုသော်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်လိုအပ်သည့် နေရောင်ခြည်စွမ်းအင်ကို စဉ်ဆက်မပြတ်ရရှိနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးသည် ပူပြင်းခြောက်သွေ့ပြီး မိုးခေါင်ရေရှားသည့် ဒေသကြီးဖြစ်၍ နေရောင်ခြည်စွမ်းအင်ကို လုံလောက်အောင်ထုတ်လုပ်နိုင်ပြီး ထိုဒေသပတ်ဝန်းကျင်နေ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားပေးဝေနိုင်မည်ဖြစ်သည်။ သို့တည်းမဟုတ် အရန်ဓာတ်အားပေးစနစ်၊ ဖြည့်စွက်ဓာတ်အားပေးစနစ် ပြုလုပ်ပေးနိုင်ပါသည်။

နေရောင်ခြည်သုံးဓာတ်အားပေးစက်ရုံသည် အခြားဓာတ်အားပေးစက်ရုံများကဲ့သို့ လောင်စာလိုအပ်မှုမရှိခြင်း၊ ထိန်းသိမ်းပြုပြင်မှုစရိတ်သက်သာခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချပေးနိုင်ခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုရရှိစေခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းစေသော စွန့်ထုတ်မှုနည်းပါးခြင်း စသည့် အားသာချက်များစွာရှိပြီး အခြားဓာတ်အားပေးစနစ်ထက် အားနည်းချက်များကို နည်းပညာသစ်များပေါ်ထွန်းလာသည်နှင့်အမျှ ဖယ်ရှားသွားနိုင်မည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲလာမှုကြောင့် ပေါ်ပေါက်လာနိုင်သော သဘာဝအခြေအနေပြောင်းလဲမှုများကို သတိမူ၍ နည်းပညာတီထွင်ဆန်းသစ်မှုကို အခြေခံသည့် နေရောင်ခြည်သုံးဓာတ်အားပေးစနစ်သစ်ပေါ်ထွန်းလာမှုကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း။ ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ဝန်ထမ်းရေးရာနှင့် အဖွဲ့အစည်းရေးရာကော်မတီ ဒုတိယအကြီးအကဲ၊ အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ကိုယ်စားလှယ်များရေးရာကော်မရှင် အကြီးအကဲ Mr. Tran Van Tuy အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံလွှတ်တော်များ၏ ဖွဲ့စည်းဆောင်ရွက်ပုံနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ အထွေထွေရွေးကောက်ပွဲကျင်းပမှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များအပြင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# နည်းပညာဆိုင်ရာ လုံခြုံမှုအဆင့်မြှင့် ခ၊ ဂ၊ ဃ နှင့် င ယာဉ်မောင်းလိုင်စင် Smart Cardများကို ကောက်ခံသည့်နှုန်းထား ပြောင်းလဲခြင်းမရှိဘဲ ဇူလိုင် ၁ ရက်မှ စတင်ပြောင်းလဲထုတ်ပေးသွားမည်

**နေပြည်တော် ဇွန် ၂၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လက်ရှိထုတ်ပေးလျက်ရှိသော Smart Card ယာဉ်မောင်းလိုင်စင်များကို မသမာသူများက အခကြေးငွေရယူ၍ မရိုးမသားတုပပြုလုပ်ဆောင်ရွက်မှုများရှိသဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ဖော်ထုတ်ဖမ်းဆီးခဲ့ရာ စုစုပေါင်း တရားခံ ၁၇ ဦး အပါအဝင် ယာဉ်မောင်းလိုင်စင်ကတ်အတုများ၊ အတုပြုလုပ်သည့် စက်နှင့်ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။ ထိုသို့ယာဉ်မောင်းလိုင်စင် အတုပြုလုပ်ခြင်းများ အလွယ်တကူ မဆောင်ရွက်နိုင်စေရန်နှင့် နိုင်ငံတကာအဆင့်မီ လုံခြုံမှုအစီအမံများပါဝင်သည့် Smart Card ယာဉ်မောင်းလိုင်စင်များဖြစ်စေရန် ရည်ရွယ်၍ လုံခြုံမှုအဆင့်မြှင့်တင်ခြင်းအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဆင့်မြှင့်တင်ထားသည့် Smart Card ယာဉ်မောင်းလိုင်စင်များ၏ စစ်မှန်မှုနှင့်စပ်လျဉ်း၍ Chip အတွင်းထည့်သွင်းထားသည့် အချက်အလက်များအား Chip Reader အသုံးပြု၍လည်းကောင်း၊ QR Code အတွင်းထည့်သွင်းထားသည့် အချက်အလက်များအား QR Code Scanner အသုံးပြု၍လည်းကောင်း ကိုင်ဆောင်သူအနေဖြင့် အလွယ်တကူစိစစ်နိုင်မည်ဖြစ်သည်။

ထိုသို့ နည်းပညာဆိုင်ရာ လုံခြုံမှုအဆင့်မြှင့်တင်ထားသည့် ခ၊ ဂ၊ ဃနှင့် င ယာဉ်မောင်းလိုင်စင် Smart Card များကို ကောက်ခံသည့်နှုန်းထား ပြောင်းလဲခြင်းမရှိဘဲ ဇူလိုင် ၁ ရက်မှ စတင်ပြောင်းလဲထုတ်ပေးသွားမည်ဖြစ်ပြီး ယာဉ်မောင်းလိုင်စင် အသစ်ထုတ်ပေးခြင်း၊ နှစ်လဲ ဆောင်ရွက်ခြင်း၊ ပျက်စီးနှင့်ပျောက်ဆုံးမိတ္တူဆောင်ရွက်ခြင်း၊ နယ်ဝင်၊ နယ်ထွက်ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများဆောင်ရွက်စဉ်တွင်ဖြစ်စေ၊ လက်ရှိ သက်တမ်းရှိယာဉ်မောင်းလိုင်စင်ကတ်များကို ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူ၏ဆန္ဒအရ အသစ်ပြောင်းလဲ ကိုင်ဆောင်လိုကြောင်း လျှောက်ထားလာလျှင်ဖြစ်စေ ပြောင်းလဲထုတ်ပေးသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။ **သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက်ကိုစိုး**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၂၈**

ရန်ကုန်(ရွှေဈေး) ၁၁၁၅၀၀၀ - ၁၁၁၅၀၀၀ မန္တလေး(ရွှေဈေး) ၁၁၁၅၀၀၀ - ၁၁၁၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၅/၉၂၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၉၀၅ ကျပ် | ၉၄၀/၉၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၈၁၅ ကျပ် | ၈၄၀/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၅/၉၃၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၇၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၂၅.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၀.၆၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၃၈၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၅၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၅၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၇.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၁.၁၄ |
| (ဈ) သြစတြေးလျ အ | တစ်ဒေါ်လာ | = | ၁၀၆၂.၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၉.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်မှ စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ ဒီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

◆ ရှေ့ဖုံးမှ

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီနေ့ တွေ့ဆုံပွဲကို ဒေသခံတောင်သူလယ်သမား နှစ်ထောင်နီးပါး တက်ရောက်ကြတယ်လို့ သိရပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေနဲ့ ကုန်သည်၊ စက်ပိုင်ရှင်တွေ တက်ရောက်လာတယ်ဆိုတာ သိရပါတယ်။ အုပ်ချုပ်ရေးပိုင်းက ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူတွေလည်း တက်ရောက်ကြပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီကနေ့ တက်ရောက်လာတဲ့သူတွေ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြဖို့၊ တစ်ဦးနဲ့တစ်ဦး စာနာနားလည်စိတ်နဲ့ ရိုင်းပင်းကူညီကြဖို့ အထူးပဲအရေးကြီးလှပါတယ်။ အထူးသဖြင့် ကျွန်မတို့ရဲ့ တောင်သူလယ်သမားတွေနဲ့ ကုန်သည်၊ စက်ပိုင်လုပ်ငန်းရှင်တွေအကြားမှာ ခိုင်မာပြီး ရေရှည်တည်တံ့တဲ့ ဆက်ဆံမှု၊ နားလည်မှု၊ စာနာမှုတွေရှိရမှာ ဖြစ်ပါတယ်။

"ဒီလိုဆက်ဆံမှုမျိုးတွေ တည်ဆောက်နိုင်အောင် အစိုးရဌာနဆိုင်ရာတွေကလည်း တောင်သူလယ်သမားတွေရဲ့ လိုအပ်ချက်၊ လယ်ယာစီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီတွေရဲ့ လိုအပ်ချက်တွေကို နည်းမှန်လမ်းမှန် ကူညီဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဌာနဆိုင်ရာ အပိုင်းမှာဆိုရင် မြေစာရင်းဌာန၊ ဆည်မြောင်းဌာန၊ စိုက်ပျိုးရေးဌာန၊ စက်မှုလယ်ယာဌာနတွေဟာ တောင်သူလယ်သမားတွေနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး နိုင်ငံတော်အစိုးရကိုယ်စား ဝန်ဆောင်မှုပေးနေရတာဖြစ်လို့ ဒီဌာနတွေအနေနဲ့ တောင်သူလယ်သမားတွေကို ရင်းနှီးနွေးထွေးစွာ ကူညီပေးဖို့ လိုပါတယ်။ နီးနီးစပ်စပ် အတူတကွ ပုံမှန်ထိတွေ့ဆက်ဆံပြီး လုပ်ပေးနိုင်တာတွေကို လုပ်ပေးရမှာဖြစ်ပါတယ်။ လုပ်ပေးရမှာတွေကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လုပ်ဆောင်ပေးဖို့၊ မလုပ်ပေးနိုင်သေးတဲ့ ကိစ္စတွေကိုဆိုရင်လည်း မလုပ်ပေးနိုင်ရတဲ့ အကြောင်းရင်းကို ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်းရှင်းပြပေးဖို့ လိုအပ်ပါတယ်။

"နိုင်ငံတော်အစိုးရအနေနဲ့ ငွေကြေး၊ ဘတ်ဂျက်နဲ့ ဓနအင်အား အကန့်အသတ်ရှိတာကြောင့် ဦးစားပေးအလိုက် သုံးသပ်ရွေးချယ်ပြီးမှ ကြိုးပမ်းဆောင်ရွက်ပေးနေရတဲ့ အနေအထားဖြစ်ပါတယ်။ ဒီအခြေအနေကိုလည်း ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေ သိရှိကြဖို့နဲ့ နားလည်လက်ခံပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကိစ္စတွေ တော်တော်များများကလုပ်ဖို့ဆိုရင် နောက်ကနေ ငွေလိုက်ဖို့က အင်မတန်မှ လိုအပ်ပါတယ်။ ကျွန်မတို့နိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ လုပ်ချင်တာ လုပ်ဖို့ဆိုတာ ငွေအား၊ ဓနအင်အားက မရှိသေးပါဘူး။ ရှိဖို့ဆိုတာ အားလုံး ဝိုင်းဝန်းပြီး ကူညီမှ ဖြစ်ပါလိမ့်မယ်။ ဒီတော့ အခုမဖြစ်နိုင်သေးဘူးဆိုရင် ကျွန်မတို့ အစိုးရကတော့ ပွင့်ပွင့်လင်းလင်းပဲ ရှင်းပြပါတယ်။ အခုအချိန်မှာတော့ မဖြစ်နိုင်သေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အခြေအနေတွေက မပေးလို့၊ ဘာတွေ လိုအပ်ချက်တွေရှိတယ်ဆိုတာ ကျွန်မတို့ ရှင်းပြပါတယ်။ အဲဒါတွေ ရှင်းပြရမှာက အစိုးရရဲ့တာဝန်ဖြစ်သလို ဒီလို ရှင်းပြချက်တွေကို ရဖို့ဆိုတာကလည်း တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးဖြစ်ပါတယ်။ အခွင့်အရေးနဲ့ တာဝန်ဆိုတာ လူတိုင်းမှာရှိပါတယ်။ ကျွန်မတို့ အစိုးရဘက်မှာလည်း တာဝန်ရှိတယ်။ အခွင့်အရေးရှိတယ်။ တောင်သူလယ်သမားကြီးတွေဘက်မှာလည်း အခွင့်အရေးရှိတယ်။ တာဝန်ရှိတယ်။ နှစ်ဦးနှစ်ဖက်က အခွင့်အရေးကိုရော၊ တာဝန်ကိုရော တန်းတူညီမျှ တန်ဖိုးထားပြီး လုပ်သွားမယ်ဆိုရင် ဘယ်လိုပဲ ပြဿနာတွေရှိရှိ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဒေသခံပြည်သူများက ဓနုဖြူမြို့နယ် အားကစားကွင်း၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**တောင်သူလယ်သမားများအတွက် မြေယာကိစ္စ ဦးစားပေး**

"ကျွန်မတို့ရဲ့ တောင်သူလယ်သမားဦးကြီးများအတွက်ဆိုရင် အဓိကကျတဲ့ မြေအသုံးချမှုနဲ့ ပတ်သက်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို လွယ်ကူရှင်းလင်းအောင်၊ လက်တွေ့လုပ်ဆောင်ရာမှာ အခက်အခဲမရှိအောင် တတ်နိုင်သမျှ ဦးစားပေးပြီး ပြင်ဆင်ရေးဆွဲတာတွေ ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေတွေကို အထူးဦးစားပေးပြီး လွှတ်တော်အဖွဲ့အစည်း အသီးသီးက အစိုးရဌာနတွေနဲ့ ညှိနှိုင်းပြီးလုပ်ကိုင်နေတာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အရင်တုန်းက အကြောင်းအမျိုးမျိုးနဲ့ သိမ်းဆည်းခဲ့တဲ့ လယ်ယာမြေတွေကို မူလပိုင်ရှင်တွေထံ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ဖို့ကိုလည်း နိုင်ငံတော်သမ္မတရုံးက ဦးစီးပြီးတော့ အလေးပေး ဆောင်ရွက်လျက်ရှိပါတယ်။

"ကျွန်မအနေနဲ့ နိုင်ငံအနှံ့အပြားက ပြည်သူတွေနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံရတဲ့ အခါမှာ ဘယ်နေရာပဲ ရောက်ရောက် လူထုက တင်ပြတဲ့အထဲမှာ လယ်ယာမြေကိစ္စက ထိပ်ဆုံးက အများဆုံးဖြစ်နေတာကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း လယ်ယာမြေပြဿနာတွေကို အမြန်ဆုံး ပြီးပြတ်အောင် ဆောင်ရွက်ပေးဖို့ တွန်းအားပေးနေရတာဖြစ်ပါတယ်။ အချိန်ကာလ သတ်မှတ်ချက်တွေ သတ်မှတ်ထားပေမယ့် လက်တွေ့မြေပြင်မှာ နှစ်နဲ့ချီပြီး စောင့်ဆိုင်းနေရတဲ့ ကိစ္စရပ်တွေ အများကြီး ကျန်နေသေးတယ်ဆိုတာကိုလည်း စိစစ်တွေ့ရှိရပါတယ်။ ဝန်ထမ်းအင်အား မလုံလောက်လို့လား၊ လုပ်ထုံးလုပ်နည်းတွေကပဲ ကြန့်ကြာနေတာလား၊ တာဝန်ယူ၊ တာဝန်ခံမှုမရှိဘဲ ဟိုဘက်ဒီဘက် စာတွေလွှဲနေလို့ မပြီးပြတ်တာလား၊ ဒါတွေကို သေသေချာချာ သုံးသပ်လေ့လာပြီး လိုအပ်တာမှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကို တိုက်တွန်းအားပေးနေရပါတယ်။

"ကျွန်မတို့ တွေ့ရတာကတော့ ဒီလိုမြေတွေနဲ့ ပတ်သက်ရင် သိမ်းထားတဲ့သူတွေက ပြန်မပေးချင်လို့ အချိန်ဆွဲတာတွေလည်း ရှိပါတယ်။ တချို့ဟာတွေကျတော့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေက လုပ်ထုံးလုပ်နည်းတွေဟာ မပီပြင်လို့ မကြန့်ကြာသင့်ဘဲနဲ့ ကြန့်ကြာနေတာတွေလည်း ရှိပါတယ်။ အဲဒီအထဲမှာလည်း တစ်ခါတလေ မြေတွေနဲ့ပတ်သက်လို့ မူလပိုင်ရှင်ပါဆိုပြီးတော့ ပြန်ပြီးတောင်းတဲ့သူတွေကလည်း ပြည့်ပြည့်စုံစုံ အထောက်အထားမရှိတာတို့၊ တစ်ခါတလေလည်း မမှန်မကန်ဘဲနဲ့ တောင်းတာတို့ ဒါတွေလည်း ရှိပါတယ်။ အဲဒီတော့ အားလုံးဘက်ကနေပြီးတော့ ဖြောင့်ဖြောင့်မှန်မှန်နဲ့ ကိုယ်လုပ်ရမယ့် တာဝန်ကို ကျေပွန်ဖို့ဟာ သိပ်အရေးကြီးပါတယ်။ ဒါမှလည်း မြေယာကိစ္စတွေကို အမြန်ဆုံး ဖြေရှင်းနိုင်မှာပါ။ ဒီ ဖေဖော်ဝါရီလမှာတော့ ဖေဖော်ဝါရီ ကနဦးပိုင်း ဝန်ကြီးချုပ်က ဆွေးနွေးတဲ့အခါမှာ တချို့ပြန်ပေးရမယ့် ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေက ပြန်ပေးတဲ့နေရာမှာ နှောင့်နှေးနေတယ်ဆိုတာ ကြားရပါတယ်။ နှောင့်နှေးနေတဲ့ပုဂ္ဂိုလ်များ မနှောင့်နှေးဖို့ တိုက်တွန်းပါရစေ။ ကိုယ်မပိုင်ဆိုင်တဲ့ကိစ္စကို ဘာဖြစ်လို့ ကပ်ပြီး ဖက်တွယ်နေကြရမှာလဲ၊ မြန်မြန်ဆန်ဆန် ပြန်ပေးလိုက်တော့ အားလုံးအတွက်လည်း ကောင်းပါတယ်။ ကျွန်မတို့နိုင်ငံအတွက်လည်း ကောင်းပါတယ်။ ကျွန်မတို့နိုင်ငံဟာ အခုထက်ထိ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်တာကြောင့် လယ်ယာမြေကိစ္စဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ကိုယ်မပိုင်ဆိုင်တာ ကိုယ်ပြန်ပေးရမယ့်မြေတွေကို မြန်မြန်ဆန်ဆန် ပြန်ပေးခြင်းဟာ ကိုယ့်အတွက်လည်း သိက္ခာရှိတယ်၊ ကိုယ့်ရဲ့နိုင်ငံအတွက်လည်း အကျိုးရှိတယ်ဆိုတာကို နှလုံးသွင်းပြီးတော့ မြန်မြန်ဆန်ဆန်ဖြစ်အောင် သက်ဆိုင်သူများက ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။

"တစ်ဆက်တည်းမှာပဲ လယ်ယာမြေနဲ့ ပတ်သက်လာရင် ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေ အခက်အခဲဖြစ်စေတဲ့ ကိစ္စတွေကိုလည်း လေ့လာသုံးသပ်နေပါတယ်။ ဥပမာအားဖြင့် မကြာသေးခင်ကပဲ ပြည်ပဈေးကွက် အပြောင်းအလဲတွေကြောင့် ပြည်တွင်းက စိုက်ပျိုးသီးနှံတွေ ရွေးချယ်စိုက်ပျိုးမှုအပေါ်မှာ ကြီးကြီးမားမား သက်ရောက်စေခဲ့ပြီး အခက်အခဲတွေ ဖြစ်ပေါ်စေခဲ့တာမျိုးတွေလည်း ကြုံတွေ့ခဲ့ကြရပြီး ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာမြေတွေမှာ သီးနှံတစ်မျိုးကနေ အခြားတွက်ခြေကိုက်တဲ့ သီးနှံတစ်မျိုးပြောင်းလဲပြီး စိုက်ပျိုးနိုင်အောင်၊ ဈေးကွက်အနေအထားအရ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်အောင် ကျွန်မတို့ အစိုးရအနေနဲ့ မူဝါဒပိုင်းကနေ ကူညီပေးရမှာဖြစ်ပါတယ်။

"တောင်သူ လယ်သမားကြီးတွေ ကိုယ်တိုင်ကလည်း ကြိုးစားရမှာ ဖြစ်ပါတယ်။ မြန်မြန်ဆန်ဆန် ပြောင်းလဲနေတဲ့ခေတ်ကြီးမှာ နှေးနေလို့မရပါဘူး၊ တစ်နှစ်နဲ့တစ်နှစ်တောင် မဟုတ်ဘူး၊ တစ်လနဲ့တစ်လ၊ ရာသီဥတုရဲ့ အနေအထားအရ၊ ကမ္ဘာ့ဈေးကွက်ရဲ့ အနေအထားအရ ကျွန်မတို့ရဲ့တောင်သူလယ်သမားကြီးတွေအတွက် အသင့်တော်ဆုံး၊ ကျွန်မတို့နိုင်ငံအတွက်လည်း အကျိုးအမြတ်အရှိဆုံး ဘယ်လိုဟာမျိုးတွေ စိုက်သင့်သလဲဆိုတာ တစ်ချိန်လုံးလေ့လာနေဖို့လိုပါတယ်။ အစိုးရပိုင်းကနေ အကူအညီပေးရမှာကတော့ ပေးရမှာပါပဲ၊ တောင်သူလယ်သမားကြီးတွေ ကိုယ်တိုင်က ကိုယ့်ဟာကိုယ် လေ့လာချင်တဲ့ စိတ်ရှိဖို့လိုပါတယ်။ ကြုံတုန်းပြောရရင် ရာသီဥတုပြောင်းလဲမှုကြောင့် အရင်တုန်းက အင်မတန်မှဖြစ်ထွန်းတဲ့ သီးနှံတွေက အခု ဖြစ်ချင်မှဖြစ်မှာပါ၊ ဒါကြောင့် အရင်တုန်းက စိုက်ပျိုးပုံ စိုက်ပျိုးနည်းတွေနဲ့ အခုဖြစ်ချင်မှ ဖြစ်မှာ။ အဲဒါတွေကိုလည်း တစ်ချိန်လုံး သတိပြုပြီးတော့ ခေတ်နဲ့အညီ၊ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ ကိုယ်ကိုယ်တိုင်က စိုက်ပျိုးနည်းတွေ၊ စိုက်ပျိုးတဲ့အပင်တွေ ဘာတွေ ပြောင်းလဲရမလဲဆိုတာကို တစ်ချိန်လုံး လေ့လာသုံးသပ်ပြီး အမြန်ဆုံး ပြောင်းလဲသင့်တဲ့နေရာမှာ ပြောင်းလဲစေချင်ပါတယ်။ အဲဒါကို စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက တတ်နိုင်သမျှ ပညာဖြန့်ဝေခြင်းအားဖြင့် ကူညီလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

"စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းကိုလုပ်ကိုင်အသက်မွေးတဲ့ တောင်သူလယ်သမားကြီးတွေဟာ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးအတွက်သာမက ကျွန်မတို့ ပြည်သူတွေရဲ့ စားနပ်ရိက္ခာဖူလုံရေးအတွက်ပါ အင်မတန်အရေးကြီးပါတယ်။ ဒီလို အရေးကြီးတာကြောင့်လည်း တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းထားရှိပြီး တောင်သူလယ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရရှိအောင်၊ လယ်ယာထွက်ကုန်တွေအတွက် သင့်တင့်မျှတတဲ့ ဈေးကွက်ဈေးနှုန်းရရှိအောင်၊ တောင်သူလယ်သမားတွေရဲ့အကျိုးစီးပွားကို တတ်နိုင်သမျှ ဖော်ဆောင်ပေးနိုင်အောင် ရည်ရွယ်ပြီး ဥပဒေပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

"ဒီဥပဒေကို အကောင်အထည်ဖော်ဖို့အတွက် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခေါင်းဆောင်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အတွင်းရေးမှူးဖြစ်ပါတယ်။ တိုင်းဒေသကြီးများနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေကလည်း အဖွဲ့ဝင်တွေ ဖြစ်ပါတယ်။ ဥပဒေရဲ့ရည်ရွယ်ချက်၊ ဥပဒေမှာ ဖော်ပြထားချက်တွေကို အခြေခံပြီး ကျွန်မတို့ရဲ့တောင်သူလယ်သမားတွေအတွက် ကြိုးစားအားထုတ် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

"ဒီအဖွဲ့အနေနဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့ လိုအပ်မှုတွေ ရှိနေသေးတယ်ဆိုရင်လည်း ကျွန်မတို့ တောင်သူလယ်သမားကြီးတွေအနေနဲ့ တောင်းဆိုပိုင်ခွင့်၊ တိုက်တွန်းပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့်ရှိရမှာ ဖြစ်ပါတယ်။ ဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ ဆောင်ရွက်ပေးရမယ့်လုပ်ငန်းတွေကို ကျွန်မတို့အနေနဲ့ မဖြစ်မနေ ဦးစားပေး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်လို့ နည်းနည်း ပြောချင်ပါတယ်။ အစိုးရဟာ အုပ်ချုပ်ရေးတာဝန်ကို ယူကတည်းကစပြီး တရားဥပဒေစိုးမိုးရေးကို အဓိကလိုအပ်ချက်တစ်ခုလို့ သတ်မှတ်ထားပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တည်ငြိမ်မှု၊ အေးချမ်းမှုအတွက်ဆိုတာ တရားဥပဒေစိုးမိုးရေးက အင်မတန်အရေးကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းမှုမရှိဘူးဆိုရင် ဘယ်လိုမှ တိုးတက်နိုင်မှာမဟုတ်ပါဘူး။ **စာမျက်နှာ ၄ သို့** ◆

◆ စာမျက်နှာ ၃ မှ
ဥပဒေဆိုတာ တစ်ဖက်သတ် မဟုတ်ပါဘူး။ ဥပဒေဆိုတာ အားလုံးကိုကာကွယ်ထားဖို့ ဖြစ်ပါတယ်။ ဥပဒေအထက်မှာက ဘယ်သူမှ မရှိဘူး။ အားလုံးအတွက် မျှမျှတတဖြစ်ရမယ်။ ဥပဒေတွေဟာ အကယ်၍ မမျှတဘူး၊ ခေတ်နဲ့ မညီဘူးလို့ထင်ရင် ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်တွေက ပြောင်းသင့်ပြောင်းထိုက်တာကို ပြောင်းရမှာ ဖြစ်ပါတယ်။

"အဲဒါကြောင့် တရားဥပဒေစိုးမိုးရေးကို အလေးထားပါ။ တည်ဆဲဥပဒေတွေကို လေးစားလိုက်နာဖို့ လိုပါတယ်။ အကယ်၍ တည်ဆဲဥပဒေတွေဟာ မမျှတဘူး၊ မသင့်တော်ဘူးလို့ထင်ရင် ပြည်သူ ပြည်သားအားလုံးဟာ ဥပဒေတွေ ပြင်သင့်ကြောင်း ကိုယ့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်ကနေ တစ်ဆင့် တင်ပြလို့ရပါတယ်။ လွှတ်တော်ဆိုတာ ဥပဒေပြုမဏ္ဍိုင်ဖြစ်ပါတယ်။ ဥပဒေတွေကို ပြင်ဖို့လိုရင် ဥပဒေဘောင်အတွင်းက ပြင်ရမယ်။ ဥပဒေတွေဟာ ဟိုဘက်၊ ဒီဘက် မျှမျှတတရှိတယ်ဆိုရင် အားလုံးက ဒီဥပဒေတွေကို လေးစားလိုက်နာရမှာ ဖြစ်ပါတယ်။ ကိုယ်နိုင်မှ ဥပဒေကို လိုက်နာတယ်ဆိုတာ တရားဥပဒေ စိုးမိုးရေးမဟုတ်ပါဘူး။ အဲဒါကို တော့ ကျွန်မ အားလုံးကို နှစ်ဖက်ကို သတိပေးလိုပါတယ်။ ဥပမာ- မြေပိုင်ဆိုင်မှုနဲ့ ပတ်သက်ရင် ဟိုဘက်၊ ဒီဘက် ကိုယ့်ဘက်က နိုင်သွားရင် ဥပဒေက ကောင်းတယ်လို့ ထင်ကြတယ်၊ ကိုယ့်ဘက်ရှုံးသွားတယ်ဆိုရင် ဥပဒေကို ကန့်ကွက်ကြတယ်။ ဒီလိုလုပ်လို့မရပါဘူး။ ဥပဒေဟာ မျှမျှတတဖြစ်ရမယ်။ မမျှတဘူးထင်ရင် ဥပဒေပြုလွှတ်တော်ကနေတစ်ဆင့် ပြင်ဖို့ကို ဥပဒေပြုဘောင်အတွင်းကနေ ကြိုးစားရမှာ ဖြစ်ပါတယ်။

**ဆန်စပါး အခြေခံဈေးနှုန်းသတ်မှတ်ရေး လုပ်ငန်းစဉ်**

"ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် မတ်လတုန်းက နေပြည်တော်မှာ ပြုလုပ်ခဲ့တဲ့ တွေ့ဆုံဆွေးနွေးပွဲမှာ ဆန်စပါးအတွက် အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်အရည်အသွေးပြည့်စုံရင် တင်းတစ်ရာကို ကျပ်ငါးသိန်းနှုန်း ကြေညာဆောင်ရွက်ပေးဖို့ ကျွန်မအနေနဲ့ အထူးအလေးပေး တိုက်တွန်းခဲ့ပါတယ်။ တိုက်တွန်းခဲ့တဲ့အတိုင်းလည်း အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်ကြေညာနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခြေခံဈေးနှုန်းဆိုတာ တစ်ရာသီပြီးရင် တစ်ရာသီ၊ တစ်နှစ်ပြီးရင် နောက်တစ်နှစ် ပြောင်းလဲကြေညာပေးနေရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာတော့ စိုက်ပျိုးရာသီမတိုင်မီ ပြည်တွင်း၊ ပြည်ပဈေးကွက် အခြေအနေတွေကို လေ့လာသုံးသပ်ပြီး ကြိုတင်ကြေညာပေးရပါတယ်။ ဒီလိုကြေညာပေးတဲ့ အခြေခံဈေးနှုန်းကို လေ့လာပြီး တောင်သူတွေက သူတို့အတွက် တွက်ခြေကိုက်တဲ့သီးနှံကို ရွေးချယ်စိုက်ပျိုးကြတဲ့ပုံစံမျိုးကို ဆောင်ရွက်ကြပါတယ်။

"ကျွန်မတို့နိုင်ငံမှာလည်း သီးနှံအားလုံး အတွက် မလုပ်နိုင်သေးရင်တောင် တောင်သူလယ်သမားအများစု စိုက်ပျိုးနေကြတဲ့ မြေပဲ၊ နှမ်း၊ ပြောင်း၊ ကြံ စတဲ့ အဓိက စိုက်ပျိုးသီးနှံတွေကို အခြေခံဈေးနှုန်းသတ်မှတ်နိုင်ဖို့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ မနှစ်က ဆန်စပါး အခြေခံဈေးနှုန်းကြေညာခဲ့ပြီး နောက် တစ်နှစ်ကျော်ကာလ အတွေ့အကြုံရဲ့ အားသာချက်၊ အားနည်းချက်တွေကို ပြန်လည်သုံးသပ်ပြီး အခြေခံဈေးနှုန်းကြေညာတဲ့ လုပ်ငန်းစဉ်နဲ့ ဈေးကွက်အတွင်း ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို အစိုးရအပိုင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်တွေအပိုင်းနဲ့ တောင်သူတွေအပိုင်းက မျက်ခြည်မပြတ်လေ့လာပြီး ရေရှည်ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရပိုင်းအနေနဲ့လည်း အခြေခံဈေးနှုန်းအောက် မရောက်အောင် မူဝါဒပိုင်းအရ ဖြစ်စေ၊ ပြည်ပနိုင်ငံအစိုးရတွေနဲ့ ချိတ်ဆက်ပြီး တင်ပို့ရောင်းချနိုင်အောင်ပဲ ဖြစ်စေ ကြိုးပမ်းလုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

"အခြေခံဈေးနှုန်းဟာ အခြေခံအကျဆုံး ဈေးနှုန်းဖြစ်လို့ ဒီအခြေခံဈေးအောက်ကို ရောက်မသွားအောင် သီးနှံတွေစုပြုံပေါ်ထွက်ချိန်မှာ ဝယ်လိုအားတိုးမြှင့်မယ့်အစီအစဉ်တွေကို ပုဂ္ဂလိကနဲ့ အစိုးရက ပူးပေါင်းလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ကျွန်မတို့က တခြားနိုင်ငံတွေနဲ့လည်း ဆွေးနွေးရတယ်ဆိုတာဟာ တစ်ခါတလေ ပြည်သူတွေက ဒီကိစ္စကို သိပ်ပြီး မသိကြဘူး။ တောင်သူလယ်သမားကြီးတွေကလည်း မသိကြဘူး။ ပဲဈေးတွေကျသွားတာဟာ အိန္ဒိယနိုင်ငံက အရင်တုန်းက ယူသလောက်မယူလို့ ဖြစ်သွားတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့က အိန္ဒိယနိုင်ငံနဲ့ ညှိနှိုင်းရပါတယ်။ နှစ်နိုင်ငံအတွင်း မိတ်ဆွေပီပီ ညှိနှိုင်းပြီးတော့ ဒီလိုကိစ္စတွေကို လုပ်ရပါတယ်။ တခြားနိုင်ငံတွေနဲ့ဆိုရင်လည်း

**"အခြေခံဈေးနှုန်းဟာ အခြေခံအကျဆုံးဈေးနှုန်းဖြစ်လို့ ဒီအခြေခံဈေးအောက်ကို ရောက်မသွားအောင် သီးနှံတွေစုပြုံပေါ်ထွက်ချိန်မှာ ဝယ်လိုအားတိုးမြှင့်မယ့် အစီအစဉ်တွေကို ပုဂ္ဂလိကနဲ့ အစိုးရက ပူးပေါင်းလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ကျွန်မတို့က တခြားနိုင်ငံတွေနဲ့လည်း ဆွေးနွေးရတယ်ဆိုတာဟာ တစ်ခါတလေ ပြည်သူတွေက ဒီကိစ္စကို သိပ်ပြီးမသိကြဘူး။ တောင်သူလယ်သမားကြီးတွေကလည်း မသိကြဘူး။ ပဲဈေးတွေကျသွားတာဟာ အိန္ဒိယနိုင်ငံက အရင်တုန်းက ယူသလောက်မယူလို့ ဖြစ်သွားတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့က အိန္ဒိယနိုင်ငံနဲ့ ညှိနှိုင်းရပါတယ်။ နှစ်နိုင်ငံအတွင်း မိတ်ဆွေပီပီ ညှိနှိုင်းပြီးတော့ ဒီလိုကိစ္စတွေကို လုပ်ရပါတယ်"**

ဒီအတိုင်းပါပဲ။ ကျွန်မတို့ဟာ ဘယ်နိုင်ငံနဲ့မဆို မိတ်ဖြစ်ဆွေဖြစ် ကောင်းကောင်းမွန်မွန် ဆက်ဆံပြီး ဟိုဘက်ဒီဘက် အကျိုးအမြတ်ရှိအောင် ညှိနှိုင်းပြီးလုပ်ရတဲ့ကိစ္စတွေ အများကြီး ရှိပါတယ်။

"အကြောင်းကြောင်းကြောင့် အခြေခံဈေးနှုန်းအောက် ဈေးကျသွားမယ်ဆိုရင်လည်း ဝယ်ယူရေးအစီအစဉ်တွေ၊ သိုလှောင်ရေးအစီအစဉ်တွေကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပြီး စနစ်တကျလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေဟာ တစ်ရာသီတည်းအတွက်၊ တစ်နှစ်တည်းအတွက် မဟုတ်ဘဲ တစ်ရာသီပြီးတစ်ရာသီ၊ တစ်နှစ်ပြီးတစ်နှစ် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။ ကျွန်မတို့ အစိုးရလက်ထက်မှာတင်မဟုတ်ပါဘူး။ နောင်အစိုးရအဆက်ဆက်ကလည်း တောင်သူလယ်သမားတွေအတွက်၊ ကျေးလက်နေပြည်သူလူထုအတွက် ဦးစားပေးပြီး ဥပဒေအရ ဆက်လက် လုပ်ကိုင်ဆောင်ရွက်ပေးသွားရမယ့် လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဈေးနှုန်းသတ်မှတ်ရေးဆိုတာ ဈေးကွက်အခြေအနေ၊ ထုတ်လုပ်မှုအနေအထား စတဲ့ အခြေခံအကြောင်းရင်းတွေကို အခြေပြုပြီး ရေရှည်အားဖြင့် စဉ်ဆက်မပြတ် ပြောင်းလဲပြင်ဆင်သွားရမယ့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်တယ်ဆိုတာကို အလေးထားပြီး တိုက်တွန်းမှာကြားလိုပါတယ်။

**စိုက်ပျိုးစရိတ်ချေးငွေ**

"ကျွန်မတို့အစိုးရအနေနဲ့ ရေတိုလုပ်ငန်းတွေကို တစ်ဖက်ကလုပ်သလို ရေရှည်အတွက် အကျိုးရှိမယ့်လုပ်ငန်းတွေကို ပိုမိုဦးစားပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့ တောင်သူလယ်သမားအများစု မှီခိုအားထား ကျွန်မတို့သိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းတွေ နှစ်တို၊ နှစ်လတ်ချေးငွေတွေကို ယခုထက်ပိုပြီး တိုးချဲ့ ဆောင်ရွက်နိုင်အောင်၊ ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် ကျွန်မတို့ ကြိုးစားနေပါတယ်။

"ဒီနေရာမှာ ကျွန်မတို့အစိုးရ တာဝန်ရယူခဲ့တဲ့ ၂၀၁၆ ခုနှစ်မှာ မိုးစပါးအတွက် တစ်ဧကကို ယခင်ကျပ်တစ်သိန်းကနေ ကျပ်တစ်သိန်းခွဲနှုန်းတိုးမြှင့်ပြီးထုတ်ပေးသလို ယမန်နှစ်က စတင်ပြီးတော့ ဆန်စပါးမဟုတ်တဲ့ အခြားသီးနှံတွေအတွက် ယခင် ကျပ်ငါးသောင်းနှုန်းကနေ ကျပ်တစ်သိန်းနှုန်းအထိ တိုးမြှင့်ထုတ်ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း တကယ်တမ်းကျတော့ ကျွန်မတို့ရဲ့တောင်သူလယ်သမားကြီးတွေအတွက် ပြည့်စုံလုံလောက်ဦးမှာ မဟုတ်သေးပါဘူး။ ဆက်လက်ပြီးတော့လည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကြေး အခြေအနေအပေါ် မူတည်ပြီး စိုက်ပျိုးစရိတ် ချေးငွေတွေကို တိုးမြှင့်ထုတ်ပေးသွားနိုင်ဖို့ တစ်ဆင့်ပြီးတစ်ဆင့် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားချင်ပါတယ်။

"ဒီနေရာမှာ ကျွန်မအနေနဲ့ ပုဂ္ဂလိကဘဏ်ကြီးတွေကို အထူးပဲ မေတ္တာရပ်ခံပြောကြားလိုပါတယ်။ လယ်ယာကဏ္ဍအတွက်၊ ကျွန်မတို့ရဲ့တောင်သူလယ်သမားကြီးတွေအတွက် လိုအပ်တဲ့ နှစ်တို၊ နှစ်ရှည် ချေးငွေတွေကို လုပ်ထုံးလုပ်နည်းတွေနဲ့အညီ တတ်နိုင်သမျှ ဦးစားပေးပြီးတော့ ထုတ်ချေးပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ပုဂ္ဂလိကဘဏ်ကြီးတွေဘက်ကလည်း ဘဏ်လုပ်ထုံးလုပ်နည်းနဲ့ ကိုက်ညီတဲ့ လယ်ယာစီးပွားရေးလုပ်ငန်းတွေကို ချေးငွေတွေ ထုတ်ပေးနိုင်မယ်ဆိုရင် နိုင်ငံပိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်



ဇလွန်မြို့နယ်မှ
တောင်သူ ဒေါ်သန်းသန်းဦး



ဆီဆုံကုန်းကျေးရွာမှ
တောင်သူ ဦးလှနိုင်စိုး

ရတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ရေရှည်မှာ အမှန်တကယ်ဖွံ့ဖြိုးရေးဘဏ် အဖြစ် ပီပီပြင်ပြင်ပေါ်ထွက်လာဖို့ ပြုပြင်ပြောင်းလဲရေးတွေကို နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ အကြံဉာဏ်တွေ၊ အကူအညီတွေရယူပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကျွန်မတို့ တောင်သူလယ်သမားကြီးတွေအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ အလွန်ပဲ အရေးကြီးတယ်ဆိုတာ

လိုမျိုးပဲ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ယှဉ်ပြိုင်မှုကို အားပေးပါတယ်။ မျှတတဲ့ ယှဉ်ပြိုင်မှု၊ ကောင်းမွန်တဲ့ ယှဉ်ပြိုင်မှု၊ ကျွန်မတို့ ပြည်သူတွေ အကျိုးရှိစေမယ့် ယှဉ်ပြိုင်မှုမျိုးဖြစ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံပိုင်ဘဏ်တွေကလည်း ပုဂ္ဂလိကဘဏ်တွေနဲ့ ယှဉ်ပြိုင်နိုင်ရမယ်၊ နိုင်ငံခြားဘဏ်တွေနဲ့လည်း ယှဉ်ပြိုင်နိုင်ရမှာ ဖြစ်ပါတယ်။ ဒီလိုမျှတတဲ့ ယှဉ်ပြိုင်မှုတွေ ရှိလာမယ်ဆိုရင် တောင်သူလယ်သမားတွေအပါအဝင် ကျွန်မတို့ ပြည်သူတစ်ရပ်လုံး အကျိုးရှိစေမှာဖြစ်ပါတယ်။

ကျွန်မတို့ တောင်သူလယ်သမားကြီးတွေကလည်း ကိုယ့်နိုင်ငံအတွင်းမှာ ယှဉ်ပြိုင်နေရမှာမဟုတ်ဘူး။ ကမ္ဘာနဲ့ချီပြီး ယှဉ်ပြိုင်နေရတယ်ဆိုတာ သတိပြုစေချင်ပါတယ်။ အခုခေတ်က ကိုယ့်နိုင်ငံအတွင်းမှာပဲ ကြိုက်သလို နေလို့မရပါဘူး။ တခြားနိုင်ငံတွေရဲ့ အခြေအနေကို ကျွန်မတို့ကြည့်ရပါတယ်။ တစ်ကမ္ဘာလုံးနဲ့ ယှဉ်ပြိုင်နေရတဲ့ခေတ်ကြီးမှာ ရှန်းကန်နေရတာ၊ တစ်ကမ္ဘာလုံးနဲ့ယှဉ်ပြိုင်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်နေရတာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ သူ့အချိန်နဲ့သူရှိပါတယ်။ အရှေ့တောင်အာရှအတွက် ဖွံ့ဖြိုးတိုးတက်ဖို့ ကောင်းတဲ့အချိန်တုန်းက မမီလိုက်တဲ့အခါမှာ အခုမှကြိုးစားအားထုတ်ပြီး လိုက်နေရတာ ဖြစ်ပါတယ်။ သို့သော်ငြားလည်း ဒီလိုကြိုးစားပြီး လိုက်နေတဲ့အချိန်မှာ ကျွန်မတို့နိုင်ငံဟာ အရှေ့တောင်အာရှထဲမှာ ဖွံ့ဖြိုးမှုနှုန်း အမြန်ဆုံးနိုင်ငံဖြစ်မယ်ဆိုပြီး ကမ္ဘာ့စီးပွားရေး အဖွဲ့အစည်းတွေက သတ်မှတ်ထားပါတယ်။ ဒါသည် ကျွန်မတို့အတွက် အားတက်စရာအချက်ဖြစ်သလို ကျွန်မတို့ကလည်း ကိုယ်လုပ်မှ ကိုယ်ရမယ်ဆိုတာကိုလည်း သတိပြုဖို့လိုပါလိမ့်မယ်။ ငါတို့ကတော့ ဖွံ့ဖြိုးမှုနှုန်း အတိုးတက်ဆုံးနိုင်ငံ ဖြစ်ပြီဆိုပြီး အေးအေးဆေးဆေး လုပ်လို့မရပါဘူး။ အေးအေးဆေးဆေးပဲဆိုရင် အဲဒီနှုန်းက ပြန်ပြီးတော့ကျသွားမှာ ဖြစ်ပါတယ်။ အားလုံးဝိုင်းပြီးကြိုးစားကြမှသာ တိုးတက်မှုနှုန်းကို ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ တစ်ကမ္ဘာလုံးနဲ့ယှဉ်ပြိုင်နေရတယ်ဆိုတဲ့ အသိလေးနဲ့ တောင်သူလယ်သမားကြီးတွေဘက်ကရော၊ ဘဏ်တွေဘက်ကရော၊ လုပ်ငန်းရှင်တွေဘက်ကရော အားလုံးကိုယ်စား ပြောချင်ပါတယ်။

**ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖိတ်ခေါ်**

"မကြာသေးခင်ကပဲ ကျွန်မတို့အစိုးရအနေနဲ့ နိုင်ငံတကာလုပ်ငန်းရှင်တွေကို ကျွန်မတို့ရဲ့လယ်ယာကဏ္ဍမှာ ဝင်ရောက်ပြီး ဝယ်ယူတင်ပို့ရောင်းချနိုင်ဖို့ မူဝါဒတွေ ခွင့်ပြုပေးခဲ့ပါတယ်။ အဓိကအားဖြင့် တန်ဖိုးမြှင့်ထုတ်လုပ်တဲ့ လယ်ယာထွက်ကုန်တွေအတွက် ဈေးကွက်တိုးချဲ့ပြီး လမ်းဖွင့်ပေးတဲ့သဘောဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်မတို့ရဲ့ ပြည်တွင်းလုပ်ငန်းရှင်ကြီးတွေအနေနဲ့ စိုးရိမ်ပူပန်စိတ်တွေ မဖြစ်စေလိုပါဘူး။ မျှတတဲ့ယှဉ်ပြိုင်မှုအတွက် အားလုံးက လုံ့လ၊ ဝီရိယ၊ ပညာ၊ သတ္တိတွေ စိုက်ထုတ်ပြီး ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ပြိုင်ဘက်လို့ မမြင်ဘဲ မိတ်ဖက်လို သဘောထားဆောင်ရွက်ကြမယ်ဆိုရင် နိုင်ငံတကာအတွေ့အကြုံတွေ၊ ကျွန်မတို့ မလုပ်နိုင်သေးတဲ့ သုတေသနနဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို နိုင်ငံတကာလုပ်ငန်းရှင်တွေဆီကနေ လေ့လာသင်ယူနိုင်မှာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာနဲ့ စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း လယ်ယာကဏ္ဍအတွက် တိုးမြှင့်ဖိတ်ခေါ် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေး**

"လယ်ယာလုပ်ငန်း လုပ်ကိုင်ကြတဲ့ တောင်သူလယ်သမားကြီးတွေကို တွေ့ဆုံခွင့်ရခိုက်မှာ ကျွန်မအနေနဲ့ အထူးမေတ္တာရပ်ခံလိုတာကတော့ စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေးပဲ ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း လယ်ယာကဏ္ဍဟာ ကျွန်မတို့နိုင်ငံရဲ့အဓိက အခြေခံဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ လယ်ယာထွက်ကုန်တွေဟာ ဂုဏ်သတင်းကောင်း၊ နာမည်ကောင်းတွေ ရှိခဲ့ပါတယ်။ လူတွေရဲ့ စားသောက်နေထိုင်မှုပုံစံတွေ ပြောင်းလဲတိုးတက်လာတာနဲ့အမျှ ဘေးကင်းလုံခြုံတဲ့ စားနပ်ရိက္ခာတွေကို ပိုမိုပြီးတောင်းဆိုလာကြပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေအနေနဲ့ ပိုးသတ်ဆေးတွေ၊ ဓာတုဆေးဝါးတွေကို မဖြစ်မနေလိုအပ်မှသာ ချင့်ချိန်သုံးစွဲကြဖို့ တိုက်တွန်းလိုပါတယ်။

"ကျွန်မတို့က တစ်ကမ္ဘာလုံးနဲ့ ယှဉ်နေရတာဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးက သတ်မှတ်ထားတဲ့စံကို မီဖို့လိုပါတယ်။ ဖွံ့ဖြိုးပြီးကြွယ်ဝချမ်းသာတဲ့နိုင်ငံတွေမှာ သူတို့ရဲ့ကျန်းမာရေးအတွက် ဂရုစိုက်ပါတယ်။ သူတို့သုံးတဲ့ အစားအစာတွေဟာ ကျန်းမာရေးနဲ့ ကိုက်ညီရဲ့လားဆိုတာ အလေးထားပြီး လေ့လာပါတယ်။ ကျွန်မတို့နိုင်ငံကထွက်တဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေဟာ ကမ္ဘာကသတ်မှတ်ထားတဲ့ စံနှုန်းတွေနဲ့ မကိုက်ညီဘူးဆိုရင် ကမ္ဘာ့ဈေးကွက်မှာ ထဲထဲဝင်ဝင်တိုးဖို့ဆိုတာ ခက်သွားပါလိမ့်မယ်။ ရေရှည်ကိုကြည့်ပြီးတော့ အမြန်ဖြစ်နိုင်မယ့်အရာကိုပဲ မစဉ်းစားဘဲနဲ့ ပိုးသတ်ဆေးတွေသုံးလိုက်တော့ မြန်မြန်ပိုးသေပေမယ့် အဲဒီရဲ့အကျိုးဆက်က ကိုယ့်ရဲ့ထွက်ကုန်တွေကို ရသင့်သလောက် ဈေးလည်းမရဘူး။ ရောင်းလို့ရနိုင်တဲ့အဆင့်ထိလည်း ရောင်းလို့မရဘူး ဖြစ်သွားမှာ ဖြစ်ပါတယ်။ ရေတိုကို မကြည့်ပါနဲ့၊ ရေရှည်ကိုကြည့်ပြီးတော့ ပိုမိုအပင်ပန်းခံပြီးတော့ ကမ္ဘာ့စံနှုန်းနဲ့ ကိုက်ညီမယ့် စားသောက်ကုန်တွေထွက်ဖို့ကို အလေးထားစေချင်ပါတယ်။

"မလိုအပ်ဘဲ ဓာတုဆေးဝါးတွေ အလွန်အကျွံသုံးစွဲရင် ကျွန်မတို့နိုင်ငံက လယ်ယာထွက်ကုန်တွေဟာ ပြည်တွင်း၊ ပြည်ပဈေးကွက်မှာ နာမည်၊ ဂုဏ်သတင်းထိခိုက်စေမှာ ဖြစ်ပါတယ်။ ကုန်သွယ်မှုမှာပဲ ဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ရာမှာပဲ ဖြစ်ဖြစ် ယုံကြည်မှုနဲ့ စိတ်ချနိုင်မှုက အထူးပဲ အရေးကြီးပါတယ်။

စာမျက်နှာ ၅ သို့ ◆

◆ စာမျက်နှာ ၄ မှ

ယုံကြည်မှုပျက်စီးသွားပြီ၊ စိတ်ချနိုင်မှု မရှိတော့ဘူးဆိုရင် ပျက်စီးသွားတဲ့ နာမည်၊ ဂုဏ်သတင်းကို ပြန်ပြီးတည်ဆောက်ရတာ အင်မတန်ခက်ခဲပါတယ်။ ကျွန်မတို့ စားသုံးသူတွေရဲ့ မျှော်မှန်းချက်၊ စားသုံးသူတွေရဲ့ ကျန်းမာရေးကိုလည်း ထုတ်လုပ်သူဖြစ်တဲ့ ကျွန်မတို့ရဲ့တောင်သူလယ်သမားကြီးတွေက တာဝန်ယူ၊ တာဝန်ခံပေးဖို့ လိုအပ်ပါတယ်။

**တောင်သူလယ်သမားများအတွက် ထိရောက်တဲ့ ဝန်ကြီးဌာနဖြစ်ရေး**

"ကျွန်မတို့ရဲ့ကျေးလက်ဒေသ တောင်သူလယ်သမားအများစုဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို ဒွန်တွဲပြီး လုပ်ဆောင်နေကြပါတယ်။ ရှေးမိရိုးဖလာ အစဉ်အလာအရလည်း ဒွန်တွဲပြီး လုပ်ကိုင်ခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် စိုက်ပျိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဝန်ကြီးဌာနဆိုပြီး သတ်သတ်စီ ရှိခဲ့ပါတယ်။ လက်ရှိကာလမှာတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို ပူးတွဲပြီး ဖွဲ့ထားပါတယ်။ ကျေးလက်နေတောင်သူတွေရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလိုအပ်ချက်တွေအတွက် ဝန်ကြီးဌာနတစ်ခုတည်းကနေ တာဝန်ယူပြီး ထိထိရောက်ရောက် စုစုစည်းစည်း လုပ်ကိုင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့တာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် သမဝါယမကဏ္ဍပါ ပါဝင်တဲ့အတွက် ကျေးလက်တောင်သူတွေ စုပေါင်းလုပ်ဆောင်နိုင်မယ့် (၂၁)ရာစုနဲ့ကိုက်ညီတဲ့ သမဝါယမစနစ်ကို ကျေးလက်ဒေသတွေမှာ စနစ်တကျ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

"မွေးမြူရေးနဲ့ပတ်သက်ရင် အာဖရိကဝက်တုပ်ကွေးရောဂါ (Africa Swine Flu) ကို သတိထားရဖို့ အခြေအနေမှာ ရှိနေပါတယ်။ အာဆီယံနိုင်ငံအချို့မှာ ဒီကပ်ဘေးဟာ ထိခိုက်မှု အလွန်ပဲကျယ်ပြန့်နေပါတယ်။ ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေအနေနဲ့လည်း ဝက်မွေးမြူရေးကို အများအပြား လုပ်နေကြတော့ ဒီကိစ္စအပေါ်မှာ အထူးသတိထားပြီး ကာကွယ်မှုတွေ ကြိုတင်လုပ်ဆောင်ထားဖို့ အရေးကြီးပါတယ်။ ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရကလည်း ကျွန်မတို့ရဲ့တောင်သူလယ်သမားကြီးတွေကို စနစ်တကျ ပညာပေးဖို့နဲ့ လိုအပ်တာတွေ ပြင်ဆင်ဆောင်ရွက်ထားဖို့ အရေးကြီးတဲ့အတွက် အထူးမှာကြားလိုပါတယ်။ ဒီလိုမျိုး နိုင်ငံဖြတ်ကျော်ပြီး ကူးစက်မှုတွေ မဖြစ်အောင် ကြိုတင်သတိပေးချက်တွေ မြန်မြန်ဆန်ဆန် ထုတ်ပေးဖို့၊ သတိပြုသင့်တဲ့ အခြေအနေတွေကို မျှဝေပေးဖို့ လိုအပ်ပါတယ်။

**လယ်ယာအခြေခံအရင်းအမြစ်များ တိုးတက်ရေး**

"လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ စီမံကိန်းတွေ၊ ကျေးလက်လမ်းပန်းဆက်သွယ်ရေးအပါအဝင် လိုအပ်တဲ့ သိုလှောင်ရုံတွေ၊ အခြောက်ခံစက်တွေ၊ မျိုးကောင်းမျိုးသန့်ရရှိရေးတွေ၊ ဈေးကွက်ရရှိရေးတွေဟာ အမြဲကြိုးပမ်းနေမယ့် လုပ်ငန်းတွေပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ တောင်သူလယ်သမားတွေအတွက် လိုအပ်တဲ့ ကုန်ထုတ်လမ်းတွေ၊ နည်းပညာတွေနဲ့ အခြားအရင်းအမြစ်တွေ တိုးတက်လာရေးကို အစိုးရပိုင်းက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်နေသလိုပါပဲ၊ ဒီနေ့ကမ္ဘာကြီးနဲ့ ကမ္ဘာ့ဈေးကွက်၊ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးတွေဟာ နေ့စဉ်ပြောင်းလဲနေတာဖြစ်လို့ ဒါတွေကို မျက်ခြည်မပြတ်လေ့လာပြီး ကျွန်မတို့ရဲ့တောင်သူလယ်သမားကြီးတွေအနေနဲ့ နိုင်ငံတော်အစိုးရနဲ့ အတူပူးပေါင်းပြီး ကြိုးပမ်းပေးပါလို့ အထူးမေတ္တာရပ်ခံလိုပါတယ်။

"ဒီကနေ့ ဒီနေရာကို ရောက်ရှိလာကြတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများရဲ့တင်ပြချက်တွေကို အလေးအနက်ထားမှာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍနဲ့ အဓိကသက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ တိုင်းဒေသကြီးအစိုးရ တာဝန်ရှိသူတွေလည်း ရောက်ရှိနေကြတာကြောင့် ပါဝင်ဆွေးနွေးဖြေကြားပေးကြမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် အစုအဖွဲ့အသီးသီးမှ ဒေသခံတောင်သူလယ်သမားကိုယ်စားလှယ် လေးဦးဖြစ်ကြသည့် ဇလွန်မြို့နယ်မှ တောင်သူဒေါ်သန်းသန်းဦး တင်ပြသည့် လယ်ယာလုပ်သားများရှားပါးလာပြီး သီးနှံများ ပိုးမွှားကျရောက်မှုများရှိနေသဖြင့် မြို့နယ်များအတွက် ဆေးဖျန်းစက်များ ဆောင်ရွက်ပေးရန်၊ သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းနေသည့်အတွက် ဈေးနှုန်းတစ်ခုသတ်မှတ်ပေးပြီး ဝယ်ယူနိုင်သည့် အကျိုးတူလယ်ယာစနစ်လုပ်ဆောင်နေသည့် အသင်းအဖွဲ့များကို မြို့နယ်တိုင်းတွင် ရောက်ရှိအောင် ဆောင်ရွက်ပေးရန်၊ မြေဩဇာကို ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးရန်၊ သီးနှံပြောင်းလဲစိုက်ပျိုးမှုကို ခရိုင်၊ မြို့နယ်အဆင့်တွင် ပြီးပြတ်အောင် ဆောင်ရွက်ပေးရန်၊ စပါးစိုက်ဧက ၅၀၀၀ ကျော်ကို အကျိုးပြုသည့် တိမ်ကောနေသော အင်းကောမြောင်းကို အမြန်ဆုံးတူးဖော်ပေးရန်၊ တစ်နှစ်တစ်ခါဝါးဖြင့်ဆောက်လုပ်နေရသည့် ချောင်းကူးတံတားကို အမြန်ဆုံး အခိုင်အမာတည်ဆောက်ပေးရန် စသည့်ကိစ္စရပ်များကိုလည်းကောင်း။

ဆီဆုံကုန်းကျေးရွာမှ တောင်သူဦးလှနိုင်စိုးတင်ပြသည့် မျိုးကောင်းမျိုးသန့်စပါးဈေးနှင့် အရည်အသွေးမြင့် စပါးသီးနှံဈေးကွက်တစ်ခု ဖော်ဆောင်ပေးမည့် အသင်းအဖွဲ့များနှင့် ကုမ္ပဏီများအား ကျေးရွာများအရောက်စေလွှတ်ပေးရန်၊ သီးနှံဈေးနှုန်းများကို မစိုက်ပျိုးမီ သတ်မှတ်ကြေညာပေးရန်၊ စိုက်ဘဏ်ချေးငွေ ချေးယူခွင့်မရသည့် လယ်သမားများအား အတိုးနှုန်းသက်သာစွာဖြင့် ပုဂ္ဂလိကဘဏ်များမှ ချေးယူနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ စိုက်ပျိုးစရိတ်ချေးငွေကို လုံလောက်စွာထုတ်ချေးပေးရန်၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ကျေးရွာသစ်စီမံကိန်းကဲ့သို့ ပြောင်းလဲဆောင်ရွက်ပေးရန် ကိစ္စရပ်များကို လည်းကောင်း။

လှေဆွဲကျေးရွာမှ တောင်သူ ဦးတိုးတိုးဝင်း တင်ပြသည့် ပြည်ပဈေးကွက်ဝင် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို တောင်သူလယ်သမားများ လက်ဝယ်သို့ အချိန်မီဖြန့်ဖြူးပေးရန်နှင့် စိုက်ပျိုးသင့်သည့်မျိုးကို အချိန်မီကြေညာပေးရန်၊ စိုက်ပျိုးရေးဦးစီးဌာနက မစိုက်ပျိုးမီ မြေဆီလွှာတိုင်းတာစစ်ဆေးမှုများပြုလုပ်ပေးရန်၊ တောင်သူလယ်သမားများလက်ဝယ်သို့ မျိုးကောင်းမျိုးသန့်၊ နည်းပညာနှင့် အရင်းအနှီး မြန်မြန်ဆန်ဆန်ရောက်ရှိအောင် ဆောင်ရွက်ပေးရန်၊ ဇကကွက်များနှင့် အဆင့်မြင့်လယ်ယာများဖော်ထုတ်ပေးရန်၊ ကုန်ထုတ်လမ်းများ ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်က စိုက်ပျိုးရေးဝန်ထမ်းများအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန်၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးဆေးများအတွက် သွင်းအားစုအသုံးစရိတ်များ မြင့်မားနေသည့်အတွက် ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံတော်က ထဲထဲဝင်ဝင် ကူညီဆောင်ရွက်ပေးရန်၊ လယ်ယာမြေသီးနှံများတွင် ပိုးမွှားရောဂါကျရောက်လာပါက အချိန်မီကာကွယ်နိုင်ရေးအတွက် ကောင်းကင်ဆေးဖျန်းစက်များအား ဈေးနှုန်းသက်သာစွာဖြင့် ဌာနမှဖြစ်စေ၊ ပုဂ္ဂလိကမှဖြစ်စေ ငှားရမ်းအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ စပါးတင်ပို့ရောင်းချခွင့်အား လုံးလုံးပိတ်ပင်ထားခြင်းမျိုး မဟုတ်ဘဲ ဝယ်ယူသူရှိပါက ရောင်းချခွင့်ပေးရန် ကိစ္စရပ်များကို လည်းကောင်း။

ရွာသစ်တောင်ကျေးရွာမှ ဦးလှရွှေ တင်ပြသည့် ဆန်စက်ပိုင်များအနေဖြင့် စပါးအရည်အသွေး ကောင်းမွန်စေရန်နှင့် လယ်သမားများထံမှ စပါးများ ပိုမိုဝယ်ယူထိန်းသိမ်းထားရန်အတွက် သိုလှောင်ရုံများ၊ ခေတ်မီအခြောက်ခံစက်များ တိုးချဲ့ဆောင်ရွက်ရန်အတွက် အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ စီစဉ်ပေးရန်၊ တရုတ်နိုင်ငံဈေးကွက်၊ အိန္ဒိယဈေးကွက်အပြင် အခြားအိမ်နီးချင်းနိုင်ငံ ဈေးကွက်များမှ ဈေးကွက်ဝေစုရရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ပေးရန်၊ စပါးပေါ်ချိန်တွင် ကာလတိုချေးငွေ စီစဉ်ပေးရန်၊ နိုင်ငံတော်အစိုးရအနေဖြင့် SME လုပ်ငန်းများအား ကူညီပေးရန် ကိစ္စရပ်များကို လည်းကောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများနှင့် အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။


လှေဆွဲကျေးရွာမှ
တောင်သူ ဦးတိုးတိုးဝင်း


ရွာသစ်တောင်ကျေးရွာမှ
တောင်သူ ဦးလှရွှေ

ထို့နောက် ဆွေးနွေးတင်ပြရန် စာရင်းပေးထားသည့် ၂၅ ဦးအနက်မှ မဲပေါက်သူ သုံးဦးဖြစ်သည့် ပက္ကန်ကျေးရွာမှ တောင်သူဦးမောင်စိုး၏ တောင်သူလယ်သမားများအား နှစ်ရှည်ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ကိစ္စရပ်ကိုလည်းကောင်း၊ ရေကြည်မြို့နယ်မှ လုပ်ငန်းရှင် ဦးစိုးနိုင်၏ လယ်ယာမြေ ပေါင်နှံခွင့်နှင့် လယ်ယာမြေ၏ တန်ဖိုး ၃၀ ရာခိုင်နှုန်းအထိ ချေးယူပေါင်နှံခွင့်ရရှိရေး ကိစ္စရပ်ကိုလည်းကောင်း၊ ကျုံပျော်မြို့နယ်မှ တောင်သူဦးစိုးတင့်၏ ဟသ်ာတ၊ ဇလွန်၊ ဓနုဖြူ၊ ကျုံပျော်၊ ပန်းတနော် မြို့နယ် ငါးမြို့နယ်အား ဖြတ်သန်းစီးဆင်းသည့် ဗောဓိချောင်းရိုးကြီးသည် နွေရာသီတွင် ရေခန်းခြောက်နေသည့်အတွက် ဒေသခံများ အခက်အခဲကြုံတွေ့နေရမှုနှင့် ချောင်းရိုးအတွင်း ရေမခန်းခြောက်အောင် ဆောင်ရွက်ပေးရန်ကိစ္စရပ်ကို လည်းကောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် "ကျွန်မ အားလုံးခြုံငုံပြီးပြောရမယ်ဆိုရင် အဓိကလိုအပ်ချက်ကတော့ တောင်သူလယ်သမားကြီးများနဲ့ အစိုးရအကြားမှာ ထိတွေ့မှုလိုတယ်လို့ မြင်ပါတယ်။ တောင်သူလယ်သမားကြီးများ၊ အစိုးရနဲ့ လုပ်ငန်းရှင်များ ဒီဆွေးနွေးပွဲမှာ အားလုံးပါလာပါတယ်။ တောင်သူလယ်သမားကြီးတွေဘက်ကလည်း အများစုပါလာတယ်။ လုပ်ငန်းရှင်တွေလည်း ပါလာတယ်။ အစိုးရဘက်ကလည်းပါတယ်။ ဒီလို တွေ့ဆုံမှုမျိုးဆိုတာ တစ်ခါတစ်ခါ တွေ့ဆုံရုံနဲ့မပြီးပါဘူး။ တစ်ချိန်လုံး ဆက်သွယ်မှုရှိနေဖို့လည်း လိုပါတယ်။ အဓိကတာဝန်ကတော့ တိုင်းအစိုးရမှာ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုအစိုးရအဆင့်က တစ်ချိန်လုံးဆင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တစ်တိုင်းပြည်လုံးကို မျှပြီးတော့ လုပ်ရပါတယ်။ ဧရာဝတီတိုင်း တစ်ခုတည်းအတွက်တင် မဟုတ်ဘူး၊ အခြားတိုင်းနဲ့ ပြည်နယ် ၁၃ ခု အတွက်ပါ လုပ်ရတာဖြစ်ပါ တယ်။ ကျွန်မဆော်ဩချင်တာကတော့ အထူးသဖြင့် ဧရာဝတီလို စိုက်ပျိုးမွေးမြူရေးကို အားကိုးအခြေခံနေရတဲ့ တိုင်းတစ်ခုမှာဆိုရင် တိုင်းအစိုးရအဖွဲ့ဝင်များ၊ တိုင်းအစိုးရရဲ့ အုပ်ချုပ်မှုဆိုင်ရာမှာရှိနေတဲ့ ဝန်ထမ်းများဟာ တောင်သူလယ်သမားအရေးတွေနဲ့ပတ်သက်လို့ အမြဲထိတွေ့မှု ရှိနေဖို့လိုပါတယ်။ တချို့မေးသွားတဲ့ကိစ္စတွေမှာ ဒေါက်တာအောင်သူ ပြန်ဖြေတာ၊ ဦးမောင်မောင်ဝင်းတို့ ပြန်ဖြေတာမှာဆိုရင် တောင်သူလယ်သမားတချို့က သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းဥပဒေတွေကို တိတိကျကျ မသိတာလည်း ပါပါတယ်။ အဲဒါတွေကို သိအောင်လုပ်ပေးဖို့ဆိုတာဟာ အစိုးရမှာ တာဝန်ရှိပါတယ်။ ဗဟိုအစိုးရထက် တိုင်းအစိုးရကနေ ကွင်းဆင်းထိတွေ့ပြီးတော့ ဒါလုပ်ချင်ရင် ဒီအဆင့်တွေကို ဖြတ်သန်းရမယ်ဆိုပြီးတော့ ရှင်းပြပေးဖို့လိုပါတယ်။

"နောက်တစ်ခုကလည်း တောင်သူလယ်သမားတွေရဲ့ လိုအပ်ချက်တွေကို ဗဟိုအစိုးရကနေပြီးတော့ မသိဘူးဆိုရင် ဗဟိုအစိုးရဆီရောက်အောင် တင်ပြရမှာက တိုင်းအစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ တိုင်း၊ ပြည်နယ်အစိုးရတွေက တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ဗဟိုအစိုးရနဲ့ ပြည်သူလူထုတွေကြားမှာရှိနေတဲ့ တံတားတစ်ခုပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ခြုံငုံပြီးတော့ အကြံပြုချင်တာက တိုင်းအစိုးရအဖွဲ့ဝင်များနဲ့ တိုင်းမှာရှိတဲ့ အုပ်ချုပ်ရေးယန္တရားက ဝန်ထမ်းများဟာ တောင်သူလယ်သမားများနဲ့ ပုံမှန်ထိတွေ့မှုရှိအောင် လုပ်ကြပါ၊ ကွင်းဆင်းပါ၊ လယ်သမားကြီးများဆီ ရောက်အောင်သွားပါ၊ ဒါမှမဟုတ် တစ်နေရာမှာစုပြီးတော့ တွေ့ဆုံဆွေးနွေးပွဲတွေလုပ်ပါ။ အခု ဓနုဖြူမှာဆိုပေမယ့်လည်း နေရာတော်တော်များများက လာတယ်ဆိုတော့ အားလုံးကနေပြီးတော့ အသေးစိတ်ကိုယ့်ရဲ့ဒေသမှာ ဘာတွေဖြစ်နေတယ်၊ ဘာတွေလိုအပ်ချက်တွေရှိနေတယ် ဆိုတာ တင်ပြနိုင်မှာ မဟုတ်ပါဘူး။ ကျွန်မတို့ကလည်း ဒီလိုကန့်သတ်ထားတဲ့အချိန်အတွင်းမှာ အားလုံးကို ပြည့်ပြည့်ဝဝဖြေပေးနိုင်မှာ မဟုတ်ပါဘူး။ တစ်ချိန်လုံးထိတွေ့နေဖို့ကတော့ အင်မတန်မှ အရေးကြီးပါတယ်။

"နောက်ပြီးတော့ တောင်သူလယ်သမားကြီးများအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေကို ရအောင်ယူကြပါ။ ကိုယ့်မှာ တယ်လီဖုန်းတစ်ခု ရှိတယ်ဆိုရင် လုပ်လို့ရပါတယ်။ အဲဒါကို ဝါယမစိုက်ထုတ်ပြီးတော့ လုပ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ အဲဒီလို လုပ်လိုက်ရင် ကိုယ့်ရဲ့ အသိအမြင်တွေလည်း အများကြီးကျယ်ပြန့်သွားမယ်။ နောက်ပြီးတော့ ပြဿနာလို့မြင်နေတဲ့ ကိစ္စတွေကိုလည်း ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့အဖြေကိုလည်း ရသွားမှာဖြစ်ပါတယ်။

"နိဂုံးချုပ်အနေနဲ့ ကျွန်မတို့ကို ဒီလိုလာရောက်တွေ့ဆုံတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံလို့ ကျွန်မပြောသွားပါတယ်။ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဆိုတော့ တချို့တွေက ဒါကို အထင်သေးကြတယ်။ စက်မှုလက်မှုကို အားကိုးတဲ့နိုင်ငံတွေကသာ ဖွံ့ဖြိုးတယ်၊ တိုးတက်တယ်၊ ရှေ့ရောက်တယ်လို့ ထင်နေကြပါတယ်။ ဒီလိုမဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံတချို့ဆိုရင် စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုလက်မှုတိုးတက်တဲ့ နိုင်ငံဖြစ်ပါတယ်။ သူတို့အခြေခံက စိုက်ပျိုးရေး၊ စိုက်ပျိုးရေးကုန်ပစ္စည်းတွေကို သူတို့ကနေပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့် ပိုပြီးတော့ တန်ဖိုးတက်လာအောင်လုပ်ပြီးတော့ အဲဒီကနေ ဖွံ့ဖြိုးတိုးတက်တာပါ။

"ကျွန်မတို့နိုင်ငံကို ဒီလိုနိုင်ငံ ဖြစ်နိုင်မလားလို့ မကြာခဏ စဉ်းစားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုခေတ်မှာ ကမ္ဘာရဲ့ လိုအပ်ချက်ကြီးတစ်ခုက စားနပ်ရိက္ခာဖူလုံရေးပါ။ အားလုံးက ဒါကိုစိုးရိမ်လာကြပါတယ်။ စားနပ်ရိက္ခာ ဖူလုံကြပ့်မလား၊ တိုးတက်ဖွံ့ဖြိုးပါတယ်ဆိုတဲ့ နိုင်ငံတွေတော်တော်များများမှာ သူတို့ရဲ့ စိုက်ပျိုးရေးကဏ္ဍက အင်မတန်မှ ကျဆင်းလာတယ်။ ကျဆင်းလာတဲ့အခါကျတော့ အစားအစာကို တခြားနိုင်ငံတွေကနေပြီးတော့ တင်သွင်းရတယ်၊ ပြောရမယ်ဆိုရင် ကျွန်မတို့လို စိုက်ပျိုးရေးကိုအခြေခံပြီးတော့ အစားအစာထုတ်တဲ့နိုင်ငံတွေဘက်ကို လှည့်ရမှာပဲ ဖြစ်ပါတယ်။

"အဲဒီတော့ ကျွန်မတို့က ကမ္ဘာရဲ့အခြေအနေတွေကိုကြည့်ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးရော၊ တစ်ကမ္ဘာလုံးရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရေးရော နှစ်ခုအတွက် ကျွန်မတို့ အကျိုးအတွက်ရော၊ အများအကျိုးအတွက်ရော ကြည့်ပြီးတော့ လုပ်သွားနိုင်မယ်ဆိုရင် တောင်သူလယ်သမားကြီးတွေအတွက်တင်မကဘဲ ကျွန်မတို့နိုင်ငံအတွက် အများကြီးအကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။

"ဒါကြောင့်မို့ ကျွန်မတို့ တောင်သူလယ်သမားကြီးတွေဟာ မိမိကိုယ်ကို ယုံကြည်မှုနဲ့ လုပ်ကြပါ။ ပြဿနာရှိရင် သက်ဆိုင်ရာဌာနတွေကို အသိပေးပါ။ ဘာမှမပြောဘဲနဲ့တော့ ဘာအဖြေမှရမှာမဟုတ်ပါဘူး။ ပြောစရာရှိရင်ပြောပါ၊ တိုင်းအစိုးရနဲ့ တိုင်းအုပ်ချုပ်ရေးဌာနတွေက ကွင်းဆင်းပါ၊ တောင်သူလယ်သမားကြီးတွေနဲ့ ထိတွေ့မှု အမြဲရှိစေချင်ပါတယ်။ နောက်ပြီးတော့ မကြာခဏ ဆွေးနွေးပွဲတွေ လုပ်စေချင်ပါတယ်။ အဲဒီလိုလုပ်မှ တစ်ဖက်ကစကားကို တစ်ဖက်ကကြားရမှာဖြစ်ပါတယ်။ အဲဒီတော့မှ ရှိတဲ့ပြဿနာတွေကို အမြန်ဆုံးအတူတူ ပူးတွဲပြီးတော့ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တောင်သူလယ်သမားများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ယနေ့တွေ့ဆုံပွဲအခမ်းအနားသို့ ဒေသခံတောင်သူလယ်သမား ၁၉၆၃ ဦး၊ ဒေသခံဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော် ၄၀၀၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာဧည့်သည်တော်များ ၁၁၂ ဦး စုစုပေါင်း ၂၄၇၅ ဦး တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဓနုဖြူမြို့မှ ပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# မြှင့်တင်ပေးသင့်သည့် ပေါ်ထွန်းစလုပ်ငန်း (Startups) များ

အောင်နိုင်ဦး

**ပေါ်ထွန်းစလုပ်ငန်းများ၏ အရေးပါမှု**

နိုင်ငံအသီးသီးအနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ကြရာမှာ နိုင်ငံကြီးအချို့က နိုင်ငံတကာ ဖြန့်ကြက်လုပ်ဆောင်နိုင်တဲ့ ကုမ္ပဏီကြီးတွေ (Multinational Corporation) ဈေးကွက်ကျယ်ပြန့်အောင် ဆောင်ရွက်တာ၊ နိုင်ငံအချို့က နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတွေ အင်အားကောင်းအောင်လုပ်ပြီး နိုင်ငံတကာဖြန့်ကြက်တာ (Multinational State Owned Enterprises) တွေ ဆောင်ရွက်တဲ့အပြင် နိုင်ငံအများစုမှာ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းတွေကို အားပေးမြှင့်တင်ပေးတာတွေစတဲ့ နည်းလမ်းတွေ ကျင့်သုံးပြီး ဆောင်ရွက်နေကြတာ တွေ့ရမှာဖြစ်ပါတယ်။ မျက်မှောက်ကာလမှာတော့ အဆိုပါ နည်းလမ်းတွေနဲ့ နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးအောင် လုပ်ကြတဲ့အပြင် ပိုပြီးလက်တွေ့ကျတဲ့ ပေါ်ထွန်းစလုပ်ငန်းလေးတွေ (Startups) ဘက်ကို အာရုံပြုပြီး အလေးထား ဆောင်ရွက်လာကြတာကိုလည်း တွေ့မြင်နေရပါတယ်။

ပေါ်ထွန်းစလုပ်ငန်းလေးတွေကို နိုင်ငံအတော်များများက အလေးထားလာရတဲ့ အကြောင်းရင်းတွေ ပြန်ကြည့်လိုက်ရင် -

(၁) ပေါ်ထွန်းစလုပ်ငန်းများဟာ ဆန်းသစ်တီထွင်မှုရဲ့ ဗဟိုချက်ဖြစ်နေတာ၊

(၂) အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖန်တီးပေးနိုင်တာ၊

(၃) ပေါ်ထွန်းစလုပ်ငန်းလေးတွေဟာ ၎င်းတို့တည်ရှိရာဒေသအတွက် တိုက်ရိုက်ကောင်းကျိုးသက်ရောက်မှုတွေ ပေါ်ပေါက်စေတာ၊

(၄) အချို့သော နိုင်ငံကြီးများမှာ မြို့ငယ်တွေမှာရှိတဲ့ ပေါ်ထွန်းစလုပ်ငန်းလေးတွေကြောင့် မြို့ကြီးနဲ့ မြို့ငယ်တွေကြားမှာ ဖြစ်ပေါ်နေတဲ့ ကွာဟမှု ကျဉ်းမြောင်းစေခဲ့တာ၊

(၅) ပေါ်ထွန်းစလုပ်ငန်းလေးတွေရဲ့ ဆန်းသစ်တီထွင်မှုတွေကြောင့် နည်းပညာသစ်တွေ ပေါ်ပေါက်စေခဲ့တာ၊

(၆) နိုင်ငံတော်ရဲ့ အသားတင် ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး (GDP) ကိုလည်း တိုးတက်စေတာ စတဲ့ အကျိုးသက်ရောက်မှုတွေကို တစ်စထက်တစ်စ ပိုမိုတွေ့မြင်လာရပါတယ်။

အသိသာအထင်ရှားဆုံးကတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ အများအပြားပေါ်ပေါက်စေတာပါပဲ။ ကမ္ဘာပေါ်မှာ ပေါ်ထွန်းစလုပ်ငန်းလေးတွေက ဖန်တီးလိုက်တဲ့ အလုပ်အကိုင်အခွင့်အလမ်းဟာ ကုမ္ပဏီကြီးတွေက ဖန်တီးပေးတဲ့ အလုပ်အကိုင်အခွင့်အလမ်း ပမာဏထက် ပိုမိုများပြားတယ်လို့လည်း ဆိုကြပါတယ်။ ဒစ်ဂျစ်တယ်စီးပွားရေးခေတ်မှာ အရေးပါလာတဲ့ ဉာဏ်တု (Artificial Intelligence)၊ စက်ရုပ်နည်းပညာ (Robotic Technology) နဲ့ Internet of things စတဲ့ နည်းပညာတွေဟာ ပေါ်ထွန်းစလုပ်ငန်းလေးတွေရဲ့ဆန်းသစ်တီထွင်မှုကနေ ပေါ်ပေါက်လာခဲ့တယ်လို့လည်း ဆိုပါတယ်။ အိန္ဒိယလို နိုင်ငံကြီးမျိုးမှာ ပေါ်ထွန်းစလုပ်ငန်းလေးတွေဟာ တစ်ကမ္ဘာလုံးဖြန့်ကြက်လုပ်ကိုင်နေတဲ့ ကုမ္ပဏီကြီးများရဲ့ ပြင်ပအရင်းအမြစ် (Outsource) အဖြစ် အောင်မြင်စွာ လည်ပတ်နေကြတာကိုလည်း တွေ့ရပါတယ်။

အာဆီယံနိုင်ငံများအတွင်းကို ပြန်လည်သုံးသပ်ကြည့်ရင် လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး ပေါ်ထွန်းစလုပ်ငန်းလေးတွေအတွက် ဂေဟစနစ် (Ecosystem) ကောင်းတွေ ဖန်တီးပေးနိုင်ဖို့ အဖွဲ့ဝင်နိုင်ငံအတော်များများက ကြိုးပမ်းဆောင်ရွက်လာတာ တွေ့ရပါတယ်။ အာဆီယံနိုင်ငံတွေရဲ့အနာဂတ်စီးပွားရေးအလားအလာ ပိုမိုကောင်းမွန်စေဖို့အတွက် ဆောင်ရွက်ရာမှာ ပေါ်ထွန်းစလုပ်ငန်းလေးတွေရဲ့ ဂေဟစနစ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရေးဟာ ပထမဆုံး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဖြစ်တယ်လို့လည်း သုံးသပ်ထားပါတယ်။ ပေါ်ထွန်းစလုပ်ငန်းလေးတွေအတွက် လုပ်သာကိုင်သာရှိရမယ့် အခြေအနေ ဖန်တီးပေးခြင်း၊ လေ့ကျင့်သားပြည့်ဝပြီး ပါရမီရှိတဲ့ လုပ်သားထုပေါ်ပေါက်အောင် ဆောင်ရွက်ပေးခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေကို စီးပွားရေးလုပ်ဆောင်မှုနဲ့ပတ်သက်တဲ့ မက်လုံးတွေပေးခြင်းစတဲ့ ကိစ္စရပ်တွေဟာ နိုင်ငံအသီးသီးရဲ့ပေါ်ထွန်းစလုပ်ငန်းလေးတွေကို အရှိန်ရလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်စေကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်လိမ့်မယ်လို့လည်း သုံးသပ်ချက်များ ဖော်ထုတ်ထားတာကို တွေ့ရပါတယ်။

**ပေါ်ထွန်းစလုပ်ငန်းများအတွက် ဂေဟစနစ်**

ပေါ်ထွန်းစလုပ်ငန်းလေးတွေ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံထောင့်စုံက ချဉ်းကပ်ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေ လိုအပ်ပါတယ်။ အဆိုပါ အစီအစဉ်တွေထဲမှာ ငွေကြေးအရင်းအမြစ်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ပင်ကိုအရည်အသွေးရှိသူတွေကို လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ပေါ်ထွန်းစလုပ်ငန်းလေးတွေအတွက် ဈေးကွက်ဖန်တီးပေးခြင်း စတာတွေ လိုအပ်တဲ့အပြင် အရေးအကြီးဆုံးကတော့ ကြိုးနီစနစ်ကို ဖယ်ရှားပြီး စည်းမျဉ်းနဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဖြေလျှော့မှုတွေ ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ တကယ်တော့ ပေါ်ထွန်းစလုပ်ငန်းလေးတွေအတွက် မိတ်ဖက်ဖြစ်စေမယ့် မူဝါဒတွေ (Startup Friendly Policy) ချမှတ်ပေးရာမှာ အစိုးရအနေနဲ့ ငွေကြေးပမာဏ အများအပြားကျခံဖို့၊ မက်လုံးတွေပေးဖို့ထက် အစိုးရဌာနအသီးသီးရဲ့ လက်ရှိကျင့်သုံးဆောင်ရွက်နေတဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေအနေတွေကို ပြောင်းလဲကျင့်သုံးပေးမှုက ပိုမိုထိရောက်စေမှာ ဖြစ်ပါတယ်။ ပေါ်ထွန်းစလုပ်ငန်းလေးတွေ အရှိန်ရလာစေဖို့၊ ၎င်းတို့ရဲ့ထုတ်ကုန်တွေကို ပြည်ပကိုတင်ပို့နိုင်ဖို့ ကုန်သွယ်မှုဆိုင်ရာ အတားအဆီးတွေကိုလည်း ဖြေလျှော့ဖယ်ရှားပေးနိုင်ဖို့ လိုအပ်ပါတယ်။ အချို့သော နိုင်ငံများမှာတော့ စီးပွားရေးလုပ်ငန်းများကို တက္ကသိုလ်များနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်စေပြီး ပါရမီရှိသူများကို ပျိုးထောင်ပေးခြင်းဖြင့် အလားအလာရှိတဲ့ ပေါ်ထွန်းစလုပ်ငန်းများ ပေါ်ပေါက်စေတာကိုလည်း တွေ့ရပါတယ်။ အချို့နိုင်ငံများမှာတော့ ပေါ်ထွန်းစလုပ်ငန်းများအတွက် ကော်ပိုရိတ်ဝင်ငွေခွန်ကို နှုန်းထားလျှော့ချသတ်မှတ်ပေးခြင်း၊ ကုမ္ပဏီကြီးများက ပေါ်ထွန်းစလုပ်ငန်းလေးတွေမှာ အရင်းအနှီးထည့်ဝင်ဆောင်ရွက်နိုင်ဖို့အတွက် လမ်းဖွင့်ပေးခြင်း၊ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးခြင်း စတာတွေကို လုပ်ကိုင်ပေးနေတာလည်း လေ့လာတွေ့ရှိရပါတယ်။

**စင်ကာပူနိုင်ငံအတွင်းက ပေါ်ထွန်းစလုပ်ငန်းများ**

စင်ကာပူနိုင်ငံအစိုးရကတော့ မိတ်ဖက်မျိုးစုံနဲ့တက်ကြွစွာပူးပေါင်းပြီး စင်ကာပူနိုင်ငံကို အာရှပေါ်ထွန်းစလုပ်ငန်းများရဲ့မြို့တော်ဖြစ်အောင် ဆောင်ရွက်ဖို့ ရည်မှန်းချက်ထားပြီး ကြိုးပမ်းနေတာ တွေ့ရှိရပါတယ်။ စင်ကာပူနိုင်ငံမှာရှိတဲ့ Startup SG နဲ့ Enterprise Singapore စတဲ့ အဖွဲ့အစည်းတွေဟာ ပေါ်ထွန်းစလုပ်ငန်းများကို ဘဏ္ဍာရေးနဲ့ အခြားအထောက်အပံ့တွေ ပေးနိုင်ဖို့အတွက် ကနဦးအစီအမံများစွာ ချမှတ်ဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ စင်ကာပူအစိုးရလုပ်နေတဲ့ အစီအစဉ်တွေကို ဆန်းစစ်ကြည့်ရင် ပေါ်ထွန်းစလုပ်ငန်းလေးတွေအတွက် ဘက်စုံအောင် စဉ်းစားဆောင်ရွက်ထားကြောင်း အောက်ပါအတိုင်း တွေ့ရပါတယ်-

(၁) Startup SG Founder ဟာ တီထွင်ဆန်းသစ်တဲ့ စီးပွားရေးစိတ်ကူးစိတ်သန်းတွေနဲ့ ပထမဆုံး စတင်ထူထောင်တဲ့ ပေါ်ထွန်းစလုပ်ငန်းလေးတွေကို လိုအပ်တဲ့ လမ်းညွှန်ပြသမှု၊ ငွေကြေးထောက်ပံ့ပေးမှု ဆောင်ရွက်ပေးပါတယ်။ငွေကြေးထောက်ပံ့ပေးရာမှာ ပေါ်ထွန်းစလုပ်ငန်းက စင်ကာပူတစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံတိုင်း Startup SG Founder က သုံးဒေါ်လာနှုန်းနဲ့ ဒေါ်လာသုံးသောင်းအထိ ထည့်ဝင်ပေးပါတယ်။

(၂) Startup SG Tech ဟာ လက်ရှိဈေးကွက်ကို အပြောင်းအလဲဖြစ်စေနိုင်တဲ့အပြင် ဈေးကွက်အသစ်ကိုပါ ဖန်တီးပေးနိုင်လောက်မယ့် နည်းပညာသစ်နဲ့ဆောင်ရွက်နိုင်စွမ်းရှိမယ့် ပေါ်ထွန်းစလုပ်ငန်းလေးတွေကို စီမံကိန်းထောက်ပံ့ငွေပေးအပ်မြှင့်တင်ပေးတာ တွေ့ရပါတယ်။

(၃) Startup SG Equity ဟာ နည်းပညာအခြေခံတဲ့ ပေါ်ထွန်းစလုပ်ငန်းလေးတွေမှာ စင်ကာပူအစိုးရက ပူးတွဲပါဝင်ရင်းနှီးမြှုပ်နှံပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။ အဓိကအားဖြင့် လက်ရှိကျင့်သုံးဆောင်ရွက်နေတဲ့ နည်းပညာတွေကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မယ့် ပေါ်ထွန်းစလုပ်ငန်းတွေမှာ စင်ကာပူအစိုးရက ၇၀ ရာခိုင်နှုန်းအထိ ထည့်ဝင်ပြီး ကနဦးရင်းနှီးမြှုပ်နှံမှု စင်ကာပူဒေါ်လာနှစ်သိန်းခွဲအထိ ထည့်ဝင်ပါတယ်။ နောက်ပိုင်းမှာ ပေါ်ထွန်းစလုပ်ငန်းက တစ်ဒေါ်လာရင်းနှီးမြှုပ်နှံတိုင်း အစိုးရက တစ်ဒေါ်လာထည့်ဝင်ပြီး ဒေါ်လာနှစ်သန်းအထိ ရင်းနှီးမြှုပ်နှံပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။

(၄) Startup SG Talent အစီအစဉ်ကတော့ ကမ္ဘာတစ်ဝန်းက စွန့်ဦးတီထွင်လုပ်ကိုင်သူတွေကို ဆွဲဆောင်နိုင်ဖို့ အလုပ်လုပ်ခွင့်၊ အလုပ်သင်အစီအစဉ် စတာတွေ ဆောင်ရွက်ပေးတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။

(၅) Startup SG Loan ကတော့ ပေါ်ထွန်းစလုပ်ငန်းလေးတွေရဲ့ မတည်ရင်းနှီးငွေ၊ စက်ပစ္စည်းတွေ ဝယ်ယူဖို့အတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကုန်သွယ်မှုအတွက် ငွေကြေးထောက်ပံ့ခြင်း စတာတွေကို စင်ကာပူနိုင်ငံအတွင်းမှာရှိတဲ့ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး ချေးငွေထုတ်ပေးတဲ့ အစီအစဉ် ဖြစ်ပါတယ်။

**အသိုက်အမြုံများ ဖန်တီးခြင်း**

ဖွံ့ဖြိုးပြီးနဲ့ဖွံ့ဖြိုးဆဲနိုင်ငံအချို့မှာ ပေါ်ထွန်းစလုပ်ငန်းလေးတွေအတွက် စရိတ်ကျဉ်းကျဉ်းနဲ့ ထိထိရောက်ရောက် မိမိတို့လုပ်ငန်းတွေ ဆောင်ရွက်နိုင်စေဖို့ အသိုက်အမြုံ (Incubator) များကို ထူထောင်ပေးထားတာလည်း တွေ့ရပါတယ်။ ပေါ်ထွန်းစလုပ်ငန်းလေးတွေဟာ Incubator တွေမှာ မိမိရဲ့လုပ်ငန်းကို ထူထောင်ဖွင့်လှစ်ပြီး အခြားပေါ်ထွန်းစလုပ်ငန်းများနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်း၊ နည်းပညာမျှဝေခြင်း စတာတွေကို ဆောင်ရွက်နိုင်ကြပါတယ်။ အဆိုပါ Incubator တွေဟာ တဖြည်းဖြည်းနဲ့ နိုင်ငံရဲ့တီထွင်ဖန်တီးဆန်းသစ်ရာ ဗဟိုချက်တွေအဖြစ် ပြောင်းလဲလာကြတာကိုလည်း တွေ့ရှိရပါတယ်။ Incubator တွေ ထူထောင်နိုင်ဖို့အတွက် အစိုးရက လိုအပ်တဲ့အထောက်အပံ့တွေ ဆောင်ရွက်ပေးတာကိုလည်း တွေ့ရှိရပါတယ်။

**ပေါ်ထွန်းစလုပ်ငန်းများနဲ့ မြန်မာနိုင်ငံ**

၂၀၁၈ ခုနှစ် မေလက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ UNU-WIDER တို့ ပူးပေါင်းဆောင်ရွက်တဲ့ မြန်မာနိုင်ငံ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများစစ်တမ်း ၂၀၁၇ အရ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းအများစုဟာ မြန်မာနိုင်ငံ အလယ်ပိုင်းနဲ့တောင်ပိုင်းတွေမှာ အများအပြားစုစည်းဆောင်ရွက်နေတယ်လို့တွေ့ရပြီး အဓိက စီးပွားရေးလုပ်ငန်းကတော့ စားသောက်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေ ဖြစ်ကြောင်း တွေ့ရပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ ချည်မျှင်နဲ့အထည်လုပ်ငန်းတွေ၊ မြောက်ပိုင်းဒေသမှာ သစ်အခြေခံလုပ်ငန်းတွေ၊ တောင်ပိုင်းဒေသမှာ သတ္တုမဟုတ်တဲ့ တွင်းထွက်ပစ္စည်းဆိုင်ရာကုန်ထုတ်လုပ်ငန်းတွေ အဓိက ဖြန့်ကြက်နေကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ လုပ်ငန်းအများစုဟာ တီထွင်ဆန်းသစ်မှု အတော်နည်းပါးပြီး နည်းပညာကလည်း နိမ့်ပါးနေတယ်လို့ တွေ့ရှိရပါတယ်။ ဒါ့အပြင် အသုံးပြုတဲ့ စက်ကိရိယာများဟာ လက်လုပ်ပစ္စည်းတွေ၊ ခေတ်နောက်ကျတဲ့ တစ်ပတ်ရစ်ပစ္စည်းတွေ ဖြစ်နေပြီး လုပ်ငန်းများရဲ့ ၂၀ ရာခိုင်နှုန်းလောက်ကသာ နည်းပညာပါတဲ့ စက်ကိရိယာတွေကို ဝယ်ယူတင်သွင်း အသုံးပြုကြကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ကုန်ပစ္စည်းထုတ်လုပ်သူတွေမှာ နည်းပညာအကန့်အသတ်ရှိနေတဲ့အတွက် ကုန်ထုတ်လုပ်ငန်းတွေဟာ နည်းပညာ လွှဲပြောင်းမှု အားနည်းနေကြောင်း၊ ကုန်ပစ္စည်းတစ်ခုတည်းကိုသာ ထုတ်လုပ်မှုအတွက် အားသန်နေကြောင်း၊ တီထွင်ဆန်းသစ်မှုနှုန်းကလည်း အလွန်နိမ့်ပါးနေကြောင်း၊ နိုင်ငံတကာဈေးကွက်ဝင်နိုင်ဖို့ စံချိန်စံညွှန်း အသိအမှတ်ပြုလက်မှတ်ရရှိမှုကလည်း အတော်ပင်နည်းပါးနေကြောင်း သုံးသပ်ဖော်ထုတ်ထားတာကို တွေ့ရှိရပါတယ်။

DaNa Facility၊ UK aid နဲ့ The Asia Foundation တို့က စစ်တမ်းပြုထုတ်ဝေတဲ့ " The Myanmar Business Environment Index 2019" မှာ စစ်တမ်းကောက်ယူရရှိချက်အရ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်း ၆၅ ရာခိုင်နှုန်းဟာ မြို့နယ်အဆင့်က ထုတ်ပေးတဲ့ လိုင်စင်များဖြင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေကြကာ ၁၇ ရာခိုင်နှုန်းခန့်ဟာ ရန်ကုန်နှင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီများမှာ မှတ်ပုံတင်ထားကြပြီးခြောက်ရာခိုင်နှုန်းကသာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ပြီး ဆောင်ရွက်နေကြောင်း၊ စီးပွားရေးလုပ်ငန်းများရဲ့၁၅ ရာခိုင်နှုန်းဟာ မည်သည့်မှတ်ပုံတင်မှုမရှိဘဲ တရားဝင်လုပ်ငန်းအဖြစ် ရပ်တည်နေခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။

အထက်ပါ အခြေအနေများအရ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းများ တီထွင်ဆန်းသစ်မှု၊ စံချိန်စံညွှန်းမီကုန်ပစ္စည်းများထုတ်လုပ်နိုင်မှုတို့အတွက် အခြားနိုင်ငံများနည်းတူ ပေါ်ထွန်းစလုပ်ငန်းများကို အားပေးမြှင့်တင်သွားဖို့ လိုအပ်နေတယ်လို့ သုံးသပ်နိုင်ပါတယ်။ ပေါ်ထွန်းစလုပ်ငန်းများ စနစ်တကျမှတ်ပုံတင် ဆောင်ရွက်နိုင်ဖို့လည်း လမ်းခင်းပေးဖို့လိုတယ်လို့လည်း သုံးသပ်ရရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းငယ်များအပါအဝင် မည်သည့်စီးပွားရေးလုပ်ငန်းမဆို ကုမ္ပဏီအဖြစ် ထူထောင်ရပ်တည်ပြီး ခိုင်ခိုင်မာမာ လုပ်ငန်းချဲ့ထွင်သွားနိုင်ဖို့အတွက် ကုမ္ပဏီဥပဒေကို ပြန်လည်ပြင်ဆင်ပေးခဲ့တဲ့အပြင် ကုမ္ပဏီမှတ်ပုံတင်ခြင်းအပါအဝင် ကုမ္ပဏီဆိုင်ရာလုပ်ငန်းတွေ အွန်လိုင်းက အလွယ်တကူ ဆောင်ရွက်နိုင်အောင် MyCO လို့ခေါ်တဲ့ အီလက်ထရွန်နစ်မှတ်ပုံတင်စနစ်ကိုလည်း ထူထောင်ပေးခဲ့ပြီး ဖြစ်ပါတယ်။ MyCO ထူထောင်နိုင်ခဲ့တဲ့အတွက် နိုင်ငံအတွင်းက စီးပွားရေးလုပ်ငန်းသစ်များ ကုမ္ပဏီအဖြစ်ထူထောင်နိုင်မှု တိုးတက်လာတာကို အောက်ပါအတိုင်း တွေ့ရမှာဖြစ်ပါတယ်-

| လ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ |
|---|---|---|
| သြဂုတ်လ | ၄၇၆ | ၁၈၁၀ |
| စက်တင်ဘာလ | ၄၅၄ | ၂၂၁၇ |
| အောက်တိုဘာလ | ၃၄၁ | ၁၆၆၇ |
| နိုဝင်ဘာလ | ၃၆၈ | ၁၄၃၇ |
| ဒီဇင်ဘာလ | ၃၉၉ | ၁၃၆၄ |
| ဇန်နဝါရီလ | ၄၆၆ | ၁၇၃၃ |
| ဖေဖော်ဝါရီလ | ၄၁၇ | ၁၄၁၉ |
| မတ်လ | ၂၇၁ | ၁၁၀၈ |
| ဧပြီလ | ၅၄၂ | ၁၀၄၅ |
| မေလ | ၅၉၃ | ၁၄၁၁ |
| **စုစုပေါင်း** | **၄၃၄၇** | **၁၅၂၁၁** |

ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ လွယ်ကူအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဟာ ပေါ်ထွန်းစလုပ်ငန်းများအတွက် အဓိကကျတဲ့ အခြေခံတစ်ခုကို ဖန်တီးပေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ပေါ်ထွန်းစလုပ်ငန်းတွေအတွက် အထောက်အကူပြုမယ့် အခြားအခြေအနေတွေ ဖန်တီးပေးနိုင်ဖို့လည်း ဝိုင်းဝန်းကြိုးပမ်းပေးကြဖို့ လိုအပ်ပါတယ်။ ယနေ့ ကမ္ဘာ့မျက်မှောက်အခြေအနေအရ နိုင်ငံအများစုမှာ ပေါ်ထွန်းစလုပ်ငန်းများ ပိုမိုတိုးတက်များပြားလာသည်နှင့်အမျှ တီထွင်ဆန်းသစ်မှုနဲ့ ဖန်တီးဆောင်ရွက်မှုကလည်း ပိုမိုအားကောင်းလာမှာ ဖြစ်ပါတယ်။ စွန့်ဦးတီထွင်မှုဟာ နိုင်ငံတစ်ခုရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အားကောင်းလာစေမယ့် အထောက်အပံ့လည်း ဖြစ်ပါတယ်။ စွန့်ဦးတီထွင်မှုဟာ ပေါ်ထွန်းစလုပ်ငန်းများ အားကောင်းတိုးတက်လာစေမှုနဲ့လည်း ဆက်စပ်လျက်ရှိပြန်ပါတယ်။ ပေါ်ထွန်းစ လုပ်ငန်းများရဲ့ တီထွင်ဆန်းသစ်မှုနဲ့စိတ်ကူးစိတ်သန်းဟာ အနာဂတ်နိုင်ငံ့စီးပွားရေးမှာ ပိုမိုအရေးပါလာမှာလည်းဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွင်း ပေါ်ထွန်းစလုပ်ငန်းများ ပိုမိုပေါ်ထွက်လာပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ ဒေါက်တိုင်များအဖြစ် ရောက်ရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

☆ ဒုတိယသမ္မတမှ

ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ကျင်းပမည့် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေး အတွက်(၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး **ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊လုံခြုံရေးကော်မတီနှင့်ဆပ်ကော်မတီ (၈)ခု**တို့ကို ဖွဲ့စည်းခဲ့ပြီး အဆိုပါ ကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့်လည်း သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

**သတ်မှတ်ချိန်အတွင်း ပြီးစီးရေး အမြန်ဆောင်ရွက်ကြရန် တိုက်တွန်း**

(၇၂)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ဗဟိုကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၆ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၂၄)ချက်ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ချိန်အတွင်း အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ အစည်းအဝေးကို ဇွန် ၂၀ ရက်တွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဦးဆောင်၍လည်းကောင်း၊ ဇွန် ၂၄ ရက်တွင် ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်၍လည်းကောင်း အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေး အမြန်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အာဇာနည်နေ့အခမ်းအနားကို နိုင်ငံ၏ လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့သည့် ခေါင်းဆောင်ကြီးများ၏ စွန့်လွှတ်အနစ်နာခံဆောင်ရွက်ခဲ့မှုများနှင့် ကျေးဇူးတရားများကို မမေ့မလျော့စေရန်အတွက် နှစ်စဉ်ကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးသည် အသက်သွေးချွေးများကို စတေးပြီးမှ ခက်ခက်ခဲခဲရယူခဲ့ရသည်ကို နောင်လာနောက်သားများသိရှိစေရန်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါကြောင်း။

**ပိုမိုအနှစ်သာရပြည့်ဝ**

အာဇာနည်နေ့ အခမ်းအနားသည် နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်နေကျ ဖြစ်သော်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုအနှစ်သာရပြည့်ဝအောင် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီး၌ ပိုမိုလှုပ်ရှားအသက်ဝင်အောင် စနစ်တကျ ဆောင်ရွက်သွားကြရန် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၆၊ ၁၇၊ ၁၈ ရက်များတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ အာဇာနည်နေ့နှင့်သက်ဆိုင်သည့် တေးသီချင်းများနှင့် တွေ့ဆုံမေးမြန်းမှု အစီအစဉ်များ စသည်တို့ကို အသံချဲ့စက်အသုံးပြု၍ သတ်မှတ်ဥပဒေနှင့်အညီ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် နှိုးဆော်ဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့်လည်း အာဇာနည်နေ့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပြည်သူများသိရှိနိုင်ရန်အတွက် ယခင်နှစ်များနည်းတူ သတင်းဆောင်းပါးများ၊ တွေ့ဆုံမေးမြန်းမှုအစီအစဉ်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ သီချင်းများ၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့သည့် မှတ်တမ်းများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်များ စသည်တို့ကို သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် ကြိုတင်ထုတ်လွှင့်နိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် ပညာရေးဝန်ကြီးဌာန အနေဖြင့်လည်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာအဆင့် ကျောင်းများတွင် အာဇာနည်နေ့နှင့်သက်ဆိုင်သည့် စာစီစာကုံးပြိုင်ပွဲများ၊ ဟောပြောပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် ပန်းချီပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားကြရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

(၇၂)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယခင်နှစ်များနည်းတူ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် နိုင်ငံတော်အဆင့်ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် လိုအပ်သည်များကို အသေးစိတ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထို့အပြင် အခမ်းအနားများတွင် ဧည့်ခံကျွေးမွေးမည့် အစားအသောက်များ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင်စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အာဇာနည်ဗိမာန်တွင် ကျင်းပမည့် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်လာကြမည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအပါအဝင် တက်ရောက်လာကြသူများကို ကြိုဆိုနေရာချထားခြင်းအပိုင်းနှင့် ဂါရဝပြုခြင်းအပိုင်းတို့တွင် လစ်ဟာမှုမရှိစေရေး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အဝင်အထွက် အချိန်ကိုက်ဖြစ်စေရေးတို့အတွက် စေ့စပ်သေချာစွာ စီမံဆောင်ရွက်သွားရန်နှင့် စနစ်ကျပြီး အချိန်ကိုက်ဖြစ်အောင် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကြိုတင်ဇာတ်တိုက်လေ့ကျင့်သည့် ရက်များနှင့် အခမ်းအနားကျင်းပသည့် ရက်များတွင် ကားလမ်းများ ပိတ်ဆို့မှုမဖြစ်အောင် လမ်းလွှဲများ စီမံဆောင်ရွက်ပေးထားရန်နှင့် ပြည်သူလူထုကိုလည်း ကြိုတင်အသိပေးထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲများ တက်ရောက်သော အခမ်းအနားဖြစ်သည့်အတွက် တက်ရောက်ဂါရဝပြုသည့်အခါ ပြည်ထောင်စုအင်္ဂါစဉ်နှင့်အညီ စီစဉ်ဆောင်ရွက်ရန်နှင့် နိုင်ငံခြားသံရုံးများကိုလည်း ဝါစဉ်အတိုင်း စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့အပြင်မိုးရာသီဖြစ်သည့်အတွက် ဂါရဝပြုသူများ အဆင်ပြေချောမွေ့စေရေး လိုအပ်သည်များကို ကြိုတင်စီမံ ဆောင်ရွက်ထားရမည်ဖြစ်ပြီး ပြည်သူများ လာရောက်ဂါရဝပြုလေ့လာကြည့်ရှုနိုင်မည့် အချိန်နှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း ကြိုတင်သိရှိနိုင်ရေးအတွက် ရုပ်မြင်သံကြား၊ သတင်းစာများနှင့်ရေဒီယိုများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြေညာပေးသွားရမည် ဖြစ်ပါကြောင်း။

**ကြိုတင်ဇာတ်တိုက်လေ့ကျင့်**

အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ ကျင်းပမည့်အလံတင်ခြင်းနှင့် အလေးပြုခြင်း အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး စနစ်တကျစုဖွဲ့၍ ကြိုတင်ဇာတ်တိုက် လေ့ကျင့်သွားကြရန်၊ တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးခန်းမကို ယခင်အတိုင်း ပြန်လည်ခင်းကျင်းပြသနိုင်ရေး မွမ်းမံပြင်ဆင်ဆောင်ရွက်သွားကြရန်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့်အခန်းကိုလည်း ယခင်နှစ်များအတိုင်း ပြသနိုင်ရေး စီမံဆောင်ရွက်သွားကြစေလိုပါကြောင်း။

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို ယခင်နှစ်များအတိုင်း ခင်းကျင်းပြသနိုင်ရေး၊ ခြံဝင်းအတွင်း သန့်ရှင်းသပ်ရပ် တင့်တယ်စေရေး၊ ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိစဉ်ကကဲ့သို့ ရာသီသီးနှံများ စိုက်ပျိုးထားရှိရေးနှင့် အဆောက်အအုံ၏ ကြံ့ခိုင်မှုအပေါ် မူတည်ပြီး ဝင်ရောက်လေ့လာသူများ အဆင်ပြေစေရေးအတွက် စနစ်တကျစီမံ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးအပိုင်းကို အထူးအလေးထားဆောင်ရွက်ရန်နှင့် လုံခြုံရေးတာဝန်ရှိသူများအနေဖြင့် လုံခြုံရေးလုပ်ငန်းတာဝန် (၁၂)ချက်နှင့်အညီ စနစ်တကျ စီမံချက်များရေးဆွဲကာ လစ်ဟာမှုများမရှိအောင် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

(၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အနှစ်သာရပြည့်ဝစွာဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ် ပြန်လည်သုံးသပ်ပြီး လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ ချို့ယွင်းအားနည်းချက်များမရှိစေရန် စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက်(၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အာဇာနည်နေ့ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၏ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက အာဇာနည်နေ့ အခမ်းအနားကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကော်မတီများနှင့် ဆပ်ကော်မတီများ၏ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် မျိုးဆွေဝင်းနှင့် ရဲမှူးချုပ် တင်ကိုကိုတို့က လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် "အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ"အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ကြည်၊ "ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေး ဆပ်ကော်မတီ" ဥက္ကဋ္ဌ ဦးဇော်အေးမောင်နှင့် အတွင်းရေးမှူး ဒေါ်သန်းမြင့်အောင်၊ "ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ပြသရေးဆပ်ကော်မတီ" အတွင်းရေးမှူး ဦးကျော်ဦးလွင်၊ "လွမ်းသူ့ပန်းခွေချအလေးပြုအခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ" ဥက္ကဋ္ဌ ဦးဟံထွန်းနှင့် အတွင်းရေးမှူး ရဲမှူးချုပ် မျိုးမင်းထိုက်၊ "ကျန်းမာရေးဆပ်ကော်မတီ"မှ ဒေါက်တာခင်ဇော်၊ "စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ"ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်စိုးမိုး၊ "ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ"နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး) "အလံတင်အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ"ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့်

စာမျက်နှာ ၈ သို့ » »



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**ရန်ကုန်  ဇွန်  ၂၈**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံရာတွင် အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများ၊ သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီ လူမင်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၈၁ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းခြင်း**

သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ သဘောတူညီချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့တွင် "လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန"ကို တိုးချဲ့ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အလုပ်အကိုင် အခွင့်အလမ်း ၃၀၀၀ ခန့် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

**နေပြည်တော်  ဇွန်  ၂၈**
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ကိုးဦး တက်ရောက်ကြသည်။



**အလုပ်အကိုင် အခွင့်အလမ်း ၂၉၀၉ နေရာ ဖန်တီးပေးနိုင်**

အစည်းအဝေးတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် သတ္တုကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်း ၁၂ ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၂၄၇ သန်းနှင့် ကျပ် ၆၂၇၇၅ ဒသမ ၇၇၂ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၉၀၉ နေရာကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၂/ ၂၀၁၉
၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)**

**တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမိုးကျော်သူ ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

» » စာမျက်နှာ ၇ မှ

အတွင်းရေးမှူး ဦးသန်းတို့က သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး သန်းထူးဇော် တို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ဆက်လက်၍ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တာဝန်ရှိသူများနှင့်အတူ အာဇာနည်ဗိမာန်သို့ သွားရောက်ပြီး အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသထားရှိမှုအခြေအနေ၊ ပြတိုက်အဆောက်အအုံ မွမ်းမံပြင်ဆင်ထားရှိမှုအခြေအနေနှင့် ခြံဝင်းအတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ ရောက်ရှိပြီး လွတ်လပ်ရေးရသည့်နေ့တွင် ယူနီယံဂျက်အလံကိုဖြုတ်ချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို ပြန်လည်လွှင့်တင်ခဲ့သည့် အလံတိုင်နေရာ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်မော်ကွန်းကျောက်စာတိုင်နေရာ၊ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးခန်းမနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့်အခန်းတို့ကို အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရေးအတွက် မွမ်းမံပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**

# မြန်မာ့ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အပြည်ပြည်ဆိုင်ရာ ပညာရေးဝန်ဆောင်မှုများကို ရွေးချယ်နိုင်ရန် မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ ကျင်းပ

**ရန်ကုန်  ဇွန်  ၂၈**
မြန်မာ့ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာကျောင်းသားများအနေဖြင့် အပြည်ပြည်ဆိုင်ရာတက္ကသိုလ်များ၊ ပညာရေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့် သင်တန်းများကို ကောင်းမွန်မှန်ကန်စွာရွေးချယ်နိုင်စေရန်ရည်ရွယ်၍ မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ(၂၀၁၉)ကို ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက်ပိုင်းက စတင်ကျင်းပခဲ့သည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အဆိုပါပြပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Trade Training Institute နှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂတို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ကျင်းပခြင်းဖြစ်ပြီး ယခုအကြိမ်မှာ တတိယအကြိမ်မြောက်ဖြစ်ကာ ဖွင့်ပွဲအခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဖေကြိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ပညာရေး၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှု၊ နည်းပညာ၊ နိုင်ငံခြားဘာသာနှင့် နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့်၊ အနုပညာ၊ ဟိုတယ်နှင့်ခရီးသွား၊ ပညာရေးအတိုင်ပင်ခံ၊ အင်ဂျင်နီယာ၊ ဆေးပညာ၊ အသက်မွေးဝမ်းကျောင်း စသည့် ပညာရေးသင်တန်းကျောင်းများမှ ပြခန်းများအပြင် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် စာအုပ်စာပေများ၊ စာရေးကိရိယာအမျိုးမျိုးတို့ကို ပြခန်းပေါင်း ၈၀ ဖြင့် စုံလင်စွာပြသထားသည်။

**အခမဲ့လာရောက်လေ့လာနိုင်**

ထို့ပြင် ပြပွဲကာလအတွင်း လူငယ်ကျောင်းသားများအတွက် သင့်လျော်သည့် ပညာရေးလမ်းကြောင်းများကို ရွေးချယ်ပေးခြင်း၊ ပညာရေးအခွင့်အလမ်းများနှင့် ပညာရေးဆိုင်ရာအချက်အလက်များကို အကြံပြုလမ်းညွှန်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည့်အပြင် ပညာသင်ဆုများရယူနိုင်မည့် အခွင့်အရေးများလည်း ပါဝင်ကြောင်း၊ နေရာမရွေး ပညာရေးခေါင်းစဉ်ဖြင့် ဆရာခင်မောင်ညို(ဘောဂဗေဒ)အပါအဝင် သက်ဆိုင်ရာ ပညာရှင်များ၏ ဆွေးနွေးဟောပြောမှုများလည်း လုပ်ဆောင်သွားမည်ဖြစ်သည်။ ပြပွဲကို ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သုံးရက်တာ ပြသသွားမည်ဖြစ်ကာ ပညာရေးနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရာမည**

# မြန်မာ - ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်

**ရန်ကုန် ဇွန် ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီးနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တစ်ဖက်ကမ်း ဒလဘက်ခြမ်း၌ မြန်မာ - ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားလုပ်ငန်း စတင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ Soosung၊ Dohwa၊ Jinwoo ကုမ္ပဏီတို့မှ တာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်၊ ဒလဘက်ကမ်းဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်၊ အရည်အသွေးထိန်းချုပ်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒလဘက်ကမ်း A-1 ဘိုးပိုင်စတင်တူးနေမှု၊ စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ဆိပ်ကမ်းမှတစ်ဆင့် တံတားတည်ဆောက်ရေးပစ္စည်းများ သယ်/ချနိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**ရန်ကုန်ဘက်ကမ်းသို့ ရောက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ကမ်းသို့ ရောက်ရှိပြီး Contractor GS Engineering & Construction မှ တာဝန်ရှိသူတို့က တံတားတည်ဆောက်ရေးစီမံကိန်း၊ ရန်ကုန်ဘက်ခြမ်းတွင် တာဝန်ယူဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ - ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်း၏ ရန်ကုန်ဘက်ခြမ်း RAP – 1 ဘိုးပိုင်စတင်တူးနေမှုကို ကြည့်ရှုအားပေးသည်။

**ဖွံ့ဖြိုးတိုးတက်**

မြန်မာ - ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းသည် ပြည်သူများ၏ မျှော်လင့်ချက်ကို အကောင်အထည်ဖော်ပေးလိုက်ခြင်းဖြစ်ပြီး တံတားကြီးသည် ရန်ကုန်မြို့၏ အထိမ်းအမှတ်တစ်ခုဖြစ်ကာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုနှင့်အတူ မြို့ပြဒေသဖွံ့ဖြိုးတိုးတက်လာကာ သွားလာရေး လွယ်ကူအဆင်ပြေချောမွေ့ပြီး ကုန်စည်စီးဆင်းမှုများလည်း သွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး “ရှုတိုင်းယဉ်ဆင်တိုင်းလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ” တက်ရောက်ဂုဏ်ပြု

**ရန်ကုန် ဇွန် ၂၈**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်တင်ဆက်သော “ရှုတိုင်းယဉ်ဆင်တိုင်းလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ”ကို ယနေ့မွန်းလွဲပိုင်းတွင် သုဝဏ္ဏ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဂုဏ်ပြုတေးသီချင်းကို တေးသံရှင် ပိုးမီက သီဆိုခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ပြုသီချင်း “အင်အားသစ်များနှင့်အတူ” တေးသီချင်းကို တေးသံရှင်စိုးပြည့်သဇင်နှင့် ကေကေတီတို့ကလည်းကောင်း၊ ဒီဇိုင်နာမေမြတ်ဝါဆို၏ “ပန်း ပန်းချီရေး၊ မြင်သူငေး” မြန်မာ့ရိုးရာဆင်ယင်ထုံးဖွဲ့မှုကိုလည်းကောင်း၊ ဒီဇိုင်နာစုစုဝေ၏ “မောင်မယ်တွဲဖက်၊ လက်ချင်းယှက်” ဆင်ယင်ထုံးဖွဲ့မှုကိုလည်းကောင်း၊ “မီးအိမ်ရှင်” တစ်ခန်းရပ်ပြဇာတ်ကိုလည်းကောင်း၊ ဒီဇိုင်နာသျှတ္တရ၏ “ကြာနွယ်ဖြင့် ဆင်၊ ခေတ်ဆန်းယဉ်” ဆင်ယင်ထုံးဖွဲ့မှုကိုလည်းကောင်း၊ ဒီဇိုင်နာ ယုံးယုံး၏ “ပုလဲကုံးသီသံစဉ်ညီ၊ ချိုမြတေး ပန်းချီ”တို့ဖြင့်လည်းကောင်း၊ တစ်ခန်းရပ်ဟာဒယရွှင်ဆေးဖြင့်လည်းကောင်း၊ ဒီဇိုင်နာမျိုးမင်းစိုး၏ “လက်ဆင့်ကမ်းဝေ၊ သာသနာအမွေ” ကိုလည်းကောင်း၊ “ဘယ်သူပိုမိုက်လည်း” ပြဇာတ်တို့ဖြင့်လည်းကောင်း ဖျော်ဖြေခဲ့ကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုပန်းခြင်းများကို ပေးအပ်သည်။

**စုပေါင်းမှတ်တမ်းတင်**

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဂုဏ်ပြုပန်းခြင်းများ ဆက်လက်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ကျောက်ပန်းတောင်း၌ ဆပ်ပြာရည်ပြုလုပ်နည်းသင်တန်းဖွင့်

**ကျောက်ပန်းတောင်း ဇွန် ၂၈**

အမျိုးသမီးများ အိမ်တွင်းမှုလုပ်ငန်းအဖြစ် ကုန်ကျစရိတ်သက်သာစေသည့် အဝတ်လျှော်၊ ပန်းကန်ဆေးဆပ်ပြာရည်ပြုလုပ်နည်း သင်တန်းကို ယနေ့ ညနေ ၄ နာရီခွဲက ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါ ကုန်ကျစရိတ်သက်သာစေသည့် အဝတ်လျှော်၊ ပန်းကန်ဆေးဆပ်ပြာရည် ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်ကေခိုင်က ရှင်းလင်းပြောကြားသည်။ ယင်းနောက် သင်တန်းနည်းပြ မိတ္ထီလာ- ကျောက်ပန်းတောင်း ကလေးအခွင့်အရေး ပူးပေါင်းဆောင်ရွက်သောအဖွဲ့ (Upper KMN)မှ ဒေါ်နန်းမြင့်ဦးက ဆပ်ပြာရည်ပြုလုပ်နည်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပါဝင်သော ပစ္စည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည့် နည်းများ၊ အဆင့်တစ်ခုချင်းအလိုက် ကြာမြင့်ချိန်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသူများနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်ကြသည်။



အဆိုပါ သင်တန်းကို သင်တန်းသူ အမျိုးသမီးစုစုပေါင်း ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နေ့စဉ် ညနေ၄ နာရီခွဲမှ ည ၇ နာရီအထိ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ICT for Education Forum ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

“ICT ကို အသုံးချလို့ ပညာခေတ်ကို ဖော်ဆောင်စို့” ဖိုရမ်၏ ဆောင်ပုဒ်နှင့်အညီ ICT for Education Forum ဒုတိယနေ့ အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းအစီအစဉ်တွင် UNESCO Myanmar၊ Microsoft၊ ဆိုက်ဘာဘေးကင်းနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပညာရေးစံနှုန်းနှင့် မူဝါဒများဆိုင်ရာ အိုင်စီတီနည်းပညာ၊ ပညာရေးနည်းပညာနှင့် သတင်းအချက်အလက်စနစ်များ၊ ဆိုက်ဘာဘေးကင်း အသိပေးအစီအစဉ်၊ e-Government and e-Education ပညာရေးမူဝါဒနှင့် စီမံကိန်းခေါင်းစဉ်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။ ယင်းနောက် စကားဝိုင်းဆွေးနွေးမှုတွင် ပညာရေးဆိုင်ရာ အိုင်စီတီအလေ့အကျင့်များနှင့် ဖွံ့ဖြိုးတိုးတက်မှုခေါင်းစဉ်ဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးကြသည်။

ဆက်လက်၍ Communication Strategy Task Team (CSTT) အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)အဖွဲ့၏ ပံ့ပိုးကူညီသူနှင့် ပူးပေါင်း၍ အဖွဲ့အလိုက်ဆွေးနွေးမှုများကို အိုင်စီတီအခြေခံအဆောက်အဦ အသုံးချမှုနှင့် လက်လှမ်းမီမှု၊ သတင်းအချက်အလက်စနစ် အချက်အလက်နှင့်လုပ်ငန်းစဉ်၊ လူသားအရင်းအမြစ်နှင့် ဒစ်ဂျစ်တယ်တတ်မြောက်မှု၊ ဆိုက်ဘာလုံခြုံရေးနှင့် အချက်အလက်လုံခြုံမှု၊ မူဝါဒအညွှန်းဘောင်ရပ်ဝန်း ခေါင်းစဉ်တို့ဖြင့် အဖွဲ့အလိုက် ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ICT for Education Forum ပိတ်ပွဲကို ကျင်းပရာ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**စစ်ကိုင်း ဇွန် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စစ်ကိုင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီက စစ်ကိုင်းမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးမေးမြန်း**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးများက မိမိတို့ တိုင်းဒေသကြီးဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှု အခြေအနေများကို ပြောကြားသည်။ ယင်းနောက် စစ်ကိုင်းခရိုင်အတွင်းရှိ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်များမှ တက်ရောက်လာကြသော ဒေသခံပြည်သူများက မိမိတို့ဒေသတွင်လိုအပ်သည့် လမ်း၊ တံတား၊ မီးရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေ ရရှိရေး၊ မြို့တော်ခန်းမအဆင့် မြှင့်တင်ပေးနိုင်မှု အခြေအနေများ စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည်များကို ဆွေးနွေးမေးမြန်းခဲ့ကြရာ သက်ဆိုင်ရာဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍများအလိုက် ပြန်လည်ဖြေကြားခဲ့ကြသည်။



**ရှင်းလင်းပြောကြား**

ထို့နောက် သက်ဆိုင်ရာဝန်ကြီးများနှင့် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍများအလိုက် ပြန်လည်ဖြေကြားမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြည်ထောင်စုအစိုးရ တာဝန်ယူ ဆောင်ရွက်ခဲ့သော သုံးနှစ်တာကာလကျော်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ လက်ရှိနှင့် လာမည့်နှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ထပ်မံဖြည့်စွက် ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

အဆိုပါ ပြည်သူလူထုတွေ့ဆုံပွဲတွင် တိုင်ကြားစာများကို လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်းမြို့နယ် ကိုးစောင်နှင့် မြင်းမူမြို့နယ်မှ နှစ်စောင် စုစုပေါင်း ၁၁ စောင်ရှိကာ သက်ဆိုင်သူများထံသို့ တာဝန်ရှိသူများက ပြန်လည်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး မြောင်းမြအကျဉ်းထောင်အား စစ်ဆေး

**မြောင်းမြ ဇွန် ၂၈**
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၈ ရက်က မြောင်းမြအကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် အကျဉ်းသား အကျဉ်းသူများ၊ အချုပ်သား အချုပ်သူများအား တွေ့ဆုံမေးမြန်း၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ခံစားရရှိခြင်း ရှိ၊ မရှိ စစ်ဆေးကာ လိုအပ်သည်များကို အကြံပြုညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးသည် မြောင်းမြမြို့မရဲစခန်းသို့ရောက်ရှိပြီး အချုပ်ခန်းနှင့် အချုပ်တရားခံများအား ကြည့်ရှုစစ်ဆေးခဲ့ကာ မြောင်းမြခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ် တရားသူကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**



## ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျ မြန်မာအလုပ်သမား နှစ်ဦး လွတ်မြောက်လာမှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် ဇွန် ၂၈**
ရနောင်းမြို့တွင်ဖြစ်ပွားခဲ့သည့် ကျောင်းသူတစ်ဦးသေဆုံးမှုနှင့်စပ်လျဉ်း၍ အစွပ်စွဲခံရသော ပြစ်ဒဏ်ကျ မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်ဦး လွတ်မြောက်လာမှုနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက လှိုင်မြို့နယ် သဇင်လမ်းရှိ လှိုင်ရတနာလုံးချင်းအိမ်ရာ၌ ပြုလုပ်သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်က ထိုင်း-မြန်မာနယ်စပ် ရနောင်းမြို့ရှိ လေ့ဆိပ်၌ ထိုင်း-မြန်မာ ကပြားကျောင်းသူတစ်ဦးအား အမည်မသိ လူတစ်စုက ဓားဖြင့်ထိုးသတ်ခဲ့မှုအပေါ် မြန်မာရွှေ့ပြောင်းအလုပ်သမား လေးဦးအား ထိုင်းနိုင်ငံ တရားရုံးက စွပ်စွဲခဲ့သည်။ မြန်မာရွှေ့ပြောင်း အလုပ်သမား လေးဦးဖြစ်သော မိုးဇင်အောင်၊ ကျော်စိုးဝင်း၊ စိန်ကတုံးနှင့် ဝေလင်း(ခ) ဇော်လင်းတို့အား ထိုင်းတရားသူကြီးက ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ထောင်ဒဏ် နှစ်နှစ်မှ ရှစ်နှစ်အထိ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံ ဥပဒေအရ အမှုကိုကြားနာစစ်ဆေးပြီးသည့်နောက် အသက် ၁၈ နှစ်မပြည့်သေးသည့် မိုးဇင်အောင်နှင့် ကျော်စိုးဝင်းတို့ နှစ်ဦးမှာ ယင်းနှစ်တွင်ပင် လွတ်မြောက်ခဲ့ကြောင်း သိရသည်။ စိန်ကတုံးနှင့် ဝေလင်းတို့အတွက် ထိုင်းတောင်ပိုင်း ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းက အမှုစတင်ဖြစ်ပွားစဉ်ကတည်းကပင် ထိုင်းရှေ့နေများကောင်စီနှင့်ပူးပေါင်း၍ လိုက်ပါကူညီဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဧပြီလအတွင်းက ရနောင်းမြို့တရားရုံးကို အယူခံတင်သွင်းကာ ဥပဒေအရ ကူညီဆောင်ရွက်ပေးခဲ့သောကြောင့် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ၎င်းတို့နှစ်ဦး လွတ်မြောက်လာခဲ့ကြခြင်းဖြစ်သည်။ **ပွင့်သစ္စာ**

## ရန်ကုန်နည်းပညာတက္ကသိုလ်၌ (၁၂)ကြိမ်မြောက် သိပ္ပံနှင့် အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၈**
(၁၂)ကြိမ်မြောက် သိပ္ပံနှင့် အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ (12th National Conference on Science and Engineering-NCSE )ကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ စုဝေးခန်းမ၌ ကျင်းပသည်။

**သုတေသနတွေ့ရှိချက်တွေကို တင်ပြ**

ရန်ကုန် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြင့်သိန်းက "ရန်ကုန်နည်းပညာတက္ကသိုလ်မှာ မဟာအင်ဂျင်နီယာနဲ့ ဗိသုကာ သင်တန်းတွေကို တက်ရောက်နေကြတဲ့ ကျောင်းသား ကျောင်းသူတွေ ဆောင်ရွက်ထားတဲ့ သုတေသနတွေ့ရှိချက်တွေကို တင်ပြကြမယ့် အခမ်းအနားပါ။ လာရောက်လေ့လာကြတဲ့ သူတွေအနေနဲ့ ဗဟုသုတတွေ ရကြမယ်။ သူတို့သိချင်တဲ့ အကြောင်းအရာတွေကိုလည်း ပြန်ပြီးမေးမြန်းနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ဒါ့အပြင် ရန်ကုန် နည်းပညာတက္ကသိုလ်ကို လာရောက်ပြီး ပညာသင်ကြားလိုတဲ့ ကျောင်းသား ကျောင်းသူတွေအတွက်လည်း လေ့လာနိုင်အောင် ပြခန်းတွေ ဖွင့်လှစ်ပြသထားပါတယ်။ သူတို့ သိချင်တာတွေကို မေးမြန်းနိုင်အောင် ပြခန်းတိုင်းမှာ ပြန်လည်ဖြေကြားပေးမယ့်သူတွေလည်း စီစဉ်ပေးထားပါတယ်"ဟု ပြောသည်။

အဆိုပါ စာတမ်းဖတ်ပွဲကို ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အင်ဂျင်နီယာ၊ ဗိသုကာနှင့် အခြားပညာရပ်နယ်ပယ်မှတင်သွင်းသည့် စာတမ်းပေါင်း ၁၅၉ စောင်ကို ဖတ်ကြားတင်သွင်းကြသည်။

ထို့အပြင် ရန်ကုန် နည်းပညာတက္ကသိုလ်တွင် သင်ကြားပို့ချနေသည့် ဌာန ၁၂ ခုတို့မှ သက်ဆိုင်ရာဌာနအလိုက် နည်းပညာရပ်ဆိုင်ရာ



ပြခန်းများ ဖွင့်လှစ်ပြသထားပြီး ယင်းပြခန်းများတွင် အဆိုပါကျောင်းမှ သင်ကြားပို့ချပေးနေသော ဘာသာရပ်များ၊ ကျောင်းသား ကျောင်းသူများ ဆောင်ရွက်ထားရှိသည့် နည်းပညာရပ်ပိုင်းဆိုင်ရာ တီထွင်ထားရှိမှုများကိုလည်း လက်တွေ့သရုပ်ပြမှုတို့ဖြင့် ပြသလျက်ရှိသည်။

**နည်းပညာပိုင်းအရ ပုံတူရေးဆွဲ**

အဆိုပါတက္ကသိုလ်မှ ကျောင်းသူ မချစ်စန္ဒီစိမ့်က "ကျွန်မဖတ်မယ့် စာတမ်းကတော့ ရဲစခန်းတွေမှာ အသုံးဝင်နိုင်မယ့် နည်းပညာပိုင်းဆိုင်ရာတွေ့ရှိချက် စာတမ်းပါ။ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ တရားခံကို ရှာဖွေဖမ်းဆီးတဲ့အခါမှာ အသုံးဝင်နိုင်မယ့်အရာပါ။ CCTV၊ ရုပ်သံမှတ်တမ်းမျိုးမရရှိလိုက်တဲ့ တရားခံမျိုးကို ဘေးပတ်ဝန်းကျင်က မျက်မြင်တွေ့ရှိသူတစ်ဦးရဲ့ ပြောပြချက်နဲ့ နည်းပညာပိုင်းအရ ပုံတူရေးဆွဲတဲ့ စာတမ်းပါ။ ပြည်ပနိုင်ငံ အတော်များများမှာ အသုံးပြုနေပါပြီ။ ကျွန်မတို့နိုင်ငံမှာတော့ အသုံးပြုတာနည်းနေသေးတဲ့အတွက် ဒီစာတမ်းလေးကို ပြုစုဖြစ်တာပါ"ဟု ပြောသည်။

အခမ်းအနား ဒုတိယနေ့တွင် တင်သွင်းဖတ်ကြားခဲ့သည့် စာတမ်းများအနက် အကောင်းဆုံး သုတေသနစာတမ်းများနှင့် အကောင်းဆုံး တင်ဆက်ပြသပုံများကို စိစစ်ရွေးချယ်ကာ ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ရန်ကုန် နည်းပညာတက္ကသိုလ်သည် အရည်အသွေးပြည့်မီသည့် အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ မွေးထုတ်နိုင်ရေးကို အစဉ်တစိုက်ကြိုးပမ်းလျက်ရှိရာ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် အခြားဆက်စပ်တက္ကသိုလ်များမှ ဘွဲ့လွန်အင်ဂျင်နီယာနှင့် ဗိသုကာ သင်တန်းသားများ၏ ဘွဲ့ယူကျမ်းပြု သုတေသနများကို အခြေခံရေးသားထားသည့် သုတေသနစာတမ်းများ၊ သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အတွင်းရှိ ဘွဲ့လွန်သင်တန်းသားများ၊ သုတေသီများ၊ ပညာရှင်များအကြား မျှဝေသိရှိနိုင်စေရန်နှင့် ဆွေးနွေးနှီးနှောဖလှယ်နိုင်ရန်ရည်ရွယ်၍ အဆိုပါ စာတမ်းဖတ်ပွဲကို နှစ်စဉ် ကျင်းပနေခြင်းဖြစ်သည်။

**ဆွေးနွေးနှီးနှောဖလှယ်**

ထိုကဲ့သို့ ကျင်းပနိုင်ခြင်းဖြင့် ရန်ကုန် နည်းပညာတက္ကသိုလ်မှ ဘွဲ့လွန်သင်တန်းသားအချင်းချင်း သုတေသန အတွေ့အကြုံများ ဆွေးနွေး နှီးနှောဖလှယ်နိုင်သည့် အခွင့်အရေးရရှိစေရန်၊ ပြင်ပလုပ်ငန်းများ၏ သုတေသနနှင့် လုပ်ငန်းအတွေ့အကြုံများ ဆွေးနွေးနှီးနှောဖလှယ်နိုင်သည့် အခွင့်အရေးရရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

ရန်ကုန် နည်းပညာတက္ကသိုလ်တွင် ဘွဲ့ကြိုအတွက် ဘာသာရပ် ၁၂ ခု ရှိပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဘာသာရပ်နှစ်ခု တိုးချဲ့ဖွင့်လှစ် သင်ကြားရန် စီစဉ်ထားကြောင်း၊ ယင်းဘာသာရပ်နှစ်ခုမှာ အဝေးဆက်သွယ်ရေး အင်ဂျင်နီယာဘာသာရပ်နှင့် အစာအာဟာရဆိုင်ရာ အင်ဂျင်နီယာ ဘာသာရပ်တို့ဖြစ်ကြောင်း၊ ယခုပညာသင်နှစ်တွင် ဘွဲ့ကြို ကျောင်းသား ကျောင်းသူ ၁၆၀၀ ခန့် နှင့် ဘွဲ့လွန် ကျောင်းသား ကျောင်းသူ ၅၀၀ ခန့်ရှိကြောင်း အဆိုပါတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ မြင့်သိန်းထံမှ သိရသည်။

**တက်ရောက်**

ယနေ့ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အဆင့်မြင့် နည်းပညာတက္ကသိုလ် ဦးစီးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ရန်ကုန် နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# (၅) ကြိမ်မြောက် ငွေကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုအတွက် ထီစာအုပ်ပေါင်း ၃၁ သိန်းကျော် ရောင်းချနိုင်

**နေပြည်တော် ဇွန် ၂၈**

(၅)ကြိမ်မြောက် ငွေကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုအတွက် ထီစာအုပ်ပေါင်း ၃၁ သိန်းကျော် ရောင်းချနိုင်ခဲ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ယခုလအတွက် ထီစာအုပ်ပေါင်း ၃၂၇၂၇၂၀ အုပ်ရှိရာတွင် ထီစာအုပ် ၃၁၀၃၀၄၀ အုပ် ရောင်းချနိုင်ခဲ့၍ ထီစာအုပ် ၁၆၉၆၈၀ အုပ်မှာ ရောင်းမကုန်ထီလက်မှတ်များ ဖြစ်ပေါ်ခဲ့ပြီး ရောင်းရငွေစုစုပေါင်းမှာ ငွေကျပ် ၃၁၀၃၀ ဒသမ ၄ သန်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောင်းချရငွေမှ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၁၈၆၁၈ ဒသမ ၂၄ သန်းကို ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပြီး (၅)ကြိမ်မြောက် ငွေကျပ် ၁၀၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီမှစတင်၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထီဆုငွေများအဖြစ် အထူးဆုကြီးစနစ်တွင် ကျပ် သိန်းတစ်သောင်းငါးထောင် တစ်ဆု၊ ကျပ်သိန်းတစ်သောင်း တစ်ဆု၊ ကျပ်သိန်းငါးထောင်ဆု နှစ်ဆု၊ ကျပ်သိန်းနှစ်ထောင်ဆု လေးဆုနှင့် ကျပ်သိန်းတစ်ထောင်ဆု ရှစ်ဆု၊ ဆုတစ်ဆုချင်းစနစ်တွင် ကျပ်သိန်းငါးရာ၊ ကျပ်သိန်း နှစ်ရာ၊ ကျပ်သိန်းတစ်ရာ၊ ကျပ်သိန်းငါးဆယ်၊ ကျပ်သိန်းနှစ်ဆယ်၊ ကျပ်ဆယ်သိန်း၊ ကျပ်ငါးသိန်းနှင့် ဝေဝေဆာဆာပဒေသာ ဆုမဲများဖြစ်သည့် ကျပ်သုံးသိန်း၊ ကျပ်နှစ်သိန်း၊ ကျပ်တစ်သိန်းနှင့် ကျပ်ငါးသောင်းဆုမဲများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဘဏ္ဍာသိမ်းဆုငွေကျပ် သန်း ၂၅၀ မှ ဆုတစ်ဆုချင်း ဆုမဲများအဖြစ် ကျပ်ဆယ်သိန်းဆုများ၊ ဝေဝေဆာဆာ ဆုမဲများအဖြစ် ကျပ်သုံးသိန်းဆုများ၊ ကျပ်နှစ်သိန်းဆုများ၊ ကျပ်တစ်သိန်းဆုများကို ထည့်သွင်းဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အတူ ထီဖွင့်ပွဲတွင် ဆုကြီးစနစ်နှင့် ဆုတစ်ဆုချင်းစနစ်များကို ရောင်းမကုန် ထီလက်မှတ်နံပါတ်မှ ဆုမဲပေါ်ထွက်လာပါက ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်တွင် ရောင်းမကုန်ထီလက်မှတ်နံပါတ်မှ ဆုမဲထွက်ပေါ်လာပါက အဆိုပါ ဆုတန်ဖိုးများစုပေါင်း၍ အခြားသင့်လျော်သော ဆုမဲများကို အစားထိုးပြန်လည် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၅) ကြိမ်မြောက် ငွေကျပ် ၁၀၀၀ တန် ကံထူးရှင်များအနက် ကျပ်ဆယ်သိန်းနှင့်အထက် ကံထူးရှင်များကို ဇူလိုင် ၂ ရက်မှစ၍လည်းကောင်း၊ အခြား ကံထူးရှင်များကို ဇူလိုင် ၁၁ ရက်မှစ၍လည်းကောင်း ထီဆုငွေထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲရုံးများ၌ တင်ပြထုတ်ယူနိုင်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာ ကောင်းထက်စံ နို့စားနွားမွေးမြူရေးခြံသို့ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကွင်းဆင်းလေ့လာ

**မိတ္ထီလာ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ ဦးခင်မောင်ဝင်း၏ ကောင်းထက်စံ နို့စားနွား မွေးမြူရေးခြံသို့ ဇွန်၂၈ ရက် နံနက် ၁၀ နာရီခွဲက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပဉ္စမနှစ် ကျောင်းသား ကျောင်းသူများ ကွင်းဆင်းလေ့လာကြသည်။

အဆိုပါ နို့စားနွား မွေးမြူရေးခြံရှိ နွားနို့ညှစ်ခြံ၊ နွားကြီးခြံ၊ နွားငယ်ခြံ၊ နွားစာအစာစပ်ရုံ၊ အစာသိုလှောင်ရုံ နေရာများနှင့် နွားမွေးမြူထားရှိသည့် အခြေအနေများကို မိတ္ထီလာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမြင့်သိန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ စောပိုပိုနှင့် အုပ်ချုပ်သူ ဆရာ ဆရာမ ၁၉ ဦး၊ ပဉ္စမနှစ် ကျောင်းသူ ၇၆ ဦး၊ ကျောင်းသား ၄၅ ဦးတို့က ကွင်းဆင်း လေ့လာရာ နွားမွေးမြူရေးခြံပိုင်ရှင်၏သားဖြစ်သူ ကိုချစ်မင်းဦးက လိုက်လံရှင်းလင်းပြသည်။

၎င်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကွင်းဆင်းလေ့လာရေး အဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် အတွင်းရှိ ညောင်မြင့်၊ မင်းရွာ၊ ညောင်ကိုင်း၊ မြင်းကန်၊ မုန်တိုင်၊ ရေဝေ၊ မွေ၊ သရက်ပင်နှင့် ရှမ်းမငယ် ကျေးရွာတို့တွင် ကျွဲ၊ နွား မွေးမြူရေး အခြေအနေများကို လေ့လာ၍ အခမဲ့ဆေးကုသပေးခြင်း၊ အသိပညာပေးခြင်းများကို ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။



ကွင်းဆင်း လေ့လာရခြင်း၏ ရည်ရွယ်ချက်များမှာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် စာတွေ့သင်ကြားခဲ့သည်များကို ကျေးရွာများသို့ သွားရောက်ပြီး လက်တွေ့ဖြင့် ပေါင်းစပ်လေ့လာနိုင်ရန်၊ ကျေးလက်ဒေသရှိ တိရစ္ဆာန်များအား ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် လိုအပ်သော ဆေးဝါးကုသမှုများပေးရန်၊ ကျေးလက်ဒေသရှိ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ကျွေးမွေးသည့် အစာများ၊ ကျွေးမွေးသည့် နည်းစနစ်များ လေ့လာရန်၊ ကျေးရွာပြည်သူလူထုအား အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့် ဒေသန္တရ ဗဟုသုတများ ရှာဖွေဆည်းပူးရန် ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# လမ်းမတော်မြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "မူးယစ်ဆေးဝါး အန္တရာယ်" ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၀နာရီက လမ်းမတော်မြို့နယ် အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်း မြည်သီလာခန်းမ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ထွန်း၊ ခရိုင်ပညာရေးမှူး ဒေါ်သိင်္ဂီမွန်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဇင်မာလွင်တို့က ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့် လက်ဝယ်ထားရှိမှုများ၏ ပြစ်မှုပြစ်ဒဏ်နှင့်ပတ်သက်သည်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကာ မူးယစ်ဆေးဝါးသုံးစွဲခြင်း နောက်ဆက်တွဲကဏ္ဍဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ထိခိုက်ဆုံးရှုံးမှုအကြောင်းတို့ကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ အခမ်းအနားတက်ရောက်ကြသူများက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# ရုရှားသမ္မတ ပူတင်နှင့် အလွန်ကောင်းမွန်သော ဆက်ဆံရေးရှိဟု သမ္မတ ထရန့် ပြော




**အိုဆာကာ ဇွန် ၂၈**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပလျက်ရှိသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ ပြင်ပတွင်တွေ့ဆုံရာ၌ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အလွန်ကောင်းမွန်သော ဆက်ဆံရေးရှိကြောင်း ပြောကြားလိုက်သည်။

"သမ္မတ ဗလာဒီမာပူတင်နဲ့ တွေ့ဆုံဆွေးနွေးရတာ အလွန်ကို ဂုဏ်ယူပါတယ်" ဟု သမ္မတ ဒေါ်နယ်ထရန့်က ဆိုသည်။ မိမိတို့နှစ်ဦးကြား အလွန်ကောင်းမွန်သော ဆက်ဆံရေးရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

စစ်အေးကာလကတည်းက နှစ်နိုင်ငံဆက်ဆံရေးသည် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိခဲ့ရာ ယခုအချိန်တွင် ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းသွားကြမည်ဟု ခေါင်းဆောင်နှစ်ဦးက ဆိုသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ လက်နက်ဖျက်သိမ်းရေးနှင့် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒဆိုင်ရာ ကိစ္စရပ်များကို အပြုသဘော ဆောင်သောနည်းလမ်းများဖြင့် ရလဒ်ကောင်းများထွက်ပေါ်စေရန် ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း သမ္မတ ထရန့်က ပြောကြားခဲ့သည်။

ထို့ပြင် လာမည့်အမေရိကန်ရွေးကောက်ပွဲတွင် ရုရှားနိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်မှုမပြုလုပ်ပါရန် သမ္မတ ထရန့်က ရယ်မောစွာဖြင့် ပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦး မျက်နှာချင်းဆိုင်တွေ့ဆုံမှုသည် လွန်ခဲ့သောနှစ်က ဖင်လန်နိုင်ငံ ဟယ်စင်စကီးမြို့တွင် တွေ့ဆုံခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဂျပန်သို့မသွားရောက်မီ ခရီးစဉ်နှင့်ပတ်သက်၍ "ကျွန်တော် ရုရှားသမ္မတ ပူတင်နဲ့ အလွန်ကောင်းမွန်တဲ့ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်သွားဖို့ရှိပါတယ်"ဟု သမ္မတ ထရန့်က အိမ်ဖြူတော်၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ပါပူဝါနယူးဂီနီကျွန်းစုရှိ မီးတောင်တစ်လုံးပေါက်ကွဲ ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရ

**ပို့မော်ရက်စ်ဘီ ဇွန် ၂၈**

ပါပူဝါနယူးဂီနီနိုင်ငံ၏ ကျွန်းစုအစွန်အဖျားရှိ မီးတောင်တစ်လုံးပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် ထောင်ပေါင်းများစွာသော ဒေသခံများအား နေရာရွှေ့ပြောင်းပေးမှုတွင် အကူအညီပေးရန် တပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့ကြောင်း ပါပူဝါနယူးဂီနီနိုင်ငံ ဝန်ကြီးချုပ်က ဇွန် ၂၈ ရက်တွင် ပြောကြားသည်။ ယင်းမီးတောင်ပေါက်ကွဲမှုသည် ပါပူဝါနယူးဂီနီနိုင်ငံတွင် ဒုတိယမြောက် မီးတောင်ပေါက်ကွဲမှု ဖြစ်သည်။

**အရေးပေါ်အခြေအနေကြေညာ**

ကမ္ဘာပေါ်တွင် ဘေးအန္တရာယ်အကြီးမားဆုံး မီးတောင်များထဲတွင် တစ်ခုအဖြစ်ပါဝင်သည့် အူလာဝန်မီးတောင်မှ ချော်ရည်ပူများနှင့်ပြာများ စီးထွက်မှုကြောင့် ဒေသခံပြည်သူ ၇၀၀၀ မှ ၁၃၀၀၀ ကြားကို ဘေးကင်းသောနေရာများသို့ ရွှေ့ပြောင်းပေးထားရဖွယ်ရှိပြီး နိုင်ငံ၏ အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသည်။

မီးတောင်ပေါက်ကွဲမှု အခြေအနေကိုသုံးသပ်ပြီး ယင်းဒေသကို စစ်ဘက်မှ တပ်ဖွဲ့ဝင်များကို စေလွှတ်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့အနေဖြင့် မြေပြင်တွင် အကူအညီပေးရေးအတွက် အထောက်အကူဖြစ်စေရန် စစ်ဘက်တပ်ဖွဲ့များကို စေလွှတ်သွားမည်ဟု ပါပူဝါနယူးဂီနီ ဝန်ကြီးချုပ် ဂျိမ်းစ်မာရာပီက ပြောကြားသည်။

**နေအိမ်များ ပျက်စီး**

ဒေသခံပြည်သူ ၁၃၀၀၀ ကျော်ကို နေရာရွှေ့ပြောင်းပေးထားပြီးဖြစ်ကြောင်းနှင့် ယင်းတို့ထဲမှ လူဦးရေ ၁၀၀၀ ခန့်မှာ ၎င်းတို့နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဒေသခံလွှတ်တော်အမတ် ဂျိုးဇက်လီလန်းက ပြောကြားသည်။

မိမိတို့ လတ်တလော ဆောင်ရွက်ရမည့်လုပ်ငန်းမှာ မီးတောင်ပေါက်ကွဲမှုဒဏ် သက်ရောက်ခဲ့သည့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ရေးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဇွန် ၂၈ ရက် အစောပိုင်းတွင် အူလာဝန်မီးတောင်တွင် အသေးစားပေါက်ကွဲမှုတစ်ရပ် ဖြစ်ပေါ်ခဲ့ကြောင်း ရာဘောရှိ မီးတောင်စောင့်ကြည့်ရေးစခန်းမှ တိုင်းတာရေးပညာရှင် စတီဗင်ဆန်းဒါးက အတည်ပြုပြောကြားခဲ့သည်။ သို့သော် ယင်းပေါက်ကွဲမှုများသည် အင်အားပြင်းထန်ခြင်းမရှိဘဲ မီးတောင်လှုပ်ရှားမှုများမှာ လျော့ပါးသွားကြောင်း ၎င်းက ပြောကြားသည်။

**အေအက်ဖ်ပီ**



# ဆီးရီးယားတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် တူရကီစစ်သည်တစ်ဦး သေဆုံး၊ သုံးဦးဒဏ်ရာရ

**ဒမတ်စကတ် ဇွန် ၂၈**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ တူရကီစစ်စခန်းများကို ဆီးရီးယားအစိုးရတပ်ဖွဲ့များက ဇွန် ၂၇ ရက်တွင် အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် တူရကီစစ်ဘက်မှ စစ်သည်တစ်ဦး သေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားပြည်တွင်းစစ်စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဟားမားပြည်နယ်မှ ရှီယာမာဂရမ်မြို့တွင်းရှိ တူရကီစစ်ဘက်မှ အကဲကြည့်စခန်းတစ်ခုအား ဇွန် ၂၇ ရက်တွင် ဆီးရီးယားအစိုးရတပ်ဖွဲ့က အမြောက်များဖြင့် သုံးကြိမ်ပစ်ခတ်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

ဇွန် ၂၇ ရက် ညနေပိုင်းက အမြောက်ဖြင့် ပစ်ခတ်မှုကြောင့် တူရကီစစ်သည်တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူသုံးဦးအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်းက တူရကီနှင့် ရုရှားနိုင်ငံတို့အကြား သဘောတူညီမှုရခဲ့သော တင်းမာမှုလျှော့ချဇုန်တည်ထောင်ရေးစာချုပ်အရ တူရကီစစ်ဘက်မှ ဆီးရီးယားနိုင်ငံ မြောက်ပိုင်းဒေသတွင် စောင့်ကြည့်လေ့လာရေးစခန်းအချို့ကို ချထားခဲ့ခြင်းဖြစ်သည်။

ယင်းတင်းမာမှုလျှော့ချရေးဇုန်အတွင်းရှိ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိသည့် ဆီးရီးယားသူပုန်များက သဘောတူညီချက်များကို လိုက်နာခြင်းမရှိမှုကြောင့် ဆီးရီးယားအစိုးရတပ်ဖွဲ့များက လွန်ခဲ့သည့် နှစ်လကျော်ကာလကတည်းကပင် အီဒလစ်နှင့် ဟားမားပြည်နယ်အတွင်းရှိ ယင်းသူပုန်အဖွဲ့စခန်းများကို ပစ်မှတ်ထား တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်ထားခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ဆက်ဆံရေးဆိုင်ရာ ပူးတွဲညီလာခံ အမေရိကန်နှင့်အစ္စရေး ကျင်းပ

**ဂျေရုဆလင် ဇွန် ၂၈**

အစ္စရေးသမ္မတနှင့် ဝန်ကြီးချုပ်တို့သည် အမေရိကန် အရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန် အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် ဇွန် ၂၇ ရက်က ကျင်းပသော အမေရိကန်နှင့် အစ္စရေးအကြား ဆက်ဆံရေးဆိုင်ရာ ပူးတွဲညီလာခံတစ်ရပ်သို့ တက်ရောက်ခဲ့ကြသည်။

**ဆက်ဆံရေးဆိုင်ရာဆွေးနွေး**

ရာနှင့်ချီသော အမေရိကန်နှင့် အစ္စရေးအရာရှိများသည် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြရန် ဂျေရုဆလင်မြို့ရှိ ရှေးဟောင်းသုတေသနဆိုင်ရာ ဥယျာဉ်တစ်ခုဖြစ်သည့် ဒေးဗစ်ဆန်ဗဟိုဌာန၌ စုရုံးခဲ့ကြသည်။

အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒေးဗစ်ဖရိုက်မန်းနှင့် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန် အထူးသံတမန် ဂျာဆန်ဂရင်းဘလတ်တို့သည် အဆိုပါညီလာခံ၌ ဟောပြောဆွေးနွေးသူများထဲတွင် ပါဝင်ကြပြီး နှစ်ဦးစလုံးက အစ္စရေးနိုင်ငံအပေါ် ထောက်ခံအားပေးကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

**အောင်မြင်မှုများထုတ်ဖော်**

အမေရိကန်နှင့် အစ္စရေးအရာရှိများသည် အဆိုပါ ဆွေးနွေးပွဲအတောအတွင်း ၁၉၄၈ ခုနှစ်ကတည်းက အမေရိကန်နှင့် အစ္စရေးနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တစ်လျှောက်လုံးတွင်ရရှိခဲ့သည့် အဓိကအောင်မြင်ဖြစ်ထွန်းမှုများကို အလေးထား ထုတ်ဖော်ပြောကြားခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲအတောအတွင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားရာတွင် ဤနေရာတွင် အစ္စရေးနိုင်ငံသာမရှိခဲ့ပါက အရှေ့အလယ်ပိုင်းဒေသသည် ပြိုကွဲသွားမည်ဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံသည် စစ်ပွဲဆင်နွှဲရာတွင် အစ္စရေးကိုယ်စား စစ်တိုက်ပေးရန် အမေရိကန်မြေပြင်တပ်ဖွဲ့ကို တောင်းဆိုမည် မဟုတ်ကြောင်း အလေးထားပြောကြားခဲ့သည်။

**ထုတ်ဖော်ပြောကြား**

တစ်ဆက်တည်းမှာပင် နေတန်ယာဟုက အီရန်၏ နျူကလီးယားဆိုင်ရာ ရည်ရွယ်ချက်များနှင့် အကြမ်းဖက်လုပ်ရပ်များအား ထောက်ခံခြင်းမှတစ်ဆင့် အစ္စရေးနိုင်ငံအပေါ် အီရန်၏ ရန်လိုမှုများနှင့်ပတ်သက်၍ စိုးရိမ်မိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ယခုနှစ် ပထမ ခြောက်လ ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ပမာဏ ၇ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်

**ဟနွိုင်း ဇွန် ၂၈**

ယခုနှစ် ပထမ ခြောက်လအတွင်း ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်း ပို့ကုန်ပမာဏသည် အမေရိကန် ဒေါ်လာ ၁၂၂ ဒသမ ၇ ဘီလီယံကျော်ရှိပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယင်းကာလအတွင်း စုစုပေါင်း သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၈ ဘီလီယံ ဒေါ်လာနီးပါးရှိပြီး ယခင်နှစ် အလားတူကာလထက် ၁၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်သည်ဟု အထွေထွေစာရင်းအင်းဌာနက ယနေ့ ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ တင်ပို့မှုသည် လေးရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ ဘီလီယံရရှိခဲ့သည်။ လျှပ်စစ်ပစ္စည်း၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တင်ပို့မှုသည် ၁၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံ ရရှိခဲ့သည်။ အဝတ်အထည်နှင့် အထည်အလိပ်တင်ပို့မှုတွင် ၉ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ရရှိသည်။ ဖိနပ်တင်ပို့မှုသည် ၁၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ ရရှိခဲ့သည်။



ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ အများဆုံး ကုန်ပစ္စည်း တင်သွင်းသူအဖြစ်ဆက်လက်ရပ်တည်ခဲ့ပြီး သွင်းကုန် ပမာဏစုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၅ ဘီလီယံရှိသည်။ ဥရောပသမဂ္ဂမှ ဗီယက်နမ် နိုင်ငံသို့ သွင်းကုန်ပမာဏသည် ၂၀ ဒသမ ၆ ဘီလီယံ ဒေါ်လာရှိပြီး တရုတ်နိုင်ငံ၏ ဗီယက်နမ်သို့ သွင်းကုန် ပမာဏသည် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈ ဘီလီယံ ရှိသည်ဟု အဆိုပါရုံးက ပြောကြားသည်။

အလားတူကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်အသုံးအဆောင်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုသည် ၂၀ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၃ ဘီလီယံ သုံးစွဲခဲ့သည်။ စက်၊ စက်ပစ္စည်းကိရိယာနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုသည် ၁၄ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉ ဘီလီယံ သုံးစွဲခဲ့သည်။ အဝတ်အထည် တင်သွင်းမှုသည် ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ ရာခိုင်နှုန်း သုံးစွဲခဲ့သည်။ သံနှင့်သံမဏိတင်သွင်းမှုသည် သုည ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၅ ဘီလီယံ သုံးစွဲခဲ့သည်။

အဆိုပါကာလအတွင်း တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံက အများဆုံး ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်ပြီး စုစုပေါင်း ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၈ ဘီလီယံ ရှိသဖြင့် ၂၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ တောင်ကိုရီးယားနိုင်ငံသို့ စုစုပေါင်းပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ ဘီလီယံရှိခဲ့ပြီး တစ်ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများသို့ ဗီယက်နမ်နိုင်ငံ၏ စုစု ပေါင်းပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃ ဘီလီယံရှိခဲ့ပြီး ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု အဆိုပါရုံးမှ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်- အောင်ဇော်လင်း**

# တူရကီ၌ နိုင်ငံတကာ လေကြောင်းလေ့ကျင့်မှု ပြုလုပ်

**အန်ကာရာ ဇွန် ၂၈**

ပူးတွဲတာဝန်များ ထမ်းဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် စစ်ဆင်ရေးပုံစံများ လေ့ကျင့်ရန် တူရကီနှင့် ယင်း၏မဟာမိတ်နိုင်ငံများသည် နိုင်ငံအလယ်ပိုင်း ကွန်ညာပြည်နယ်၌ ပြုလုပ်သည့် Anatolian Eagle ခေါ် လေကြောင်းလေ့ကျင့်မှုတွင်ပါဝင်ခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဖော်ပြလိုက်သည်။



ဇွန် ၁၇ ရက်မှ ၂၈ ရက်အထိ ပြုလုပ်သည့် အဆိုပါလေကြောင်း လေ့ကျင့်မှုတွင် တူရကီ၊ အီတလီ၊ ဂျော်ဒန်၊ ပါကစ္စတန်၊ ကာတာနှင့် အမေရိကန်တို့ ပါဝင်ခဲ့ပြီး အဇာဘိုင်ဂျန်နိုင်ငံက လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ စစ်ရေးလေ့ကျင့်မှု၏ အဓိကရည်ရွယ်ချက်မှာ ပါဝင်သည့်နိုင်ငံများမှ လေကြောင်းတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ရေးစွမ်းပကားများ တိုးတက်လာစေရန်ဖြစ်ကြောင်း တူရကီအရာရှိတစ်ဦးက သတင်းစာရှင်းလင်းပွဲတစ်ခုအတွင်း ရှင်းပြခဲ့သည်။ လေကြောင်းလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင်များကို လေယာဉ်ဖြင့် သယ်ပို့ပေးခြင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ မြေပြင်တပ်ဖွဲ့များကို တိုက်ခိုက်သည့် စစ်ဆင်ရေးများနှင့် ပစ်မှတ်များကိုဖျက်ဆီးခြင်း အစရှိသည့် လေ့ကျင့်မှုများပါဝင်ခဲ့သည်။

ထို့အပြင် စစ်ရေးလေ့ကျင့်မှုတွင် တူရကီတပ်ဖွဲ့ဝင် ၆၀၀ ခန့်နှင့် ပြည်ပတပ်ဖွဲ့ဝင် ၄၅၀ ကျော် ပါဝင်ခဲ့ပြီး အက်ဖ်-၁၆ နှင့် အက်ဖ်-၄ ဂျက်တိုက်လေယာဉ်များ အသုံးပြုခဲ့သည်။ လက်ရှိအချိန်ထိ နိုင်ငံပေါင်း ၁၄ နိုင်ငံက "Anatolian Eagle" လေကြောင်းလေ့ကျင့်မှုတွင် ပါဝင်ခဲ့ပြီး ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## လူ ၁၂ ဦး လိုက်ပါသည့် အင်ဒိုနီးရှား စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျောက်ဆုံး

**ဂျကာတာ ဇွန် ၂၈**

လူ ၁၂ ဦး စီးနင်းလိုက်ပါလာသည့် အင်ဒိုနီးရှား စစ်ဘက်သုံးရဟတ်ယာဉ်တစ်စင်းသည် ဇွန် ၂၈ ရက်က လေဆိပ်မှ ထွက်ခွာပျံသန်းခဲ့ပြီးနောက် မိနစ်ပိုင်းအတွင်း လေယာဉ်အသွားအလာ ထိန်းချုပ်ရေးဌာနနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်။

စစ်ဘက်လေယာဉ်အမှုထမ်း ၁၂ ဦးနှင့် ထောက်ပံ့ရေးပစ္စည်းများကို တင်ဆောင်သွားသည့် အင်ဒိုနီးရှားတပ်မတော်၏ Mi-17 အမျိုးအစား ရဟတ်ယာဉ်သည် နိုင်ငံ၏ အရှေ့မြောက်ဘက်အကျဆုံး ပါပူအာပြည်နယ်ရှိ အော့ခ်ဆီဘီးလ်မြို့မှ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၄ မိနစ်တွင် ထွက်ခွာကာ ဆင်တာနီမြို့သို့ပုံမှန် ၁ နာရီ ၀၅ မိနစ်တွင် ဆိုက်ရောက်ရမည့်အစား ပျောက်ဆုံးနေသည်ဟု ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပျောက်ဆုံးရဟတ်ယာဉ်အား ရှာဖွေရန် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားကြောင်းသိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

❖ **ကျောဖုံးမှ**

အသုံးပြုကာ Southern အသင်းက ပြည်တွင်းကစားသမားများဖြင့် ရင်ဆိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး အကောင်းဆုံးပုံစံမရဘဲ Southern အသင်းမှာ ပိုဖိကစားနိုင်သော်လည်း ဂိုးရအောင်မစွမ်းဆောင်နိုင်ခဲ့ပေ။ Chinland ဂိုးသမားအမှားမရှိသောကြောင့် Southern ဂိုးရရန် ခက်ခဲခဲ့သည်။ Chinland အသင်း၏ပထမပိုင်းကစားပုံမှာ သာမန်သာရှိခဲ့ပြီး ဂိုးဖန်တီးမှု အားနည်းခဲ့၍ ဂိုးမရဘဲပြီးဆုံးခဲ့သည်။

**အနိုင်ဂိုးသွင်းယူခဲ့**

ဒုတိယပိုင်းတွင် နှစ်သင်းစလုံးတိုက်စစ်မြှင့်လာပြီး ဂိုးသွင်းခွင့်များ အပြန်အလှန်ရရှိခဲ့သည်။ ၆၉ မိနစ်တွင် Chinland အသင်း ဂိုးစရခဲ့ပြီး တိုက်စစ်မှူးသစ် အန်ဒိုဆိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် Southern အသင်းက ချေပဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၈၂ မိနစ်တွင် ဂိုးပြန်ရခဲ့သည်။ ထောင့်ကန်ဘောမှတစ်ဆင့် နောက်ခံလူ ဝင်းမင်းထွဋ် ပိတ်သွင်းရာ Chinland နောက်ခံလူနှင့်ထိပြီး ဂိုးဝင်သွားခြင်းဖြစ်သည်။ သရေကျပြီးနောက်ပိုင်းတွင် ပွဲမှာ ပိုမိုအကြိတ်အနယ်ရှိလာပြီး ပွဲပြီးခါနီးတွင် ကောင်းစည်သူက Southern အတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇွန် ၂၉ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

# ကိုပါအမေရိကဖလားဆီမီးဖိုင်နယ်သို့ ဘရာဇီးတက်လှမ်း

ဘရာဇီးအသင်းသည် ကိုပါအမေရိက ဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ် အဆင့် ပွဲစဉ်အဖြစ် ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဘရာဇီးအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဘရာဇီးအသင်းနှင့် ပါရာဂွေးအသင်းတို့၏ ပွဲစဉ်တွင် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိဘဲ ဂိုးမရှိ သရေဖြစ်နေသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် ဘရာဇီးအသင်းက ပါရာဂွေးအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



ပါရာဂွေးအသင်းသည် ပွဲကစားချိန် ၅၈ မိနစ်တွင် ဘယ်လ်ဘူနာ တိုက်ရိုက် အနီကတ်ပြခံခဲ့ရခြင်းကြောင့် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရပြီး ဘရာဇီးအသင်းသည် ယင်းမိနစ်နောက်ပိုင်း တစ်ယောက်အသာဖြင့် ကစားခဲ့ရသော်လည်း ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရပေ။

ဘရာဇီးအသင်းသည် လက်ရှိတွင် ကိုပါအမေရိက ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သောကြောင့် ဆီမီးဖိုင်နယ်တွင် အာဂျင်တီးနားအသင်း သို့မဟုတ် ဗင်နီဇွဲလားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

ဘရာဇီးအသင်းသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင်လည်း ပါရာဂွေးအသင်းကို ပင်နယ်တီအဆုံးအဖြတ်များဖြင့် အနိုင်ရရှိခဲ့ကြောင်းလည်း သိရသည်။

**ငွေကြယ်**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် လမ်းပိုင်းရှိ တံတားနှစ်စင်း ပျက်စီး

**ဝိုင်းမော် ဇွန် ၂၈**
မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အတွင်း ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် လမ်းပိုင်းရှိ ကြိုးတံတားတစ်စင်း ချောင်းရေတိုက်စားမျောပါပြီး ဘေလီတံတားတစ်စင်း ကမ်းကပ်ခုံနိမ့်ကျမှု ဖြစ်ခဲ့ကြောင်း ထိန်ချုံ - မြစ်ကြီးနား လမ်းဖောက်လုပ်ရေးကုမ္ပဏီမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက် နံနက် ၁၁ နာရီက ဝိုင်းမော်မြို့နယ် ကန်ပိုက်တည်မြို့ ဆိုင်လော်ကျေးရွာအနီး တစ်ဝိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ စီးဆင်းခဲ့၍ နမ့်မလိချောင်းရေ မြင့်တက်ခဲ့ပြီး ဆိုင်လော်ကျေးရွာနှင့် ဂျန်မိုင်ကျေးရွာသို့ ဆက်သွယ်ထားသည့် အလျား ၃၀၆ ပေ၊ အကျယ် ခြောက်ပေရှိ ကိုယ့်အားကိုယ်ကိုး ကြိုးတံတားမှာ ရေစီးနှင့်အတူ မျောပါသွားခဲ့ကာ ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည်လမ်းပိုင်းရှိ အရှည် ပေ ၅၀၊ အကျယ် ၁၅ ပေခန့်ရှိ ရွှန်းဝေတံတား (ယာယီဘေလီ)မှာ ချဉ်းကပ်လမ်းပိုင်း သုံးပေခန့် နိမ့်ကျသွားခဲ့သည်။



အဆိုပါ ဖြစ်စဉ်ကြောင့် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည်လမ်းအပိုင်းအား ခေတ္တပိတ်ထားရပြီး ယာဉ်ကြီးနှင့် ယာဉ်များသွားလာမှု ပြတ်တောက်သွားခဲ့ကာ လမ်းပန်းဆက်သွယ်မှု အချိန်မီပြန်လည်ကောင်းမွန်စေရေး လမ်းဦးစီးဌာနနှင့် ထိန်ချုံ-မြစ်ကြီးနား လမ်းဖောက်လုပ်ရေး ကုမ္ပဏီတို့ ပူးပေါင်းကာ ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



AA အဖွဲ့ မိုင်းဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ (ICRC)အဖွဲ့မှ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့်ယာဉ်အား တွေ့ရှိရစဉ်။

# ICRC အဖွဲ့၏ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် အရပ်ဘက်ယာဉ်တန်းအား AA အဖွဲ့က မိုင်းဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇွန် ၂၈**
ကျောက်တော်မြို့နယ် ကျောက်ကြပ်ကျေးရွာအနီး၌ ယမန်နေ့ ည ၈နာရီက ရန်ကုန်မြို့ရှိ ICRC ရုံးမှ မောင်တောမြို့ ကညင်တန်းမြို့မရပ်ကွက်ရှိ ICRC ရုံးသို့ပို့ဆောင်မည့် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် အရပ်ဘက်ယာဉ် ခြောက်စီးအား AA အဖွဲ့က မိုင်းဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လူ/ပစ္စည်း ထိခိုက်ပျက်စီးမှုစိစစ်လျက်ရှိပြီး AA အဖွဲ့ကို ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးတွင် အထည်ချုပ်စက်ရုံယာဉ်တိမ်းမှောက်

**လှည်းကူး ဇွန် ၂၈**
ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး ၈ မိုင် ၄ ဖာလုံတွင် အထည်ချုပ်စက်ရုံ ကြို/ပို့ယာဉ်တစ်စီး ဇွန် ၂၇ ရက် နံနက် ၇ နာရီခွဲက တိမ်းမှောက်မှုဖြစ်ပွားရာ ၂၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးတွင် ရဲသန်း ကြာအင်း အနောက်ကျေးရွာ ငါးဆူတောင်ကျေးရွာအုပ်စု လှည်းကူးမြို့နယ်နေသူ မောင်းနှင်ပြီး အထည်ချုပ်စက်ရုံအလုပ်သမား ၂၄ ဦး တင်ဆောင်လာသည့်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်သို့ လဲကျတိမ်းမှောက်ခဲ့သည်။ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်ပါ အထည်ချုပ်စက်ရုံအလုပ်သမား ၂၄ ဦးမှာ ထိခိုက်ဒဏ်ရာများရရှိကာ လှည်းကူးဆေးရုံတွင် ဆေးကုသနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ရဲသန်းအား အမြန်လမ်းမကြီး ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဝဲလောင်ရဲကင်းစခန်းမှူး ရဲအုပ် စိုးမင်းထွန်းသည် ဇွန်လ တတိယပတ်က ချောင်းဆုံကျေးရွာစာကြည့်တိုက်တွင် ကျေးရွာပြည်သူများအား မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြောစဉ်။

ကိုရဲ

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၈**
ကသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၆ ရက် ညနေ ၄ နာရီက ကသာမြို့နယ် ပြည်သာယာကျေးရွာနေ ဘရမ်မိုင်(ခ) အားမိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၁၅ ပြားကို လည်းကောင်း၊ အလားတူ ဇွန် ၂၇ ရက် နံနက် ၆ နာရီက မော်လူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ငွေ့ကြီးကျေးရွာနေ ပေါ်ဦး၏ နေအိမ်ကို ရှာဖွေရာ အောင်ကိုလတ်အား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၊ ဘိန်းဖြူ ၃ ဒသမ ၅ ဂရမ်နှင့် ငွေကျပ် ၅၀၀၀၀ တို့ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် ကာလိမြို့ အမှတ်(၃)ရပ်ကွက်နေ ဒေါ်နန်းဆွေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၆၇ ပြားကိုလည်းကောင်း၊ ထို့အတူ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် တာကော်အက်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ခရီးသည် ဒေါ်အမ်ဖွဲထံမှ ဘိန်းစိမ်း ၁၄ ဒသမ ၅ ကီလိုကို လည်းကောင်း၊ အလားတူ နံနက် ၇ နာရီခွဲတွင် တပ်မတော်မှ မိုင်းဆတ်မြို့နယ် မိုင်းတွမ်း(တောင်ပေါ်)ကျေးရွာအုပ်စု အားဆော်ပေါ်မိုးကျေးရွာကားလမ်းအနီးရှိ ချုံအတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၉၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား (အမှုန့်) ဂရမ် ၁၆၀၊ စိတ်ကြွရူးသွပ်ဆေးပြား(ရေစိုပျက်စီး) သုံးကီလို၊ ကဖင်းကီလို ၆၀၊ စိတ်ကြွရူးသွပ်ဆေးပြားရိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် နှစ်လုံးပြူးသေနတ် တစ်လက်၊ ကျည်အိမ် သုံးခု၊ ကျည်မျိုးစုံ ၁၀၇ တောင့်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တောင်သာမြို့နယ်တွင် ဆိုင်ကယ် ၂၉ စီး၊ ဖုန်း ၁၁ လုံး ခိုးယူသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၂၈**
မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် ဆိုင်ကယ်မျိုးစုံ ၂၉ စီး၊ ဖုန်း ၁၁ လုံး ခိုးယူရောင်းချထားသူ နှစ်ဦးအား ဇွန် ၁၃ ရက်က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

တောင်သာမြို့ အမှတ်(၆) ရပ်ကွက်နေ ဦးကျော်မြင့်ဦး၏ K ဟိန်း(၁)ဆိုင်ကယ်အရောင်းဆိုင်မှ ဇွန် ၁၁ ရက်တွင် DAYANG 110 ဆိုင်ကယ်အသစ်နှစ်စီး ပျောက်ဆုံးမှုနှင့် ဒေါ်ကြည်ကြည်ပြုံး၏ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်နေအိမ်မှ ဇွန် ၁၃ ရက်တွင် ဆိုင်ကယ်တစ်စီး၊ ဖုန်းမျိုးစုံ ၁၀ လုံး၊ ငွေကျပ် ၇၀၀၀၀ ပျောက်ဆုံးမှုတို့ကို တောင်သာမြို့မ ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။



ဖြစ်မှုကျူးလွန်သူ အောင်နိုင်ဦး(ခ) မိုးမိုး(ခ)မိုးအောင်နှင့် လွှမ်းမိုးအောင်(ခ)လွှမ်းမိုးတို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အမှုစစ်အဖွဲ့သည် အခင်းဖြစ်ရပ်ပတ်ဝန်းကျင်ရှိ CCTV မှတစ်ဆင့် စိစစ်ခဲ့ရာ ဖြစ်မှုကျူးလွန်သူမှာ ပျဉ်းမနားမြို့ မြို့ဦးရပ်ကွက်နေ အောင်နိုင်ဦး(ခ)မိုးမိုး(ခ)မိုးအောင် ဖြစ်ကြောင်း၊ ၎င်းမှာ တောင်သာမြို့သို့ မကြာခဏ လာရောက်လေ့ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိရေး ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဇွန် ၁၃ ရက်က ပျဉ်းမနားမြို့ မြို့ဦးရပ်ကွက်၌ ဖမ်းဆီးရမိခဲ့ပြီး ဖြစ်မှုကျူးလွန်ရာတွင် အတူပူးပေါင်းပါဝင်သူ တစ်ရပ်ကွက်တည်းနေ လွှမ်းမိုးအောင် (ခ) လွှမ်းမိုးအား ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့မှာ ၂၀၁၉ ခုနှစ်အတွင်း တောင်သာမြို့နယ်မှ ဆိုင်ကယ် ခုနစ်စီးနှင့် ဖုန်း ၁၁ လုံး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ဆိုင်ကယ်နှစ်စီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နယ်မှ ခြောက်စီး၊ ပျော်ဘွယ်မြို့နယ်မှ တစ်စီး၊ သာစည်မြို့နယ်မှ တစ်စီး၊ မလှိုင်မြို့နယ်မှ တစ်စီး၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ ကိုးစီး၊ ကလောမြို့နယ်မှ တစ်စီး၊ ရွှေညောင်မြို့နယ်မှ တစ်စီး စုစုပေါင်းဆိုင်ကယ် ၂၉ စီး၊ ဖုန်း ၁၁ လုံးတို့အား ခိုးယူရောင်းချခဲ့ကြောင်း သိရှိရ၍ သက်သေခံပစ္စည်းများအား သိမ်းဆည်းပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူဆောင်လျက်ရှိကြောင်းနှင့် သက်သေခံပစ္စည်းများအား ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်နိုင်ရေး သက်ဆိုင်ရာရဲတပ်ဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ရှေ့နေနှင့်သမိုင်းရနံ့ပျံ့ပျံ့သင်းသင်း

**ဦးဟန်ညွန့် (ဥပဒေ)**

Artical

### နိဒါန်း

"ဆရာ "

"ဗျာ "

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့်သမိုင်းရနံ့ပျံ့ပျံ့သင်းသင်း"

"ကဗျာဆန်လှချည်လားဆရာ"

"ဟုတ်တယ်ဗျ၊ အမည်နာမပေးပုံကကို ကဗျာဆန်တယ်။ လှတယ်။ သမိုင်းရနံ့ သင်းပျံ့နေတယ်"

"အကျိုးအကြောင်းသိချင်လှပါတယ်ဆရာ"

"ကျွန်တော်နှင့်အတူ ဖတ်ကြည့်ကြစို့"

### သမိုင်းဆိုတာဘာလဲ

သမိုင်းဆိုတာဘာလဲ။ 'သမိုင်းသင်တယ်ဆိုတာဘာလဲ။ သမိုင်းသင်တယ်ဆိုတာ မအအောင်လို့' ဟု သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်းက လမ်းညွှန်ဖူးသည်။ ဤလမ်းညွှန်ချက်ကို ကျွန်တော်ရိုသေစွာ ဂါရဝပြုလိုက်နာပါသည်။ ဤလမ်းညွှန်ချက်နှင့်အညီ သမိုင်းရနံ့ပျံ့ပျံ့သင်းသင်းစာအုပ်ကို လေ့လာဖတ်ရှုခဲ့ပါသည်။

### ဦးစိန်မောင်ဦး(ရွှေးဟောင်းသုတေသန)

၂၀၁၂ ခုနှစ် ဇွန်လတွင် အလင်းသစ်စာပေက ထုတ်ဝေသော စာရေးဆရာ ဦးစိန်မောင်ဦး (ရှေးဟောင်းသုတေသန) ရေးသားပြုစုသည့် သမိုင်းရနံ့ပျံ့ပျံ့သင်းသင်းစာအုပ်ကို ကျွန်တော်လေ့လာဖတ်ရှုခဲ့ရာ ဆောင်းပါး ၃၆ ပုဒ်တွေ့ရှိပါသည်။

၁။ ရတနာပုံ နန်းမြို့တည်ရခြင်း အကြောင်းရင်းနှင့် ကနောင်မင်း

၂။ အိမ်ရှေ့ထိပ်ထားနှင့် ဘောလယ်

၃။ ကနောင်မင်း၏သားတော် သမီးတော်များ

၄။ ကနောင်မင်း၊ ရွှေပြည်ဝန်ကြီး ဦးဖိုးလှိုင်နှင့် နှုတ်ခမ်းမွှေး

၅။ ကနောင်မင်း၊ ရွှေပြည်ဝန်ကြီး ဦးဖိုးလှိုင်နှင့် ယင်းတော်မလေး

၆။ အိမ်ရှေ့မောင်နှံနှင့် စာဆိုတော်မင်းထင်စည်သူ

၇။ ကနောင်မင်းနှင့် စလေဦးပုည

၈။ သီပေါမင်းတရားကြီး လက်ထက်တော်က ဆယ်ဌာန၊ ဆယ်ခရိုင်

၉။ ပထမဌာနေ ရွှေမြို့တော် ခရိုင်ဝန်များ

၁၀။ ရတနာပုံခေတ် အဝေးခရိုင်ဝန်များ

၁၁။ ရတနာပုံခေတ် ခရိုင်ဝန်အပြောင်းအလဲ

၁၂။ သမိုင်းတွင်မေ့ကျန်ခဲ့သည့် အဝေးခရိုင်ဝန်တစ်ဦး

### ကောက်နုတ်ချက်အတွေး

အထက်ပါ ကောက်နုတ်ချက်ဆောင်းပါး ၁၂ ပုဒ်အနက် စာရေးသူ ဆောင်းပါးရှင် စိတ်ဝင်စားသော ခရိုင်ဝန်များကဏ္ဍ သီးသန့်လေ့လာဖတ်ရှုမိပါသည်။ သီပေါမင်းလက်ထက်(မြန်မာခုနှစ် ၁၂၄၅) ကာလက ခရိုင်ဝန်များ၊ ခရိုင်များခွဲခြားအုပ်ချုပ်ပုံများ စိတ်ဝင်စားမိပါသည်။ ရွှေမြို့တော်ဝန်များ၊ မြို့စာရေးများ အကြောင်းကိုလည်း သိရှိရပါသည်။

ရွှေလုံ့ဗိုလ် (ငယ်နာမည်ဦးချက်)၊ ပင်လယ်မြို့စား (ငယ်နာမည်ဦးချို)၊ ရွှေမြို့တော်ဝန် (ငယ်နာမည် ဦးပေစိ)နှင့် ဘဝဆည်းဆာများ ဖတ်ရသည်။(စာ-၈၉)

ရတနာပုံခေတ်အဝေးခရိုင်ဝန်များ၊ အဝခရိုင်ဝန်၊ တောင်ငူခရိုင်ဝန်၊ တောင်တွင်းကြီး ခရိုင်ဝန်၊ အောက်မြစ်စဉ်ခရိုင်ဝန်၊ ပုခန်းကြီးခရိုင်ဝန်၊ ချင်းတွင်းကြောင်းခရိုင်ဝန်၊ စစ်ကိုင်းခရိုင်ဝန်၊ ရတနာသိယံခရိုင်ဝန်၊ အညာမြစ်စဉ် ခရိုင်ဝန်များအကြောင်း ဗဟုသုတဖြစ်ဖွယ် သမိုင်းစဉ်ဖတ်ရသည်။ ( စာ-၁၀၈)

### ရတနာပုံခေတ်ခရိုင်ဝန်အပြောင်းအလဲ

မြန်မာမင်းဧကရာဇ်တော်များ လက်ထက်တော်တွင် မင်းမှုထမ်းများ၏ဘဝသည် တည်ငြိမ်အေးချမ်းသည်ဟုမဆိုနိုင်ချေ။ မင်းဧကရာဇ်၏ ဆန္ဒသဘောထားများအတိုင်း ရပ်ဝေးဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ရသည့်အဖြစ်များ၊ တစ်ဌာနမှ အခြားတစ်ဌာနသို့ ကူးပြောင်းထမ်းဆောင်ရသည့် အဖြစ်များ ကြုံတွေ့ရမြဲဖြစ်ပါ၏။ အလျှောက်အထား၊ အလုပ်အကိုင်တို့ကို သဘောတော်ညို အလိုတော်မကျခဲ့လျှင် ရာထူးဌာနန္တရမှစ၍ အစီးအနင်း၊ အဆောင်အရွက်စသည်တို့ကို ပြန်လည်ရုပ်သိမ်းခံရသည်သာမက ကံမကောင်း အကြောင်းမလှသည့် အခါများတွင် ထောင်သွင်းအကျဉ်းချသည်ကိုပင် ခံရပါ၏။ (စာ-၁၀၉) အစရှိသည်ဖြင့် သမိုင်းမှတ်တမ်းဇာတ်လမ်းများ ဖတ်ရှုရပါ၏။ ရွှေပြည်ဝန်ကြီးတစ်ဦးအား မင်းမှုထမ်းသက်တမ်းတစ်လျှောက်တွင် ခြောက်ကြိမ်တိတိ ရာထူးအချခံရသည်ဟု ရှေ့နေကြီး ဦးခင်မောင်ဒွေးထံမှ မှတ်သားရပုံကိုပါ ရေးပြထားပါ၏။

သူသူငါငါပုထုဇဉ်တို့သည် မိမိတို့၏ရာထူးဌာနန္တရကို အမှန်အကန်မဟုတ်ဘဲ ထိပါးပြောဆိုခြင်းကို မနှစ်သက်ကြကြောင်းဆိုသည့်အချက်ကို ပေါ်လွင်စေချင်ကြောင်း ဦးစိန်မောင်ဦး၏ စေတနာကို လေးစားစွာဖတ်ရှုရသည်။ (စာ-၁၁၅)

### ပုဂံရွှေစည်းခုံစေတီတော်ထီးတင်ပွဲ

ဆင်ဖြူရှင်မင်းတရားကြီး၏ ကုသိုလ်တော်ရွှေစည်းခုံစေတီတော် ထီးတော်ကြီးအကြောင်း၊ ရွှေ၊ ကြေးနီ၊ သံအလေးချိန်၊ ကျောက်သံပတ္တမြား၊ ထီးတော်အတိုင်းအတာများ သိရှိလေ့လာရပါသည်။ တောင်တွင်းကြီးယဉ်ကျေးမှုပြတိုက်ရှိ ပုရပိုက်တစ်ဆူတွင် ရွှေစည်းခုံစေတီတော်၏ ထီးတော်အတိုင်းအတာများ ဖော်ပြထားပုံကို အသေးစိတ်မှတ်တမ်းတင်ထားပါ၏။ (စာ-၁၄၅)

ရွှေစည်းခုံစေတီတော်နှင့် လှူတော်အရာရှိကြီးနှစ်ဦးအကြောင်းကိုလည်း လေ့လာနိုင်ပါ၏။ (စာ-၁၅၀)

### မဟာဗန္ဓုလ၏စစ်စွမ်းရည်

မင်းကြီးမဟာဗန္ဓုလအစရှိသော မြန်မာစစ်သူကြီးများ၏ သူမတူသောစစ်စွမ်းရည်ကြောင့် နယ်ချဲ့အင်္ဂလိပ်အရာရှိငါးဦးနှင့် အမြောက်အမြားကျဆုံးခဲ့ရကြောင်း ချီးမွမ်းထားသည်ကိုလည်း ဖတ်ရှုရ၏။( စာ -၁၈၅)

### မြဝတီမင်းကြီး ဦးစနှင့် မြောက်ဦးမြို့

မြန်မာသက္ကရာဇ် ၁၁၈၅၊ တပေါင်းလတွင် ပထမအင်္ဂလိပ် ကျူးကျော်စစ်ဖြစ်ခဲ့သည်။ မြဝတီမင်းကြီးဦးစသည် စစ်ကြောင်းချီခဲ့ပြီး ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ရောက်ရှိခဲ့၏။ ရှစ်ခွင်မှာ ပြာရီမှဲ့၊ လွမ်းနယ်ချဲ့ မိုးဒွေးချိုးရေးခဲ့သေးကြောင်း လေ့လာဖတ်ရှုရပါ၏။( စာ-၁၈၉)

### မြဝတီမင်းကြီး၏ နေဝင်ချိန်ဘဝ

၁၁၉၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် (တနင်္လာနေ့)တွင် သာယာဝတီမင်းတရားလက်ထက်၌ မြဝတီမင်းကြီး ဦးစအား ရာထူးဘွဲ့ရုပ်သိမ်းပြီး ထောင်သွင်းအကျဉ်းချထားသည်။ မြဝတီမင်းကြီး ဦးစသည် အိုမင်းမစွမ်းအရွယ်ရောက်ခါမှ ခြေအစုံတွင် သံခြေချင်းတန်းလမ်းနှင့် မြေကြီးပေါက်နေရရှာစဉ် သမီးတော်ကြီး စကြာဒေဝီက တွေ့မြင်ခဲ့လေသည်။ သမီးတော်ကြီး၏ ကျေးဇူးကြောင့် ဘုန်းတော်ဘွဲ့ရေးသားပေးရသော မြဝတီမင်းကြီး ဦးစသည် လွတ်စေအမိန့်ရရှိခဲ့ကြောင်း ရင်နင့်ဖွယ်ရာမှတ်တမ်းကို ဖတ်ရှုရသည်။ (စာ-၁၉၂)

ကျွန်တော်နှင့်အတူ စာရှုသူအပေါင်းတွေ့မြင်ဖတ်ရှုလေ့လာနိုင်ကြပါစေ။

### ဇမ္ဗူရစ်လေလား ခပ်ပြားလား

သစ္စာတရားဟူသည်ပကတိစက္ခုဖြင့် မြင်နိုင်ကောင်းသော ရုပ်ဒြပ်အခိုင်အမာရှိသည့် အရာမျိုးမဟုတ်ပေ။ လူတို့၏ အဇ္ဈတ္တနှလုံးသားတွင် ကိန်းအောင်းနေသောကြောင့် ပညာမျက်စိဖြင့်သာ မြင်နိုင်သည်။ သိမ်မွေ့နက်နဲသောအရာဖြစ်ပါ၏။ (စာ -၁၉၃)

ရာထူးဂုဏ်သိမ် စည်းစိမ်အာဏာဟူသည် ပုထုဇဉ်များအဖို့ စွဲလမ်းနှစ်ခြိုက် ဘဝင်ခိုက်ဖွယ်ရာ ဖြစ်ပါ၏။ သို့သော် ကေသရာဇာခြင်္သေ့မင်းတို့မည်သည် မည်မျှပင် ဆာလောင်မွတ်သိပ်စေကာမူ မြက်ကို စားရိုးမရှိသကဲ့သို့ သစ္စာတရားကို အလေးအနက်တန်ဖိုးထားသော မှူးတော်၊ မတ်တော်အများစုကမူ နိုင်ငံလူမျိုးသာသနာကို သစ္စာဖောက်ပြီး စားသုံးရမည့် အစာအာဟာရကို မစင်ဘင် ပုပ်တမျှ စက်ဆုပ်ရွံရှာကြသောကြောင့် ကမ်းလှမ်းလာသော အခွင့်အရေးများကိုပင် ငြင်းပယ်လျက် နယ်ချဲ့အရင်းရှင်စစ်အာဏာပိုင်များနှင့် ကင်းကင်းရှင်းရှင်းနေခဲ့ကြသော မှူးတော်၊ မတ်တော်ကြီးများလည်းရှိပါကြောင်း (စာ-၁၉၄)တွင် မှတ်သားဖွယ်၊ လေးစားဖွယ် ကောက်နုတ်ဖတ်ရှုရပေသည်။

(အကျယ်ကိုဆက်လက်လေ့လာသင့်ကြပါကြောင်း)

### သမိုင်းပညာရပ်


သမိုင်းပညာရပ်စာပေသည် သုတစာပေတွင် အကျုံးဝင်နေသည့်အားလျော်စွာ လူအမည်နာမ၊ အဆင့်အတန်း၊ ဒေသရပ်ရွာ၊ အချိန်ကာလ၊ အကြောင်းအချက်စသည်တို့သည် မှန်ကန်တိကျသည်နှင့်အမျှ ခိုင်လုံမှုရှိမှသာ သမိုင်းအရည်အသွေးပီပြင်မည်ဖြစ်၏။

စာရေးသူ၏အမြင် ( ဦးစိန်မောင်ဦး၏အမြင်) ကို ပွင့်ပွင့်လင်းလင်းပြောရလျှင် စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး ကွယ်လွန်ပြီးသည့်နောက်ပိုင်းတွင် ဝက်မစွတ်ဝန်ထောက်မင်း၏ နေ့စဉ်မှတ်တမ်းကို မောင်သန်းဆွေ(ထားဝယ်)က အကောင်းဆုံးတည်းဖြတ်ပေးနိုင်လိမ့်မည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် ဒဂုန် ခင်ခင်လေးနှင့် မောင်သန်းဆွေ(ထားဝယ်) တို့၏ ရင်းနှီးမှု အနေအထားသည် သားအမိတမျှဖြစ်ကြောင်းကို စာရေးသူ သိနားလည်သောကြောင့်ဖြစ်ပါ၏ဟု ဆရာ ဦးစိန်မောင်ဦးကရေးခဲ့ပါသည်။(စာ-၂၂၆)

### ဆောင်းပါး ၁၄ ပုဒ်

ဆောင်းပါးစုစုပေါင်း ၃၆ ပုဒ်အနက် ကျန်ဆောင်းပါး ၁၄ ပုဒ်များ၏ ခေါင်းစဉ်များ မဖော်ပြတော့ပါ။ ကျွန်တော် စိတ်ဝင်စားဖွယ်ရာ ကောက်နုတ်ချက်များကိုသာ ရွေးထုတ်သုံးသပ်ခြင်း ဖြစ်ပါသည်။ ဆောင်းပါးအားလုံးကတော့ စိတ်ဝင်စားစရာချည်းပါပဲ။

ဒေါက်တာ ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်သမိုင်းပါမောက္ခ-ငြိမ်း)၏ အမှာစာအရ မြန်မာမင်းများလက်ထက် နန်းတွင်းရေးရာများ၊ ဆွေတော်မျိုးတော်များ၊ မြန်မာ့မင်းအမှုထမ်းများအကြောင်းကို ရေးသားရာတွင် အထူးကျွမ်းကျင်သူဖြစ်ကြောင်း၊ သမိုင်းရနံ့ပျံ့ပျံ့သင်းသင်းစာအုပ်ပါ သမိုင်းဆောင်းပါးအားလုံးသည် သမိုင်းတန်ဖိုးကြီးမားသော ဆောင်းပါးများဖြစ်ကြောင်း ထင်ရှားပါသည်။




### မဟာဂီတ ဦးပြုံးချိုနှင့် ပါမောက္ခချုပ် ဒေါက်တာထင်အောင်တို့ မျိုးရိုး

'မျှစ်ချိုးသွားရာတွင် မှိုပါရှာတွေ့ခဲ့သည်' ဟူသော ဆိုရိုးစကားအတိုင်း မဟာဂီတပညာရှင် ဦးပြုံးချို၏ မျိုးရိုးကို လေ့လာရာတွင် 'တစ်နွယ်ငင်တစ်စင်ပါ' ဟူသကဲ့သို့ မမျှော်လင့်ဘဲ တွေ့ရှိလာသော ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထင်အောင်၏ မျိုးရိုးပင်ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။ (စာ-၂၇၀)

မင်းတုန်းမင်းတရားကြီးလက်ထက် အစီရင်မင်း (ခေါ်) မြို့နယ်ဥပဒေအရာရှိဦးတက်ဖြိုးသည် ဒေါက်တာထင်အောင်၏ အဘိုးဖြစ်နေကြောင်း မှတ်သားဖွယ်ကို ဤစာအုပ်တွင် တွေ့မြင်ရပေသည်။

### စာအုပ်အမျိုးမျိုး

စာမျိုးစုံဖတ်ကြောင်း ကျွန်တော်တင်ပြခဲ့ဖူးပါပြီ။ ဥပဒေစာအုပ်တွေက နေ့စဉ်တာဝန်အရ မဖတ်မနေရပါ။ ပုဒ်ထီး၊ ပုဒ်မတွေက များလွန်းလှသည်။ တရားလို၊ တရားခံများ၏ ဘဝမျိုးစုံက ကြမ်းတမ်းလှသည်။ အမွေမှု၊ တရားမမှုများကြောင့် (သူတို့အပူ) (ကိုယ့်အပူ) ဖြစ်ရပေါင်းများပြီ။ အမှုသည်များ၏ မျက်ရည်စများက ကိုယ့်မျက်ရည်စအဖြစ် ပြောင်းလဲခံစားခဲ့ရမှုတွေ စုံလင်လှပါပြီ။

တိုင်စာများကိုလည်း တာဝန်အရ စစ်ဆေးနေခဲ့၊ စစ်ဆေးနေဆဲပါ။ မကျေနပ်ချက်မျိုးစုံပါပဲ။ မတော်မတရားမှု မျိုးစုံပါပဲ။ ဘယ်သူမှန်သလဲ။ ဘယ်သူ မှားသလဲ။ မျက်လုံးဖြံ၍ ကြည့်ရပါသည်။ အမှားမခံပါ။ အမှားမခံနိုင်ပါ။

ထိုတာဝန်များ အားသည့်အခါ ဘယ်စာမျိုးတွေ ဖတ်ရမည်လဲ။

### နိဂုံး

(၁) သမိုင်းကို မအ အောင် လေ့လာကြတာပါ။

(၂) သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာသန်းထွန်း၏ အဆိုအမိန့်နှင့်အညီ ဦးစိန်မောင်ဦး(ရှေးဟောင်းသုတေသန)၏ သမိုင်းရနံ့ ပျံ့ပျံ့သင်းသင်းစာအုပ်ကို ဖတ်ရှုလေ့လာခဲ့ပါသည်။

(၃) စာရှုသူများအပေါင်းပါ သမိုင်းရနံ့သင်းပျံ့နိုင်ကြပါစေကြောင်း။

# မန္တလေးတိုင်းဒေသကြီးအတွင်း အခွန်အများဆုံးထမ်းဆောင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မန္တလေး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်တွင် အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် အခွန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၂၈ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခွန်အထောက်အကူပြုအဖွဲ့များနှင့် ဂုဏ်ပြုခံအခွန်ထမ်းများ တက်ရောက်ခဲ့ကြသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဘတ်ဂျက်ငွေအထောက်အပံ့အား လုပ်ငန်းရှင် အခွန်ထမ်းဆောင်သူများထံမှ ရရှိနေခြင်းဖြစ်သည့်အတွက် ကျေးဇူးတင်ကြောင်း၊ နိုင်ငံသားတိုင်းသည် အခွန်ထမ်းဆောင်ရန်တာဝန်ရှိပြီး နိုင်ငံ့သားကောင်းဖြစ်စေရန် အခွန်ထမ်းဆောင်ပေးရမည်ဖြစ်ကြောင်း၊ အခွန်ထမ်းဆောင်ခြင်းဖြင့် ပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများက မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် ဝင်ငွေခွန် အခွန်ထမ်း ၅၀၊ ကုန်သွယ်လုပ်ငန်းခွန် အခွန်ထမ်း ၅၀ နှင့် အထူးကုန်စည်ခွန် အခွန်ထမ်း ၁၂ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

# တာချီလိတ်နယ်စပ်မှ နိုင်ငံခြားသားခရီးသွားဧည့်သည်များ တစ်ပတ်အတွင်း ၂၃၇၆၂ ဦး ဝင်ရောက်လည်ပတ်

**တာချီလိတ် ဇွန် ၂၈**

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား



ခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက် လည်ပတ်လျက်ရှိရာ ဇွန် ၂၁ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည် နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၂၃၇၆၂ ဦး ဝင်ရောက်လည်ပတ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ၅၉၆၃၃၇ ဦးရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ လူနေမှုဘဝပုံစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာသိမြင်ခံစားနိုင်ရန် ဝင်ရောက်လျက်ရှိရာ တစ်ပတ်အတွင်း တာချီလိတ်နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၂၂၁၇၀ နှင့် တတိယနိုင်ငံသား (နိုင်ငံခြားသား) ၂၈၁ ဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၂၁၆ ဦး၊ ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ) နိုင်ငံသားအပါအဝင် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည် ၁၀၉၅ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၂၇ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ထိုင်းနိုင်ငံသား ၅၄၇၆၆၃ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၆၈၄၈ ဦး၊ လန့်တောင်းဘုရားနေ့ချင်းပြန် ထိုင်းနိုင်ငံသား ၁၉၅ ဦး၊ မိုင်းဖုန်းနေ့ချင်းပြန်ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသား ၁၁၃ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံမြို့ခရီးစဉ်တွင် ၆၅၅၃ ဦး၊ ဗီဇာ(ဗီဇာကင်းလွတ်ခွင့်) ဖြင့် ပြည်တွင်းခရီးစဉ်သို့ ၃၄၉၆၅ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## အနုပညာ

### ချစ်သူနဲ့ လမ်းခွဲလိုက်တဲ့ ဖန်ဘင်းဘင်း

ကျော်ကြားတဲ့ တရုတ်မင်းသမီး တစ်ဦးဖြစ်သူ ဖန်ဘင်းဘင်းဟာ လတ်တလောမှာ သူနဲ့ချစ်သူတွေအဖြစ် နှစ်အတော်ကြာလက်တွဲခဲ့ပြီး စေ့စပ်ထားသူလည်းဖြစ်တဲ့



မင်းသား လီချန်းနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်အသိပေးလာတာဖြစ်တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၂၇ ရက်မှာတော့ ဖန်ဘင်းဘင်းက သူနဲ့ လီချန်းတို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း လူမှုကွန်ရက်မီဒီယာ တစ်ခုဖြစ်တဲ့ ဝီဘိုပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးလာတာပါ။ ဖန်ဘင်းဘင်းက လမ်းခွဲခဲ့ပေမယ့် အတူရှိခဲ့စဉ်က ပေးခဲ့တဲ့အရာအားလုံးအတွက် လီချန်းကို ကျေးဇူးတင်ကြောင်းလည်း ထည့်သွင်းရေးသား ဖော်ပြခဲ့ပါတယ်။

လီချန်းကလည်း ဖန်ဘင်းဘင်း သတင်းရေးသားဖော်ပြခဲ့ပြီး မကြာမီမှာပင် လမ်းခွဲလိုက်တဲ့သတင်းကို သူ့ရဲ့ပရိသတ်တွေကို အသိပေးခဲ့ပြန်ပါတယ်။ လီချန်းကတော့ သူနဲ့ဖန်ဘင်းဘင်းတို့ဟာ သူငယ်ချင်းအဖြစ်မှသည် ချစ်သူတွေအဖြစ်၊ အဲဒီနောက် ချစ်သူတွေအဖြစ်မှသည် သူငယ်ချင်းတွေအဖြစ် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း၊ သူတို့နှစ်ဦးအကြား ဆက်ဆံရေးပုံစံတွေ ပြောင်းလဲခဲ့ပေမယ့် နှစ်ဦးအကြား ထားရှိတဲ့ယုံကြည်မှုနဲ့ တစ်ဦးနဲ့တစ်ဦး အားပေးထောက်ခံမှုတွေကတော့ အဆုံးအစမဲ့ကြောင်းလည်း ထည့်သွင်းရေးသား ဖော်ပြခဲ့ပါတယ်။



### Charlie's Angels ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

တစ်ချိန်က အလွန်ကို အောင်မြင်ခဲ့တဲ့ တိုက်ခိုက်ရေးရုပ်ရှင် " Charlie's Angels " ကို ယခုနှစ်အတွင်း ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး လတ်တလောမှာတော့ အဆိုပါရုပ်ရှင်သစ်အတွက် အစမ်းရုပ်ရှင်ကို ထုတ်လွှင့်ပြသခဲ့ကြောင်း အမ်တီဗွီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဲလိဇဘတ်ဟန့်ခ်က ပြန်လည်ဆန်းသစ် ရိုက်ကူးထားတဲ့ အဆိုပါရုပ်ရှင်သစ်မှာတော့ လှပတဲ့တိုက်ခိုက်ရေးနတ်သမီးသုံးဦးအဖြစ် တက်သစ်စမင်းသမီးတွေဖြစ်ကြတဲ့ ခရစ်စတင်းစတူးဝပ်၊ အယ်လာဘယ်လင်စကာနဲ့ နာအိုမီကော့ထ်တို့က ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ လတ်တလောထုတ်လွှင့်ပြသခဲ့တဲ့ အစမ်းရုပ်ရှင်မှာတော့ " Charlie's Angels " ကို စတင်ရုံတင်ပြသနိုင်လောက်အောင်ပင် ပြည့်ပြည့်စုံစုံ ပြင်ဆင်ထားပြီး ဖြစ်တာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် အစမ်းရုပ်ရှင်မှာတော့ ဇာတ်ဝင်တေးတွေကိုလည်း မြည်းစမ်းခွင့်ရခဲ့ပြီး ဒီတေးသီချင်းတွေကို ကျော်ကြားတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ အရီရန်နာဂရန်းဒ်၊ မိုင်လီဆိုင်းရပ်စ်နဲ့ လန်နာဒဲလ်ရေးတို့က သီဆိုပေးထားတာကိုလည်း တွေ့ရပါတယ်။

" Charlie's Angels " ရုပ်ရှင်သစ်ကိုတော့ လာမယ့် နိုဝင်ဘာ ၁၅ ရက်မှာ ကမ္ဘာတစ်ဝန်းစတင်ရုံတင်သွားဖို့ စီစဉ်ထားကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**



## မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ဖားဆောင်း ဇွန် ၂၈**

ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း) မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ် ဖားဆောင်းမြို့ ဖားစည်သံလွင်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စကိုက လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများရှိပါက အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးကျော်သူအောင်က လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးအောင်ကျော်ဦးက တတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ဝတ်ရည်**

## သက်ကြီးဘိုးဘွားများ၊ မသန်စွမ်းသူများအား ထောက်ပံ့ငွေများပေးအပ်

**သာပေါင်း ဇွန် ၂၈**



ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိအသက် ၈၅ နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ငွေများ သုံးလစာထောက်ပံ့ပေးအပ်ခြင်းနှင့် မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရူပါအေးက ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ အသက် ၈၅ နှစ်နှင့်အထက် အဘိုး အဘွား ၄၇၄ ဦးအား သုံးလအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်း၊ မသန်စွမ်းသူ ၈၆၂ ဦးအား ကနဦးထောက်ပံ့ငွေ တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



**ဇွန် ၂၇ ရက်က အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်တထောင်တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးအကြောင်း ဟောပြောဆွေးနွေးစဉ်။**

ကိုရဲ

# ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့များ အားကောင်းခိုင်မာမှ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်နိုင်မည်

**ဦးဝင်းထွဋ် (ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး စသည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူနှင့် အနီးစပ်ဆုံး တာဝန်ထမ်းဆောင်နေရသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၏ အခန်းကဏ္ဍက အရေးကြီးလှပေသည်။



ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ရပ်ကျေးတာဝန်ခံ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုလျင်မြန်တွင်ကျယ်စွာ ထမ်းရွက်နိုင်ရေးအတွက် ရပ်ကျေးတာဝန်ခံ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် သင်တန်းပေါင်း ၁၈၃၀၉ ခုကို မြို့နယ်၊ ကျေးရွာအုပ်စုအလိုက် ဖွင့်လှစ်ပေးနေသည့် အခြေအနေများနှင့်ပတ်သက်၍ အများပြည်သူသိရှိလေ့လာနိုင်ရန် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြပါသည်။

**ဦးသန်းဆွေဝင်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**အတွင်းရေးမှူး**
**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မေး။ ။ သင်တန်းများ ဖွင့်လှစ်ဖြစ်ပုံအကြောင်း ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ရာအိမ်မှူးပေါင်း ၁၀၆၉၀ ရှိနေပါတယ်။ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ရဲ့ လုပ်ငန်းအကောင်အထည်ဖော်ရာမှာ သူတို့ရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးပါတယ်။ ရာအိမ်မှူးတွေက ပြည်သူတွေနဲ့ အနီးဆုံးနဲ့ နေရာအနှံ့ မှာရှိနေတယ်။ အဲ့ဒီအတွက် ဒီရာအိမ်မှူးတွေ လုပ်ရမယ့်တာဝန်တွေ၊ သိထားရမယ့်ဥပဒေ၊ နည်းဥပဒေတွေ၊ ညွှန်ကြားချက်တွေကို ဘယ်လိုလိုက်နာရမယ်ဆိုတာတွေ သိရှိပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်နိုင်မယ့် အသိပညာတွေ တိုးပွားလာဖို့ရယ်။ မိမိတို့မှာ ဘာတာဝန်တွေရှိတယ်ဆိုတာ တိတိကျကျသိရှိပြီးပြည်သူ့ဝန်ဆောင်မှုပိုပေးနိုင်ဖို့ ရည်ရွယ်ပါတယ်။

**မေး။ ။ သင်တန်းတွင်ပို့ချမယ့် သင်ခန်းစာများနဲ့ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ သင်ခန်းစာတွေအနေနဲ့ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့တွေ မဖြစ်မနေ သိထားရမယ့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်သုံးရပ်၊ ကျေးရွာတာဝန်ခံတွေဖြစ်တဲ့ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများရဲ့ လုပ်ငန်းတာဝန်၊ ရပ်ကျေးအုပ်ချုပ်ရေးဥပဒေ၊ ဆောင်ရွက်ရမယ့် နည်းလမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းနေထိုင်သူများရဲ့ တာဝန်ဝတ္တရားများ၊ ရပ်ကွက်ကျေးရွာအုပ်စုအတွင်း နေထိုင်သူများရဲ့ အခွင့်အရေးများ၊ ပုံစံ ၂၇ မျိုး အပါအဝင် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှုဆိုင်ရာ ဥပဒေများ၊ လူဝင်မှုကြီးကြပ်ရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများ စတဲ့ဘာသာရပ်တွေကို သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေ၊ လယ်ယာ၊ စာရင်းအင်းဌာန၊ လူမှုဝန်ထမ်းဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သင်ကြားပို့ချပေးမှာဖြစ်ပါတယ်။ ဒီသင်တန်းတွေမှာ ဒီလိုကိစ္စရပ်တွေ ဒေသမှာရှိလာရင် ဘယ်လိုသတင်းပို့ရမယ်၊ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာတွေပါ သင်ကြားပေးနေခြင်းဖြစ်တယ်။

**ဦးသိန်းစိုး**
**ဖျာပုံမြို့နယ် အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**



**မေး။ ။ လက်ရှိ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့တွေနဲ့ပတ်သက်ပြီး လုပ်ငန်းအကောင်အထည်ဖော်ရာမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲများရှိရင် အခြေအနေတွေသိပါရစေ။**

ဖြေ။ ။ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေအနေနဲ့ သူတို့ရဲ့ ဆောင်ရွက်ချက်လေးတွေ အချို့အမှားအယွင်း ဖြစ်သွားတာတွေရှိတယ်။ လိုအပ်တဲ့ သိအပ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို ရှင်းလင်းဆွေးနွေးပေးရင်းနဲ့ ခုချိန်မှာ အထိုက်အလျောက် လုပ်ငန်းတွေ အဆင်ပြေချောမွေ့လာတာတွေ့ရတယ်။ ဒီစွမ်းဆောင်ရည်မြှင့်သင်တန်းမှာ ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေရဲ့ လုပ်ငန်းကို ပံ့ပိုးအကောင်အထည်ဖော်ပေးနေရတဲ့ ရာအိမ်မှူးတွေကိုပါ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ခေါ်ပေးခြင်းဖြစ်တယ်။ သင်တန်းကာလ တိုတယ်ဆိုပေမယ့် အင်မတန်သင့်တော်ပါတယ်။ သင်တန်းကရတဲ့ အသိအမြင်တွေနဲ့ ဆက်ပြီး လေ့လာဆောင်ရွက်သွားမယ်ဆိုရင် ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့အတွက် အများကြီး တိုးတက်လာနိုင်ပါတယ်။

**ဦးဝင်းထွဋ်**
**ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**မေး။ ။ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများရဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများအပေါ် အမြင်သိပါရစေ။**



ဖြေ။ ။ ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေ၊ ရာအိမ်မှူးတွေက ရွေးကောက်ခံထားတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ သူတို့က အရပ်သားတွေဖြစ်နေတယ်။ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကို ကျွမ်းကျင်မှုမရှိဘူး။ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကို သေသေချာချာ မသိတဲ့အတွက် တချို့နေရာတွေမှာ အာဏာအလွဲသုံးစားမှုတွေဖြစ်တယ်။ တချို့နေရာမှာ တာဝန်ကို စိတ်ရင်းစေတနာအမှန်နဲ့ ဆောင်ရွက်ပေမယ့် ရပ်ရွာနဲ့ သဘောထားကွဲလွဲမှုတွေဖြစ်တယ်။ အဲ့ဒါကြောင့် ဒီသက်ဆိုင်ရာ ရပ်ကျေးတာဝန်ခံတွေက မိမိတို့ ကိုင်စွဲကျင့်သုံးရမယ့်ဥပဒေ၊ နည်းဥပဒေတွေ အမိန့်ညွှန်ကြားချက်တွေကို သေသေချာချာ သိမြင်ဖို့လိုတယ်။

နောက်တစ်ချက်က မိမိတို့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ကိုလည်း သေချာသိထားဖို့လိုတယ်။ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့က ဒေသအတွက် အခြေခံကျတယ်။ဒီရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့တွေ အားကောင်းခိုင်မာမှ ဒီကနေ့ အကောင်အထည်ဖော်နေကြတဲ့ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ မြို့နယ်ပေါင်း ၂၆ မြို့နယ်၊ ရပ်ကွက်ပေါင်း ၃၀၀၊ ကျေးရွာအုပ်စုပေါင်း ၁၉၁၉ စု၊ ကျေးရွာပေါင်း ၁၁၉၅၂ ရွာရှိရာ ရာအိမ်မှူးပေါင်း ၁၀၆၉၀ ရှိကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၂၄၂)၌ တည်ရှိသော Uni Crop Co., Ltd. မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

Uni Crop Co., Ltd မှ အောက်ဖော်ပြပါပစ္စည်းများအား စိုက်ပျိုးရေး မြေအသုံးချဌာနၵ္ဍ တရားဝင် မှတ်ပုံတင်ထားပြီး မြန်မာပြည်အနှံ့သို့ ထုတ်လုပ်ရောင်းချဖြန့်ဖြူးလျက်ရှိပါသည်။

၁။ တက်တိုးပင်သန်
၂။ တက်တိုးမြေသန်ဆေး
၃။ တက်တိုး(၁၅း၅း၈)
၄။ တက်တိုး(၁၀း၁၀း၅)
၅။ တက်တိုး(၂၀း၁၀း၂၀)
၆။ တက်တိုး(၁၅း၁၅း၁၅)
၇။ တက်တိုးပွင့်သီး
၈။ တက်တိုး–ဝမ်း
၉။ ကာဗာ
၁၀။ တက်တိုးယူမက်(စ်)
၁၁။ ရိုးရှင်းရွက်ဖျန်းမြေဩဇာ
၁၂။ ပွင့်သီး ရွက်ဖျန်းမြေဩဇာ
၁၃။ တက်တိုး G-44

အထက်ပါကုန်ပစ္စည်းများမှလွဲ၍ ဆင်တူယိုးမှားအမည်များဖြင့် ထုတ်လုပ်ဖြန့်ဖြူးနေသော မြေဩဇာများသည် Uni Corp Co., Ltd နှင့် သက်ဆိုင်ခြင်း မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

### ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(၂) အဌမတန်း (A)မှ မောင်သန်းတိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင်[၇/ဒဥန (နိုင်)၀၃၆၇၇၃]ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(၁)၊ ဒသမတန်း (A)မှ မမြတ်နိုးဝေ၏ဖခင်အမည်မှန်မှာ ဦးဇော်လင်းထိုက်[၇/ဒဥန(နိုင်) ၁၄၉၁ ၇၀]ဖြစ်ပါကြောင်း။

**ဦးဇော်လင်းထိုက်**

### အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ(ဘ)ဦးဝင်းဗိုလ် [၁၄/မအန(နိုင်)၀၂၂၅၂၀]၏ သမီး မနွေးသန့်မျိုး၏အမည်မှန်မှာ မနွေးသန့်ညို ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကနီမြို့နယ်၊ ယာကြီးအထက၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော အောင်သပြေရွာမှ မောင်ရဲရင့်ကျော်၏ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်သောင်း[၅/ကနန(နိုင်) ၀၅၅၂၆၀]ဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်သောင်း**

### ပျောက်ဆုံးကြောင်း

MYANMAR SUMEC WIN WIN GARMENTS Co.,LTD မှတ်ပုံတင်နံပါတ်: 106109052 မှ မူရင်းထုတ်ကုန်လွှာ HB/L NO.RFRLEH 027214 သည် ၂၅-၆-၂၀၁၉ရက်တွင် ပျောက်ဆုံးကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၂၅၀၈၅၅၀၂၂**

## မြေပိုင်ရှင်ကိုယ်တိုင်စိတ်တိုင်းကျဆောက်လုပ်သည်


**အဆောက်အအုံအချက်များ**

- မြေအကျယ် (၁၁၀ပေ X ၁၁၀ပေ) Basement + 8.5 Storeyed R.C.C Building
- Pile Foundation System
- (၆) ခန်းတွဲ Room-Type အခန်းတွဲ့စနစ်ဖြစ်ပြီး အခန်းအရွယ်အစား Type -1 (1266 Sqft ) နှင့် Type -2 (1233 Sqft)
- အခန်း(၃) ခန်းစီတွင် ( 2-Master Bed, 1-Double Bed, Living, Dining & Kitchen ) များ ပါဝင်ခြင်း
- လေဝင်လေထွက်နှင့် အလင်းရောင် ကောင်းမွန်ခြင်း
- တစ်ခန်းလျှင် တစ်စီးနှုန်း ကားရပ်နားရန်နေရာ
- ၈ ယောက်စီး ဓါတ်လှေကား (၂) စင်း
- Transformer
- Stand By Generator
- Underground Tank &Overhead steel tank
- လုံခြုံစိတ်ချရသော မီးကြိုးနှင့်လျှပ်စစ်ပစ္စည်းများအသုံးပြုထားခြင်း
- မီးဘေးလုံခြုံရေးစနစ်များပါရှိခြင်း
- ၂၄နာရီ လုံခြုံရေးစနစ်များပါဝင်ခြင်း
- ဝါရင့်ကျွမ်းကျင်သော အင်ဂျင်နီယာများ၊ ဝါရင့်လုပ်သားများ ဖြင့်စနစ်တကျအညီ ဆောက်နေပါသည်။



**ငွေပေးချေမှုစနစ်များ**

- ကက်ပေး ၁၀၀% ငွေပေးချေစနစ်
- ကက်ပေး ၅၀% + အရစ်ကျ မိသားစုပေးချေမှုစနစ်
- အရစ်ကျ ၁၂လ ငွေပေးချေမှုစနစ်အသည်းမိမိနှင့် အဆင်ပြေသောငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
- ယခုဆောက်လုပ်မှုလုပ်ငန်း ၈၅% ပြီးစီးနေပြီဖြစ်ပါသည်။
- ၂၀၁၉ အကုန်အခန်းအပ်ပါမည်။




KEY PLAN



အမှတ်(၁၀၅/၁၀၇)၊ [illegible]မြို့နယ်။
ဆက်သွယ်ရန် – ၀၉ [illegible] ၊ ၀၉ [illegible]

**ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ**

## ဝန်ထမ်းအလိုရှိသည်။

'ရှိုင်းခွန်နောင်' ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

**Marketing** ကျား(၅)ဦး/မ(၅)ဦး။

အိမ်ခြံမြေဝန်ဆောင်မှု အတွေ့အကြုံရှိသူ ဦးစားပေးပါမည်။

- အသက် (၂၅နှစ်မှ ၃၅နှစ်ကြား)
- ပညာရေး (ဘွဲ့ရ/ဘွဲ့မရ) အင်္ဂလိပ် (ရေး/ဖတ်/ပြော) ကျွမ်းကျင်သူများ ဦးစားပေးပါမည်။
- နေ့စဉ်အဆက်အသွယ်ရှိသူများ နေ့စဉ်စီစဉ်ပေးပါမည်။

အတွေ့အကြုံပေါ်မူတည်၍ လစာကောင်း+ကော်မရှင်ကောင်း ချီးမြှင့်မည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးအကျဉ်းကိုဖော်ပြထားသော CV Form အပြည့်အစုံနှင့်လူကိုယ်တိုင်(သို့) Viber/Email ဖြင့်လျှောက်ထားနိုင်ပါသည်။

**Viber No : 09-795899478**

**Email : saikhungnoung1995@gmail.com**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-HH/1034၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖခင်အမည်မှန်

မုံရွာမြို့ အထက(၅) ဆဋ္ဌမတန်းမှ မအိသန္တာ၏ ဖခင်အမည်မှန်မှာ ဦးထက်ဖြိုးမောင်[၁၂/စခန(နိုင်)၀၇၇၈၆၈] ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ သက္ကပြုရွာနေ မောင်မင်းမင်းထွန်း [၅/ယမပ(နိုင်)၀၉၃၆၁၃]၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၈၄၆၉၃၃၉**

## Grace ပညာရေးဝန်ဆောင်မှု၏ နိုင်ငံခြားပညာရေးပြပွဲ

"Leading to Worldwide Education"

GRACE Education Services


Date: 29th June, 2019 ( Sat )

Time: 3:00-6:00 PM

Place: Novotel Hotel (4th Floor)

20%-100% ScholarShips

Register Call: 09 51 40 802; 09 78 51 40 802



### ပြပွဲကိုဘယ်လိုသူတွေတက်သင့်သလဲ ?

- ကြိုးစားကြတဲ့ နယူးဇီလန်၊ အအမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ ဂျပန်၊ မလေးရှားနှင့် စင်ကာပူ စသည်တို့တွင်သွားတက်လိုသော ၁၀တန်းအောင်၊IGCSE၊ A Level၊ UK Dip.၊ Certi. ပညာရှင်များ၊ တက္ကသိုလ်တန်းတက်နေသူများ၊ ဘွဲ့ရသူများ၊ လက်ရှိတက်နေသော ကျောင်းမှတစ်ခြားကျောင်း ပြောင်းချင်သူများ၊
- အစိုးရဆေးတက္ကသိုလ်ဝင်ခွင့်မရ၍ နိုင်ငံခြား WHO အသိအမှတ်ပြုဆေးတက္ကသိုလ်တက်ချင်သူများ၊
- အလုပ်အကိုင်အခါများသော (Accounting, Animation, Nursing,Engineering, ...Program) များ
- Toefl / SAT / IELTS / GRE မပါဘဲတက်နိုင်သောကျောင်းများ(ကျောင်းပေါင်း ၁၅၀ ကျော်ရွေးချယ်နိုင်ခြင်း)

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မှော်ဘီမြို့၊ဦးအောင်သင်းလမ်း၊ဥယျာဉ်မြေ၊မီးရှိ

(40'x60') = ၈၅သိန်း၊(20'x50') = ၃၅သိန်း

ph:09-448012251,09-252278945

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ သက္ကပြုရွာနေ မမာနီ [၅/ယမပ(နိုင်)၀၈၁၉၉၃]၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၈၄၆၉၃၃၉**

## နေရာကောင်းမြေညီတိုက်ခန်းကျယ်ရောင်းမည်

ဝေဇယန္တာလမ်းမကြီးပေါ်၊ အောင်ရတနာဆေးရုံအနီး၊ အကျယ်ပေ(၁၈×၇၀)မြေညီထပ်၊ ပြင်ဆင်ပြီး၊ ကားပါကင်ရှိ သင်္ဃန်းကျွန်းမြို့နယ်။ နေရာကောင်း။

ဈေးနှုန်း=သိန်း၃၂၀၀၊ အကျိုးဆောင်မလိုပါ

**ဖုန်း-09-5183518၊ 09-43125719**

## အမည်ပြောင်း

ကမာရွတ်မြို့နယ်၊ အထက(၂)၊ ဒုတိယတန်းမှ ဦးကျော်လင်း[၉/ဝတန(နိုင်)၁၁၇၅၂၀]၏သား မောင်ဖုန်းမြတ်ထက်အား မောင်ကျော်ဇမ္ဗူဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကျော်ဇမ္ဗူဟိန်း**

## အမည်မှန်နှင့် မှတ်ပုံတင်အမှန်

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ တောတိုက် ဓမ္မပီရလမ်း၊ ဘုန်းတော်ကြီးသင်ကျောင်း၊ အဋ္ဌမတန်းမှ မအေးနုဝေ၊ ဒုတိယတန်းမှ မောင်သူရအောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်ရီဖြစ်ပြီး ၎င်း၏ မှတ်ပုံတင်အမှန် မှာ[၁၂/ဒလန(နိုင်)၀၉၄၅၁၈] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ အထက လုံကာကျောင်းမှ ဒသမတန်းအောင် မစုစန္ဒီထူး၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထူး [၁၂/တကန(နိုင်)၁၂၆၈၇၅] ဖြစ်ပါကြောင်း။ **ဦးသန်းဇော်ထူး**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ဟိုခို အထက၊ သတ္တမတန်းမှ မမွေငင်းနှင့် မမွေခမ်းတို့၏ဖခင် အမည်မှန်မှာ ဦးသောပိန်တ [၁၃/နခတ(နိုင်)၀၃၉၅၅၉] ဖြစ်ပါကြောင်း။ **ဦးသောပိန်တ**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ သရက်ကုန်း၊ အထက(ခွဲ)၊ ဒသမတန်းမှ မောင်ထက်အောင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင်[၁၃/နခတ(နိုင်)၀၂၅၄၄၆] ဖြစ်ပါကြောင်း။ **ဦးစိုးလွင်**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ကံကြီး အထက နဝမတန်းမှ မခင်ဖြူဆွေနှင့် မခင်ဖြူဝေ (ဒသမတန်းအောင်)တို့၏ဖခင် အမည်မှန်မှာ ဦးအောင်သန်းဦး (ခ)ဦးသန်းဦး [၁၃/နခတ(နိုင်)၀၅၇၆၉၆] ဖြစ်ပါကြောင်း။ **ဦးအောင်သန်းဦး(ခ)ဦးသန်းဦး**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ဟိုခို အထက သတ္တမတန်းမှ မခိုင်စံပယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထိုက်[၉/ပဥလ(နိုင်)၀၄၄၈၂၈] ဖြစ်ပါကြောင်း။ **ဦးဇော်မျိုးထိုက်**

## မိခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ရွှေမုဋ္ဌော အထက(ခွဲ)၊ နဝမတန်းမှ မောင်သီဟအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စန်းနု [၁၃/နခတ(နိုင်)၀၇၉၀၁၃] ဖြစ်ပါကြောင်း။ **ဒေါ်ခင်စန်းနု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နောင်ချိုမြို့နယ်၊ကံကြီး အထကမှ ဒသမတန်းအောင်မြင်ခဲ့သော အဖ ဦးကျော်ရင်၏သမီး မခိုင်မာနွယ်နှင့် မခိုင်ဇာနွယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မခိုင်မာနွယ်(ခ)မခိုင်ဇာနွယ်**


[illegible]

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | လျှောက်ထားသည့် မြို့နယ် | မြေပိုင်း | မြေကွက် | မြေအမည်ပေါက် | ထိမ်စာ | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

[illegible]

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | လျှောက်ထားသည့် မြို့နယ် | မြေပိုင်း | မြေကွက် | မြေအမည်ပေါက် | ထိမ်စာ | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

[illegible]

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | လျှောက်ထားသည့် မြို့နယ် | မြေပိုင်း | မြေကွက် | မြေအမည်ပေါက် | ထိမ်စာ | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]


## "ဖြိုးသစ္စာ"

ဒဂုံမြို့သစ် တောင်ပိုင်း၊ မြောက်ပိုင်း ဆိပ်ကမ်း၊ အရှေ့ပိုင်း မြေကွက်များ ဝယ်လိုပါသည်။

09-448123778

09-420211264

09-420298279


ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

**ကြည်အေးဓမ္မရိပ်သာ**
**ဝါတွင်း(၃)လ တရားစခန်းပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီမြို့နယ်၊ကြည်အေးကျောင်းကိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင်(၁၇-၇-၂၀၁၉)မှ (၁၃-၁၀-၂၀၁၉))ထိ ဝါတွင်း(၃)လတရားစခန်းဝင်ရောက်လိုသူများ

(၁) ဆရာဖော် - ၀၉ ၇၉၉၅၁၅၆၆၄
(၂) ဦးကြည်သိန်း - ၀၉ ၅၀၁၁၅၁၄
(၃) ဒေါ်အေးအေးမြိုး - ၀၉ ၅၁၀၅၀၉၉

ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း သိရှိရပါသည်။

ဦးကြည်သိန်း+ဒေါ်အေးအေးမြိုး

**ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး**
**ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့**
**(၆၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ (၆၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၈၁-ခုနှစ်၊ ဝါဆိုလပြည့်နေ့) ၁၆-၇-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃း၀၀နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ်(၃၀၀၀ိ/-)နှုန်းဖြင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၊ ဖုန်း-၀၁-၂၉၀၄၂၅၊ ၀၁-၂၉၄၀၁၂တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်း။

**ရွှေဘုန်းပွင့်စေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

အသိမှတ်ပြုအမှတ်-၀၀၀၉ **ရွှေစံဒီ** ၏ ဝါဆိုလပြည့်နှင့် အာသာနည်နေ့ ခရီးစဉ် **July 15 18**

- ❖ ရှင်သီဝလိခြေတော်ရာအစစ်၊ ငါးထပ်ကြီးဘုရား၊ သွေးဆေးကန်စေတီ၊ စပ်လဲရေတံခွန် 15000
- ❖ ကျိုက်ထီးရိုးဆံတော်ရှင်၊ ကုသိနာရုံ၊ ကျိုက်ပိရဟန္တာ၊ မဲလံဆံတော်ရှင်၊ ပဲခူးဘုရားစုံ 15000
- ❖ မန္တလေး၊ အင်းဝ၊ မင်းကွန်း၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ ကျောက်စိမ်း၊ ကျောက်ဆည် 50000
- ❖ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ 40000 ❖ ပြည်ဘုရားစုံ၊ ထုံးဘို အကောက်တောင် 22000

09-420420761, 09-420420762, 09-420420763

**အမည်ပြောင်း**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ အထက(ခွဲ)၊ လ-၅၊ ၂၀၁၉-၂၀၂၀၊ ပညာသင်နှစ် န၀မတန်း (A)မှ (ဘ)ဦးသန်းထွေး[၁၂/မဂဒ(နိုင်) ၀၉၆၃၇၁]၏သား မောင်စစ်ဘုန်းနိုင်အား မောင်ကောင်းဇော်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းဇော်ဟိန်း**

**ပျောက်ဆုံးကြောင်း**

Yaung Ni Family Co., Ltd. ၏ ID-No. 100072470400နှင့် 100077474820 တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉၂၅၀၂၈၇၁၃၂

**မြေညီထပ်နှင့် ကွန်ဒိုတိုက်ခန်းရောင်းမည်**

၁။ စမ်းချောင်း၊ ပေ(၁၂½×၅၅)ခန့်၊ မြေညီ (R.C)နှစ်ထပ်ပြည့်၊ အောက်ထပ် (ကြွေပြားပြည့်)၊ အပေါ်ထပ် (ကျွန်းပါကေးပြည့်+အိမ်သာရေချိုးခန်းပါ) ပြင်ဆင်ပြီး။ (နေရာကောင်း)
၂။ စမ်းချောင်း၊ ပေ(၂၇×၅၂)ခန့်၊ ၅လွှာ၊ ကျွန်းပါကေးပြည့်၊ MBR(1),BR(1),AC(3) ဓာတ်လှေကားပါ၊ ကွန်ဒိုတိုက်ခန်းသစ်၊ ပြင်ဆင်ပြီး။ (နေရာကောင်း)

**ဆက်သွယ်ရန်ဖုန်း-09-5185350, 09-5661127**




# ဦးနေအုပ် (စိန့်ပေါလ်)
## တက္ကသိုလ်ဝင်တန်း စာမေးပွဲလမ်းညွှန်
**အင်္ဂလိပ်စာမေးခွန်း ပုံစံသစ်-၂၀၁၉-၂၀၂၀**

**အမြို့မြို့အနယ်နယ်ရှိစာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါပြီ**

**တန်ဖိုး ၃၅၀၀ကျပ်**

ဆက်သွယ်ရန် - ဘညိုစာပေ ... ၊ ငေတ်မီစာပေ (မန္တလေး) ဆိုင်-၁ ... ၊ ဆိုင်-၂ ...
ပြည့်ဝေကျော်စာပေ (ရန်ကုန်) - ဆိုင်-၁ ... ဆိုင်-၂ ...

VICTORIA UNIVERSITY COLLEGE
ISO 9001: 2015 CERTIFIED

**အကောင်းဆုံးကို ရွေးချယ် အစ်နံ့တတ်သော မိဘများကြောင့်**

ကျောင်းသားအင်အား **အများဆုံး** | သင်ကြားမှု **အကောင်းဆုံး** + နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 **အသိအမှတ်ပြု လက်မှတ် ရ** - **VICTORIA UNIVERSITY COLLEGE**

မှ ၂၀၁၉ ကျောင်းသားကျောင်းသူသစ်များကို ကြိုဆိုပါသည်။

အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူများအတွက် (၃)နှစ်အတွင်း
BTEC HND နှင့် အင်္ဂလန်အစိုးရပိုင် University of Wolverhampton တက္ကသိုလ်မှ

- BA (Hons) Business Management
- BSc (Hons) Computing & IT
- BEng (Hons) Civil Engineering
- BEng (Hons) Mechatronic
- BEng (Hons) Electronics & Communications Engineering

ဒီဂရီဘွဲ့ ရရှိမည့် အခွင့်အရေး



**ရန်ကုန် နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်မည့် ၂၀၁၉ ခုနှစ် ဇွန်လ တန်းခွဲသစ် အတွက် သင်တန်းသားများ စတင်လက်ခံပြီ။**

**NOW OPEN**
**MSc** (Programme and Project Management)

ရန်ကုန်
MMB Tower



မန္တလေး

# K & H Travels

ဗုဒ္ဓဂယာ ခရီးစဉ်များ
- ၈ ရက်နေ့အတွက်-(ဘာလီ-ဗောဂျီဘွဲ) (1,150 USD)(ဌာနေယာက်ရှိ)
- ၂၆ ရက်နေ့အတွက်-(ဇီယက်နမ်ဟနွိုင်း-ဒါနန်း) (599 USD)

ပြည်ပ ခရီးစဉ်များ
- ၁၈ ရက်နေ့အတွက်-(ဘာလီ-ဗောဂျီဘွဲ) (990 USD)(ဖေယာက်ရှိ)
- ၁၆ ရက်နေ့အတွက်-(ကိုရီးယား+ဂျပန်ရူ) (1,290 USD)(ဖေယာက်ရှိ)
- ၂၃ ရက်နေ့အတွက်-(ဗီယက်နမ်ဟနွိုင်း-ဒါနန်း) (599 USD)

K & H Travels New Address
Room No.105,Ground Floor,Next to Ballroom,Novotel Hotel,Pyay Road,Kamayut Township,Yangon
09-766946609 / 09-447016883

# Asia Dragon (အာရှနဂါး)

မြန်မာ Promotion 15.6.2019 မှစ၍

ချောင်းသာ (နေ့စဉ်) 12,000/-
ငွေဆောင် (အသွား) 15,000/-
ကျိုက်ထီးရိုး (အသွား)12,000/-
ပုပ္ပါး (နွားထိုးကြီး) တောင်ကြီး (အသွားပြန်)75,000/-
မြဝတီ၊ မဲဆောက်၊ ဘားအံ (အသွားပြန်)100,000/-

09 300 300 30 , 09 300 300 90, 09 799 100 100, 09 797 100 100

# တရုတ်

စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang

# ENGLISH
Conversation Practice

ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

# Amazing Land Travels & Tours

ဒေါ်နန္ဒာဝင်း ဦးစီးသော
Amazing Land Travels & Tours
(သီရိလင်္ကာဘုရားဖူးခရီးစဉ်)
(၅ရက်/၆ည) June 24, Aug 5, Aug 12

| | | |
|---|---|---|
| ဓာတ်တော်ရာ+ဘာလီ | (၆ရက်ခရီး) | June |
| ဗီယက်နမ်တောင်ပိုင်း | (၅ရက်ခရီး) | June |
| ဘန်ကောက်-ကမ္ဘောဒီးယား | (၅ရက်ခရီး) | July |
| စင်ကာပူ | (၄ရက်ခရီး) | July |

အမှတ်(၁၃-၁၅)အခန်း(၂-၁၅)ရတနာမဏ်အမှတ်၁(၁)ကန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၁ ၂၃၀၅၂၂၅၊ ၀၉ ၅၅၀၀၀၅၀၊ ၀၉ ၅၀၂၆၂၅၈၊
၀၉ ၂၅၀၀၃၉၄၄၃၄၀၉ ၂၅၄၀၅၂၈၁၁၀၉၄၄၃၃၆၄၄၄

# KAPLAN
MYANMAR UNIVERSITY COLLEGE

80 KAPLAN GLOBAL | 1 KAPLAN ANNIVERSARY

REGISTER NOW !!
09 777 636 000
09 777 686 000

Kaplan International ၏ တိုက်ရိုက်ကျောင်းခွဲဖြစ်သော Kaplan Myanmar University College ၏ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများနှင့် ကျောင်းသားမိဘများအတွက်

## 2020 အလွန် ခေတ်စားလာမည့် ပညာရေးလမ်းကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းဆွေးနွေးပွဲ




Kaplan Myanmar မှ ရိုးမြင့်မည့်ပညာသင်ဆုများအကြောင်းကိုလည်း ဆွေးနွေး ပြောပြသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တရင်းမပေးဘဲ တက်ရောက်လေ့လာ နိုင်ရန် ဖိတ်ကြား အပ်ပါသည်။

ကျင်းပမည့်အစီအစဉ်
နေ့ရက် ▸ ၃၀.၆.၂၀၁၉ (တနင်္ဂနွေနေ့)
အချိန် ▸ နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီထိ
နေရာ ▸ Melia Hotel

# SAMSUNG

# Buy 1 TV Get 1 TV

UNITED 9 Company Limited

Samsung TV များဝယ်ယူပြီး ငွေသားလက်ဆောင် နှင့် TV လက်ဆောင်များ ရယူလိုက်ကြပါ . . .

| Model | ငွေသားလက်ဆောင် |
|---|---|
| 32" TV, UA32N4003AKXXT | [illegible] ks |
| 43" TV, UA43N5003AKXXT | [illegible] ks |
| 43" TV, UA43RU7100KXMR | [illegible] ks |
| 50" TV, UA50RU7100KXMR | [illegible] ks |
| 49" TV, UA49RU7300KXMR | [illegible] ks |
| 55" TV, UA55RU7100KXMR | [illegible] ks |
| 55" TV, UA55RU7300KXMR | [illegible] ks |
| 55" TV, UA55RU7400KXMR | [illegible] ks |







Buy 1 TV




Get 1 TV



| တီဗွီ တစ်လုံးဝယ် Model | တီဗွီ တစ်လုံးလက်ဆောင် Model |
|---|---|
| 65" TV, UA65RU7300KXMR | 32" TV, UA32N4003AKXXT |
| 65" TV, UA65RU7400KXMR | 32" TV, UA32N4003AKXXT |
| 55" TV, QA55Q60RAKXMR | 32" TV, UA32N4003AKXXT |
| 65" TV, QA65Q60RAKXMR | 43" TV, UA43N5003AKXXT |
| 75" TV, QA75Q60RAKXMR | 43" TV, UA43RU7100KXMR |
| 82" TV, QA82Q60RAKXMR | 50" TV, UA50RU7100KXMR |
| 65" TV, QA65Q900RBKXXT | 55" TV, QA55Q60RAKXMR |
| 75" TV, QA75Q900RBKXXT | 65" TV, QA65Q60RAKXMR |
| 82" TV, QA82Q900RBKXXT | 75" TV, QA75Q60RAKXMR |

★ အနယ်နယ်အရပ်ရပ်ရှိ Samsung အရောင်းပြခန်းများ နှင့် Samsung အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ★


ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

ရဟန်းအမကြီး
## ဒေါ်စောပု (ခတ္တိယ)
**အသက် (၉၄) နှစ်**

လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၆၉)၊ ပထမထပ်၊ ခြေရင်းခန်းနေ (ဦးသက်ရှည်-ဒေါ်စိမ်းခင်)တို့၏သမီး၊ (ဦးဘဌေး)၏ဇနီး၊ ဒေါက်တာဒေါ်မြမြသောင်း(ဒုညွှန်မှူး၊ သမိုင်းသုတေသနဦးစီးဌာန)၊ ကိုသိန်းဌေး-မမာမာ၊ ကိုသိန်းဝင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မောင်အောင်အုပ်သန့်၊ မောင်သန်းထိုက်ဇေယျာတို့၏ ဘွားဘွားကြီးသည် ၂၈-၆-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစန်မြိုင်
**လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ ပို့ဆက်ဦးစီးဌာန**
**အသက် (၇၅) နှစ်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၁၉၅)၊ ပထမထပ်နေ ဒေါ်မြင့်မြင့်ကြည်(ရုံးအုပ်-ငြိမ်း၊ ပြည်တွင်းရေကြောင်း)၏ခင်ပွန်း၊ ဗိုလ်မှူးသန့်စင်လင်း(ငြိမ်း)-မမျိုးပပ၊ မဆွေဇင်လင်းတို့၏ဖခင်၊ မဝတီတင့်ရွှန်း၊ မယွန်းရတီဦးတို့၏အဘိုးသည် ၂၈-၆-၂၀၁၉ (သောကြာနေ့) နံနက် ဝ၀း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ချမ်း
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့ လသာမြို့နယ်၊ (၇) ရပ်ကွက်၊ အမှတ်(၂၇)၊ လေးလွှာ၊ (၂၄)လမ်းနေ (ချူချိန်ကွန်း-ရပ်ချွန်တီ)၊ (ဦးစူးဟုတ်-လင်ဖိတ်တင်)တို့၏သမီးကြီး၊ [ချူဟုတ်ရီ (ခ) ဦးစိန်မြင့်]၏ဇနီး၊ ဒေါ်ဝင်းဝင်းရီ-ဦးအေးသိန်း၊ ဒေါ်နိုင်နိုင်ဝင်း-လီချောင်ဝှမ်၊ ဒေါ်မြတ်မြတ်အောင်၊ ဦးထိန်လင်း-ဒေါ်အေးမွန်ခိုင်၊ ဦးမျိုးမင်းအောင်-ဒေါ်ခင် မီမီလတ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မဝင်းရတနာအေး၊ လီကျွတ်အန်း၊ လီ‌ဇေ့ကဲ့မခင်ရတနာမင်းတို့၏ အဘွား သည် ၂၇-၆-၂၀၁၉ (ကြာသပတေး နေ့) ညနေ ၄း၅၅ နာရီတွင် ရွှေလမင်း အထူးကုဆေးရုံ (လမ်းမတော်) ၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါက်တာမျိုးသိန်း (ဗိုလ်မှူး-ငြိမ်း)
**အသက်(၅၈)နှစ်**
**B.D.S, Dip.D.Sc, M.D.Sc (Ygn)**
**F.I.C.D (U.S.A)**

၂၈-၆-၂၀၁၉ (သောကြာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဦးဘဝမ်း (အင်ဂျင်နီယာမှူးကြီး-ငြိမ်း)
**အသက်(၇၆)နှစ်**

ဗိုလ်မှူးကြီးကျော်ကျော်မင်း [စစ်သံမှူး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)]-ဒေါ်ခိုင်နီဆန်း တို့၏ ဖခင် ဦးဘဝမ်း အသက် (၇၆)နှစ်သည် ၂၇-၆-၂၀၁၉ ရက် နံနက် ၇း၂၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးထွန်းအောင်ကျော်-ဒေါ်လှလှဝင်း**
**ဦးအောင်ကျော်မိုး-ဒေါ်သက်မာထွန်း**
**ဦးသန့်ဇင်လတ်-ဒေါ်မြတ်မြတ်မွန်**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းဌေး
**အသက်(၆၈)နှစ်**
**LF.M.E**

ဒေါ်သန်းသန်းဌေး အသက်(၆၈)နှစ် LF.M.E သည် ၁၄-၆-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရ ပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းဝန်ထမ်းဟောင်းများအသင်း**

## သင့်သွေးဖြင့် အသက်ကယ်

## အနိစ္စ

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)
### ဦးမောင်မောင်ဝင်း
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိုးသီး(၂၂)လမ်း၊ အမှတ် (၁၆၈/ခ)နေ အသင်းဝင် ဦးမောင်မောင်ဝင်းသည် ၂၆-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၉ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

### ဒေါ်စီစီလှိုင်
**ကန်တော်ကြီး**
**ဟိုတယ်သင်တန်းကျောင်း**
**အသက် (၆၄) နှစ်**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မဟာဗေယျလမ်း၊ အမှတ် (၃၉)၊ ခြောက်လွှာ၊ ကျိုက်တော်ရပ်ကွက်နေ (ဦးထွန်းလှိုင်-ဒေါ်မြစိန်) တို့၏ ဒုတိယသမီး၊ ဒေါ်မီမီလှိုင်၏ ညီမ၊ ဒေါ်ညိုညိုလှိုင် (Royal Garden Restaurant)၊ ဒေါ်နီနီလှိုင်၊ ဦးစိန်လွင် (ခေတ္တ-စင်ကာပူ)တို့၏အစ်မ ဒေါ်စီစီလှိုင်သည် ၂၈-၆-၂၀၁၉ ရက် ညနေ ၄း၂၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း (ရန်ကုန်)
### ဒေါ်မြတ်သီတာ (မြိတ်)
**အသက်(၅၀)**

မြိတ်မြို့ နောက်လယ်ရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၅၆၀)နှင့် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊အမှတ်(၄၁)နေ မြိတ်အသင်း အမှုဆောင် ဦးထွန်းရ-ဒေါ်ဂင်မော်တို့၏ သမီးသည် ၂၇-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

### ဒေါ်ခင်လှကြည် (ခ) ဒေါ်လှလှ (တောင်တွင်းကြီး)
**အသက် (၈၃) နှစ်**

တောင်တွင်းကြီးမြို့ အုန်းတော(၁)၊ အပိုင်း(၅)နေ ဦးမောင်ငယ်-ဒေါ်သိန်းမေတို့၏သမီး၊ (ဦးသိန်းဝင်း)၏ ဇနီး၊ ဦးဘသွင်-ဒေါ်သိန်းတင့်၊ (ဦးမောင်မောင်မြင့်)-ဒေါ်ခင်သင်းကြူတို့၏ညီမ၊ ဦးမြသွင်-ဒေါ်စန်းစန်းတို့၏ အစ်မ၊ (ဦးမျိုးသွင်)၊ ဦးစောမြင့်-ဒေါ်ချိုချိုဝင်း၊ ဒေါ်စိုးစိုးဝင်း၊ ဦးကျော်ဆောင်-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်အေးအေးဝင်းတို့၏မွေးသမိခင်၊ မြေး လေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၇-၆-၂၀၁၉ ရက် ည ၁၁း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဗိုလ်မှူးစောမြတ်မင်း(ငြိမ်း)
**O.T.S(39)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့ အမှတ်(၇၃)၊ မြေညီ(B)၊ သီရိလမ်း၊ စမ်းချောင်းနေ ဒေါ်ခင်လင်းမေ (အထက-၂၊ လသာ-ငြိမ်း)၏ ခင်ပွန်း၊ (ဦးစောလုံ-ဒေါ်စောမြ) တို့၏ သား၊ (ဦးမိုင်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဒေါ်ထူးထူးမြတ်မင်း၊ ဦးမင်းကျော်ဇင်-ဒေါ်နိုင်နိုင်ဦး၊ ဦးပြည့်စုံချစ်တို့၏ မွေးသဖခင်၊ မောင်အံ့ဘုန်းမောင်၏ အဘိုးသည် ၂၈-၆-၂၀၁၉ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
### ဦးဘဝမ်း (၇၆)နှစ်
**အင်ဂျင်နီယာမှူးကြီး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ကျောက်ပန်းတောင်းမြို့နယ်၊ ရေဆုံးကျေးရွာ**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) တိုးချဲ့ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ်(၁၈၁)နေ (ဦးအေးဖေ-ဒေါ်စောခင်)တို့၏သား၊ (ဦးဘသန်း-ဒေါ်ခင်ကျော်) တို့၏ သားသမက်၊ (ဒေါ်ခင်နှင်းရီ)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကြီးကျော်ကျော်မင်း(စစ်သံမှူး၊ လာအိုနိုင်ငံဆိုင်ရာမြန်မာစစ်သံ၊ ကြည်း၊ရေ၊လေ)-ဒေါ်ခိုင်နီဆန်း၊ ဦးမင်းမင်းထွန်း(Director of Gold Winner Co.,Ltd)-ဒေါ်သင်းသင်းလတ်၊ ဦးစိုးဝင်းအောင်(Lucky way နှင့် ဒို့လူကုန်စည်ပို့ဆောင်ရေး)-ဒေါ်ခင်သူဇာ၊ လေယာဉ်မှူးကြီး ဦးဇော်ဟိန်း [Wings Air (Lions air group)Indonesia]-ဒေါ်ရီသန္တာမြင့်တို့၏ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးဘဝမ်းသည် ၂၇-၆-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇း၂၈နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်အဆောင်(၁/က)သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ကြူကြူခိုင် (B.Ed. 72)
**အထပြ(ငြိမ်း)၊ အထက(၃)တာမွေ**
**အသက်(၇၀)**

ရန်ကုန်မြို့နေ ဦးစိုးသိမ်း-ဒေါ်မွန်မွန်ရင် တို့၏ ညီမ၊ ဦးမြင့်စိုး-ဒေါ်ခင်မမ၊ ဦးကျော်မြင့်-ဒေါ်တင်တင်ဝင်း၊ (ဦးတင်ဝင်း)-ဒေါ်ခင်ချိုမြင့်၊ ဦးအောင်သန်းဝင်း-ဒေါ်ချိုချို တို့၏ အစ်မ၊ အမှတ်(၇၇)၊ သုံးလွှာ၊ မင်းလမ်း၊ စမ်းချောင်းတောင်ရပ်ကွက်နေ ဦးခင်မောင်တင့် (အမှတ်-၂၊ သတ္တုတွင်း)၏ ဇနီး၊ ဒေါ်စမ်းသီတာတင့်၊ ဒေါ်နှင်းဝတ်ရည်တင့်တို့၏ မွေးသမိခင် ဒေါ်ကြူကြူခိုင်သည် ၂၈-၆-၂၀၁၉ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### မမြသီတာ(ခ)မမြတ်သီတာ (မြိတ်) အသက်(၅၀)
**B.Sc (Physics)**
**သဲအင်းဂူတိုက်ခွဲ(၃၂)၊ (ဥပဋ္ဌာကအဖွဲ့ဝင်)**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ နောက်လယ်ရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်(၅၆၀)နေ (ဦးဘထုတ်-ဒေါ်အောင်မေ)၊ (ဦးဘစံ)-ဒေါ်လှကြည်တို့၏ မြေး၊ ဦးထွန်းရ-ဒေါ်ဂင်မော် တို့၏ ဒုတိယသမီး၊ ကိုတင်ထူး-မမီမီသန့် တို့၏ ညီမ၊ ကိုအောင်မျိုးကျော်-မခင်ပပထွန်း၊ ကိုကျော်မိုးလွင်-မအေးချမ်းမေ၊ ကိုမြတ်သူ-မဇင်ဝါထွန်း တို့၏ အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၂၇-၆-၂၀၁၉ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အမှတ်-၄၁၊ ဆိပ်ကမ်းသာလမ်း၊ ၁၈ရပ်ကွက်၊ ရွှေပြည်သာနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါရွှေပြည်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ခင်လှ (ကျောက်တံခါး)
**အသက် (၈၉) နှစ်**

၂၁-၆-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားသော ဒေါ်ခင်လှ၏ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများ၊ Z-Tech Solution Co.,Ltd၊ ခုနစ်စင် မိသားစု၊ KKC မိသားစု၊ Normal မိသားစု၊ ကျောက်တံခါးမြို့နယ် အသင်းနှင့်တကွ တာဝန်ရှိသူများ၊ မော်တော်ယာဉ် ကူညီပေးကြသူများနှင့် စမ်းချောင်း(မြောက်)ရပ်ကွက် ဒေါ်နန်းမှုံဇရပ် ဝတ်ရွတ်အသင်း၊ စမ်းချောင်း (မြောက်) ရပ်ကွက် နာရေးကူညီမှုအသင်း၊ ဖုန်းဖြင့် ဝမ်းနည်းကြောင်း နာရေးသတင်းမေးကြသူများ၊ Social Media (facebook)တို့မှ ဝမ်းနည်းကြောင်း ပေးပို့သူများ၊ နာရေးလိုက်ပါပို့ဆောင် ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ခင်ခင်ညို (ညိုညို) (ကျောက်ဖြူ)
**မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (ငြိမ်း)**
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၆၄-A)၊ ပထမထပ်နေ [ဦးစံရွှေမောင်(လေဆိပ်အရာရှိ-ငြိမ်း)]၏ဇနီး၊ ဘဒ္ဒန္တဦးပဏ္ဍိတ (စစ်တွေ)၏မယ်တော်၊ ဒေါ်စိုးစိုးရွှေ (ခ) မိစု-ရဲမှူးခင်စောမောင်(ဒလမြို့နယ် ရဲတပ်ဖွဲ့မှူး)၊ ဦးဇော်အောင်ရွှေ(2/E ၊ ခေတ္တ-မော်ရိုကိုနိုင်ငံ)-ဒေါ်ဆုဝေနှင်း(အထက်တန်းပြ)၊ (ဦးဝင်းအောင်ရွှေ)၊ ဒေါ်မြသန်းအေး၊ ဒေါ်ခင်ခင်စိုး (ခ) မီးမီး (ရုပ်ရှင်ဌာနခွဲ)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး လေးယောက်တို့၏အဘောင်ရှင်သည် ၂၇-၆-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
### ဒေါ်ဂျန်မာလုဘူ
**အသက်(၆၆)နှစ်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်နေ (ဦးဂျန်မာထန်ဝါ)-ဒေါ်လဇိန်ကိုင် တို့၏ သမီး၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၂၂)၊ ငါးလွှာနေ ဦးလဇွန်တန်ဂွန်း(မြေစာရင်း-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်လဇွန်ဆိုင်းနန်-ဦးပီတာခင်အောင်၊ ဒေါ်လဇွန်လုဂျာ-ဦးပါစကားကင်းစင်၊ မလဇွန်ဆိုင်းပန်၊ မောင်လဇွန်အောင်ဆန်း၊ ဒေါက်တာလဇွန်နော်ဆန်း၊ မလဇွန်ဂျာမွန်းပန် တို့၏ မိခင်၊ မောင်စောဆိုင်းအောင်၊ မောင်ကောင်းခန့်ဇင်၊ မောင်ခန့်ဇင်မင်း တို့၏ အဘွားသည် ၂၆-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၆-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီတွင် ဈာပနဝတ်ပြုခြင်း အစီအစဉ်ကို မြေနီကုန်း Fatima ကက်သလစ်ဘုရားရှိခိုးကျောင်း၌ ပြုလုပ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ အောက်မေ့သတိရဆုတောင်းခြင်းကို ၂-၇-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် မြေနီကုန်း Fatima ကက်သလစ်ဘုရားရှိခိုးကျောင်း၌ ပြုလုပ်မည်ဖြစ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်သစ်သစ်ဝင်း
**အမက(၁၂)၊ သဃ်္ဃန်းကျွန်း (ငြိမ်း)**
**အသက် (၆၃) နှစ်**

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၁၉၇)နေ (ဦးရွှေဝင်း-ဒေါ်ပွဲ)တို့၏သမီးထွေး၊ [ဦးဇော်ဝင်း(ခ) ဦးကိုကိုလတ်]-ဒေါ်တင်တင်ရီ၊ ဦးစိန်ဝင်း-ဒေါ်ခင်မြရီ၊ ဦးခင်ဝင်း၊ ဦးစိုးဝင်း-ဒေါ်သန်းသန်းအေး၊ ဒေါ်အေးအေးဝင်း၊ ဦးလှမိုး-ဒေါ်သက်သက်ဝင်းတို့၏ညီမ၊ ဦးကျော်စည်သူ၊ ဦးနေဝင်းဇံ-ဒေါ်မေစည်သူတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မသက်နေနွယ်၏အဘွား၊ ဦးသန်းထွန်း၏ချစ်လှစွာသောဇနီးသည် ၂၇-၆-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးကိုကိုဇော် (စာရေးဆရာ SOE Z KO)
**စစ်ကွင်းမြို့ (B.A Georaphy)**
**အသက် (၅၉) နှစ်**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ အမှတ်(၇၄/က)နေ (ဦးအောင်မြတ်)-ဒေါ်မြင့်နွယ်တို့၏သား၊ ဦးအေးကြွယ် (ကောင်းမြတ်နွယ်)-ဒေါ်ခင်သော်မော်၊ Dr. ဇော်ဝင်း(ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်)-Dr.ဝေဝေမြင့်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ပညာရေးတက္ကသိုလ်၊ PISM)၊ ဦးသက်လွင်တို့၏ ညီ/မောင်၊ (ဦးဝင်းမော်)-ဒေါ်နီနီမာ(ထိရောက်၊ ကပက)၊ ဦးဝင်းမော်သန့်-ဒေါ်ချိုချိုစန်း၊ ဦးဝင်းကြည်-(ဒေါ်စုစုဝင်း)၊ ဦးအောင်ကျော်မိုး-ဒေါ်ညိုသန့်ထွေးတို့၏ အစ်ကို၊ တူ/တူမ ၁၂ယောက်တို့၏ဦးလေးသည် ၂၈-၆-၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဒေါ်စုစုကြည်
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ သာယာဝတီလမ်း၊ အမှတ်(၃၅/ခ)နေ (ဦးအိန်စွန်း)-ဒေါ်နှင်းကြည်တို့၏ သမီးထွေး၊ ဦးဖေကျော်ထင်-ဒေါ်နုနုကြည်၊ ဒေါ်မိမိကြည်၊ ဦးခင်မောင်ကြည်-ဒေါ်နှင်းနှင်းယု၊ ဦးညိုကြည်၊ ဒေါက်တာကျော်မင်း-ဒေါ်မွှေးမွှေးကြည်၊ ဒေါ်ဌေးဌေးကြည်၊ ဦးအောင်လတ်တို့၏ ညီမ၊ တူ/တူမ ၁၇ယောက်တို့၏ အဒေါ်၊ မြေ ခြောက်ယောက်တို့၏ ဘွားလေး ဒေါ်စုစုကြည်သည် ၂၇-၆-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅း၁၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၉ (သောကြာနေ့) နံနက် ၈း၄၅ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတဦးမြင့်ဆွေ အာဇာနည်နေ့ အခမ်းအနား ပြင်ဆင်ဆောင်ရွက်ထားရှိမှု စစ်ဆေးကြည့်ရှု

ရန်ကုန် ဇွန် ၂၈

**၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်ကွပ်ကဲရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**



ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ အာဇာနည်ဗိမာန်တွင် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ညှိနှိုင်းအစည်းအဝေးသို့ (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်နှင့် ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ညှိနှိုင်းစည်းဝေး**

ရှေးဦးစွာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

ကြေးမုံ ယနေ့ ဖတ်စရာ

**အလုပ်အကိုင် အခွင့်အလမ်း ၃၀၀၀ ခန့် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု** စာမျက်နှာ » ၈

**မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ ) တံတားစီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်** စာမျက်နှာ » ၉

**ကိုပါအမေရိကဗလား ဆီမီးဖိုင်နယ်သို့ ဘရာဇီးတက်လှမ်း** စာမျက်နှာ » ၁၃

# Southern အသင်းက Chinland ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

**ရန်ကုန် ဇွန် ၂၈**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) ပထမနေ့အဖြစ် Chinland အသင်းနှင့် Southern အသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားသည်။

**Southern - နှစ်ဂိုး**
**Chinland - တစ်ဂိုး**

ဇယားအောက်ဆုံးရောက်နေပြီး အမှတ်လိုနေသည့် အသင်းနှစ်သင်း၏ တွေ့ဆုံမှုဖြစ်ကာ Southern အသင်းက နောက်ကျဂိုးဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဖိအားအနည်းငယ် လျော့သွားခဲ့သည်။ Chinland အသင်းမှာမူ ယခုပွဲအရှုံးကြောင့် ဖိအားများသွားပြီး ဇယားအောက်ဆုံးသို့ ရောက်သွားခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး Chinland အသင်းက နိုင်ငံခြားသားကစားသမားသုံးဦးစလုံး

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❖



Chinland နှင့် Southern အသင်း ယှဉ်ပြိုင်နေစဉ်။






# ကလောတစ်ခေါက် ရောက်အောင်သွားမယ်

**ကလော** အလွန် တစ်ဘူတာဆိုတဲ့ ရုပ်ရှင်ကားကြီး ကြည့်ခဲ့ဖူးပါတယ်။ ကြာပါပြီ။ ဖြူမည်းခေတ်ကရိုက်ခဲ့တဲ့ ဇာတ်ကားပါ။ သေသေချာချာတောင်မမှတ်မိတော့ပါဘူး။ ဟိုတစ်လောက ရုံးကအစ်မတစ်ယောက်ပေးဖတ်လို့ ကလောနောက်ခံဝတ္ထုတစ်ပုဒ် ဖတ်ဖြစ်လိုက်ပါသေးတယ်။ 'နားစွင့်ကြားဟန်ရင်ခုန်သံ'နဲ့ 'နူးညံ့စိတ်ထားနှလုံးသား'အမည်ရတဲ့ ဘာသာပြန်စာအုပ်ပါ။ ဂျာမနီနိုင်ငံသားစာရေးဆရာက မြန်မာပြည် ကလောမြို့နောက်ခံရေးထားတဲ့ ဝတ္ထုကို ဆရာသင့်လူ ဘာသာပြန်ပေးထားပါတယ်။ ကိုယ့်နိုင်ငံအကြောင်းကို ကိုယ့်ထက်သိနေတဲ့ စာရေးဆရာပါပဲ။ ကလောမှာ အကြာကြီးနေပြီးရေးထားတာလို့ ဆိုပါတယ်။ စာအုပ်က နှစ်အုပ်တွဲပါ။ တတိယတွဲထပ်ရေးဖို့ ကြိုးစားနေတယ်လို့ ပြောပါတယ်။ ကိုယ်တွေစာတစ်မျက်နှာရေးဖို့ ချွေးကျနေတဲ့အချိန် သူကကိုယ့်ဒေသအကြောင်းမဟုတ်တာကို သုံးအုပ်တွဲဖြစ်ဖို့ လုံးပန်းနေတာတဲ့။ လေးစားစရာရယ်လေ။ ရုပ်ရှင်ထဲက ရိုက်ကွင်းတွေမှာရော၊ စာထဲကအဖွဲ့တွေမှာရော ကလောဟာ သိပ်လှပါတယ်။ စာဖတ်နေရင်း အေးစိမ့်နေတဲ့ အရသာ၊ တိတ်ဆိတ်ငြိမ်သက်တဲ့အတွေ့ကို ပေးပါတယ်။ ကလောကိုသွားချင်စိတ် ဖြစ်မိပါတယ်။ ရောက်ဖူးချင်ပါတယ်၊ လမ်းတွေလျှောက်ချင်မိပါတယ်။ ကလောအလွန်တစ်ဘူတာမှာ ဘာတွေရှိပါသလဲ စူးစမ်းချင်စိတ်အပြည့်နဲ့ပါ။

လွန်ခဲ့တဲ့ တစ်ရာသီလောက်က ကျွန်တော့်ရုံးက သူငယ်ချင်းတွေ အဖွဲ့လိုက် ကလောခရီးကိုထွက်ကြပါတယ်။ သူတို့သိပ်ပျော်နေတဲ့ ဓာတ်ပုံတွေ လူမှုကွန်ရက်မှာ အပုံလိုက်အထွေးလိုက် မြင်ခဲ့ရပါတယ်။ ပြန်လာတော့လည်း ကလောကသိပ်လှတဲ့အကြောင်း၊ မိုင် ၂၀ လောက် လမ်းတွေလျှောက်ကြရတဲ့အကြောင်း၊ လမ်းမှာ လိမ္မော်ခင်း လက်ဖက်ခင်းတွေက တစ်မျှော်တစ်ခေါ် ကြည့်လို့မဆုံးကြောင်း၊ လည်ပတ်စရာတွေ အများကြီးရှိတဲ့အကြောင်း ပြောလို့မဆုံးနိုင်ကြပါဘူး။ သူတို့ရဲ့အတွေ့အကြုံတွေ ပြန်ကြားရတာ ကိုယ်မရောက်ဖူးတဲ့သူတောင် ရောပြီးပျော်ရွှင်စရာရယ်ပါ။ အပျော်တွေကူးစက်ပြီး သူငယ်ချင်းတွေရဲ့ ပြန်ပြောစကားလေးတွေကို စာစီကြည့်ရင်း ကိုယ်တိုင်ရောက်ချင်စိတ်တွေ ပြင်းပြနေမိပါရဲ့။

**ရန်ကုန်ကနေထွက်ခွာပြီ**

ကလောကိုသွားဖို့ဆိုရင် ရန်ကုန်ကနေ တောင်ကြီးကားကို စီးရပါတယ်။ ကလောဆိုတဲ့ အေးချမ်းတဲ့ မြို့လေးဟာ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ရှိနေတာလေ။ ကယားပြည်နယ် လွိုင်ကော်ကိုသွားမယ်ဆိုရင်လည်း ကလောကို ဖြတ်ရပါတယ်။ ရန်ကုန်တောင်ကြီးကားလမ်းဟာ တောင်ပေါ်လမ်းဆိုပေမယ့် သွားလာရလွယ်ကူပါတယ်။ လမ်းကောင်းပြီး ခရီးသွားကားကြီးတွေက အဆင့်မြင့်တာကြောင့် သက်သောင့်သက်သာပါပဲ။ ရန်ကုန်ကနေ ည ၇ နာရီခွဲထွက်ရင် နောက်နေ့မနက် ၄ နာရီဆိုရင် ကလောမြို့ကို ရောက်ပါပြီ။ ရန်ကုန် ကလောကားလိုင်းမရှိတာကြောင့် တောင်ကြီးကားစီးပြီး လမ်းမှာဆင်းရပါတယ်။ ကလောကို မနက်စောစောရောက်ပြီဆိုတာနဲ့ တည်းခိုခန်း ဒါမှမဟုတ် ဟိုတယ်ရှိရာကို သွားရမှာပါ။ လမ်းမကြီးရဲ့ဘေးက ဟိုတယ်ကို ကြိုတင်ချိတ်ဆက်ထားမယ်ဆိုရင် အဝေးပြေးကားကို ဟိုတယ်ရှေ့ရပ်ခိုင်းလိုက်ရုံပါပဲ။ ကားပေါ်ကဆင်း ဟိုတယ်ခန်းထဲဝင် တစ်ညလုံးအိပ်ရေးပျက်ခဲ့သမျှ စောင်ခြုံပြီးသား အိပ်ချလိုက်ပေတော့။

အထူးကဏ္ဍ [ ခ ] သို့ »»

မင်းသုဝဏ်

# ဓနုရိုးရာ စကားထာ

**မသိရခင် အဟုတ်သား၊**
**သိရသောအခါ အလကား၊**
**အဲဒါ သိရဲ့လား။**
**ပန်းပေးမလား ဖြေမလား။**

အထက်ပါ စကားထာမှာ ဉရောပတိုက်တွင် ဂုဏ်လေ့ရှိသော စကားထာတစ်ရပ်ဖြစ်ပါသည်။

အသီးပေါ် အပင်ပေါက်၊
ခြေထောက်တစ်ချောင်းထောက်။

ဤစကားထာကို မဖြေတတ်သေးခင်ကဆိုလျှင် အလွန်ဦးခေါင်းကုတ်ရပါသည်။ အပင်ပေါ်က အသီးထွက်ရိုးထုံးစံနှင့် ဆန့်ကျင်၍ ဂုဏ်ဆိုထားသည်။ အခြေခံအားဖြင့် ခြေထောက်ဆိုလျှင် နှစ်ချောင်းရှိရရိုးထုံးစံနှင့် ဆန့်ကျင်၍ ဂုဏ်ဆိုထားသည်။ နောက်ဆုံး ဟိုလိုဖြေသည်လိုဖြေ၍ မရသောအခါ ပန်းပေးရသည်။ အဖြေကား ထူးထူးထွေထွေ ဆန်းဆန်းပြားပြားမဟုတ်။ (နာနတ်သီး)တဲ့။

အမြီးကောက် မျောက်လည်းမဟုတ်
မုတ်ဆိတ်ဖွား ကုလားလည်းမဟုတ်
ရင်မှာထား သားလည်းမဟုတ်
မြေမသက် ငှက်လည်းမဟုတ်
အဲဒါ ဘာလဲ။

မျောက်တိရစ္ဆာန်၊ ကုလားလူမျိုး၊ အမေကဖွားသည့်သား၊ မိုးမှာပျံသည့် ငှက်တို့ကို ရှေ့တန်းတင်၍ပြ၊ ယင်းတို့၏ အမူအရာတို့ကို နိမိတ်ပုံဖြစ်အောင်ဆို။ ဤသို့ မျက်စိရှုပ်အောင် လှည့်ပတ်သွေးဆောင်ခေါ်သွားပြီးမှ ဘာလဲဟု အမေးခံရသူမှာ တွေဝေသွားရသည်။ ဟိုလှည့်စဉ်းစားသည်လှည့်စဉ်းစားနှင့် ဟိုလိုဖြေလည်းနေရာမကျ၊ သည်လိုဖြေလည်း နေရာမကျ၊ အချက်တစ်ချက်ကို ဖြေ၍ရမယောင်ယောင်ရှိခိုက် နောက်တစ်ချက်ကို မဖြေတတ်ဖြစ်။ နောက်ဆုံး လက်လျှော့ပန်းပေးရသောအခါ သိလိုက်ရသည်မှာကား ရင်ကွဲစရာ။ ဘာမျှမဟုတ်။ (မြန်မာ့စောင်းကောက်)တဲ့။

ဤနှစ်ချက်ကို သိရလျှင် အထက်ပါစကားထာ၏အဖြေကို သိနိုင်ပါသည်။ အဖြေက တခြားမဟုတ်ပါစကားထာတဲ့။

စကားထာသည် လူမျိုးတိုင်း နိုင်ငံတိုင်း၏ သမိုင်းဦးခေတ်ကတည်းက ပေါ်ပေါက်ခဲ့ပုံရပါသည်။ မြန်မာနိုင်ငံ သမိုင်းဦးခေတ်တွင်

ထောင်ပေး၍ဆုတ်၊
ရာပေး၍ချုပ်၊
ချစ်တဲ့သူအရိုး

ဆံထိုးလုပ်- ဆိုသော စကားထာပေါ်ခဲ့သည်ဟု စကားစဉ်ရှိပါသည်။ ထိုနည်းတူစွာ ရှေးရှေးက နိုင်ငံကြီးများတွင် စကားပုံခေတ်စားခဲ့သည်ကို မှတ်သားရဖူးပါသည်။

ငါးရာ့ငါးဆယ်နိပါတ်၊ အမှတ် ၃၃၉၊ ဗာဝေရုဇာတ်တွင် အိန္ဒိယနိုင်ငံမှ ပင်လယ်ခရီးဖြင့် ကုန်သည်တို့ သွားရောက်ကုန်ရောင်း ကုန်ဝယ်ပြုကြသော ဗာဝေရုနိုင်ငံဟူ၍ ရှိပါသည်။ ယင်းနိုင်ငံကို ရှေးဟောင်းခေတ်အခါက ဗက်ဗီလုံးဟု ခေါ်ပါသည်။ နောင်သောအခါ မက်ဆိုပိုတေးမီးယားဟု တွင်ပါသည်။ ယခုအခါ အီရတ်နိုင်ငံဖြစ်ပါသည်။ ယူဖရေးတီးမြစ်နှင့် တိုင်ဂရစ်မြစ်တို့၏ မြစ်ဝှမ်းအရပ် ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ယဉ်ကျေးမှုစတင်ထွန်းကားရာအရပ်အဖြစ် ထင်ရှားပါသည်။

(ဆက်လက်ဖော်ပြပါမည်)

»»» အထူးကဏ္ဍ [ က ] မှ

ကလောမြို့က အေးပါတယ်။ အချိန်တိုင်းအေးနေတယ်လို့ ပြောလို့ရပါတယ်။ အနွေးထည်ထူထူယူသွားဖို့ လိုပါတယ်။ နှင်းဖွဲဖွဲတွေက ကျနေတတ်တာကြောင့် ခေါင်းစွပ်တို့၊ ဦးထုပ်တို့လိုပါတယ်။ မဟုတ်ရင်တော့ အအေးမိ နှာစေး ချောင်းဆိုးဖြစ်မှာအမှန်ပါ။ ကလောရောက်ရင် ဘာလုပ်မယ်၊ ဘယ်လိုဖြတ်သန်းမယ်ဆိုတာ မရောက်ခင်ကတည်းက အစီအစဉ်ဆွဲထားဖို့ လိုပါတယ်။ ကိုယ်တိုင်ဦးဆောင်နိုင်ဖို့ အခက်အခဲရှိမယ်ဆိုရင် ဒေသခံလမ်းပြတွေကို ငှားပြီး ဆောင်ရွက်ရမှာပါ။ ကိုယ်တိုင်ဦးဆောင်နိုင်ဖို့ အခက်အခဲရှိမယ်ဆိုရင် ဒေသခံလမ်းပြတွေကိုငှားပြီး ဆောင်ရွက်ရမှာပါ။ သူတို့ကို Trekking Guide လို့လည်း ခေါ်ကြပါတယ်။ Guide နဲ့ဆိုတော့ အချိန်ကုန်သက်သာပြီး လိုအပ်တာ အားလုံးကိုယ်တိုင် စီစဉ်စရာမလိုတော့ဘူး။

**ကလောရောက်ပြီဆိုရင်**

စောစောကပြောသလို မနက်စောစောရောက်တည်းခိုဆောင်မှာချမ်းချမ်းနဲ့ ဝင်ကွေးပြီးလို့ တစ်ရေးလောက်ရပြီဆိုရင် လည်ပတ်ဖို့လုပ်ရတော့မှာပါ။ ကလောကနေ အင်းလေးကို ကားနဲ့သွားရင် နှစ်နာရီလောက်ပဲ အချိန်ပေးရပါတယ်။ တစ်ရက်တာအတွင်း အင်းလေး၊ ပင်းတယ၊ ရေပြာအိုင်၊ မြင်းမထိတောင်နဲ့ ကလောမြို့တွင်း လည်ပတ်လို့ရပါတယ်။ နံနက်စာအတွက် ကလောဈေးထဲမှာရှမ်းခေါက်ဆွဲစားလို့ အဆင်ပြေပါတယ်။ ကလောမှာ ငါးရက်တစ်ဈေးဆိုတာရှိပါတယ်။ ငါးရက်တစ်ဈေးနဲ့ တိုက်တဲ့ နေ့ဆိုရင် တောဒေသခံဈေးသည်တွေရောင်းချတဲ့ တောဟင်း၊ တောစာလေးတွေနဲ့ ငါးရက်တစ်ဈေးရဲ့ ဓလေ့



အဓိကတော့ ကိုယ်နဲ့ သက်သောင့်သက်သာဖြစ်စေမယ့် လမ်းလျှောက်ဖိနပ်ကလေး ဖြစ်နေဖို့ပါပဲ။ အပိုအနေနဲ့ ခြေညှပ်ဖိနပ်တစ်စုံလည်း လိုလိုမယ်မယ် ထည့်သွားသင့်ပါတယ်။ လမ်းမှာ မတော်တဆဖိနပ်ပေါက်ခဲ့ရင်လည်း စီးနိုင်ဖို့ပါ။ သောက်ရေ၊ ဆေးဝါး၊ စားစရာအတိုအစကတော့ နည်းနည်းပါးပါးထည့်သယ်ခဲ့ဖို့ လိုပါလိမ့်မယ်။ လမ်းလျှောက်ခရီးစဉ်မှာ ဘယ်နှရက်လောက် လျှောက်မှာလဲဆိုတာ ဆုံးဖြတ်ပြီးသားဖြစ်ရမှာပါ။ ကိုယ်ဘယ်နှရက် အချိန်ပေးမှာလဲ၊ ပြန်မယ့်ရက်က ဘယ်ရက်မှာလဲ၊ ဒီမှာဘယ်လောက်ကြာကြာနေမှာလဲ၊ ဒါတွေက ကြိုတင်စီစဉ်ထားရမယ့်အရာ

စီစဉ်ပေးထားတဲ့ နေ့လယ်စာပါ။ ချာပါတီနဲ့ သစ်သီးတွေကို စားရပါမယ်။ ထမင်းစားချင်တယ်ဆိုရင်တော့ ကြိုပြောထားရပါလိမ့်မယ်။ View Point မှာ နေ့လယ်စာစား၊ ခေတ္တနားပြီး လမ်းဆက်လျှောက်ရမှာပါ။

နေ့ချင်းပြန်မယ့် လမ်းလျှောက်သူတွေအနေနဲ့ ကလောကို ပြန်ရမှာပါ။ ကလောနဲ့ View Point ဟာ လေးနာရီခရီးရှိတာဆိုတော့ နေ့လယ်စာစားပြီးတာနဲ့ နောက်ပြန်လှည့်ပြီး လာလမ်းကိုပြန်လျှောက်ရမယ်။ ညအိပ်လျှောက်မယ့်သူကတော့ နောက်ထပ် သုံးနာရီလောက် ဆက်လျှောက်ရပါဦးမယ်။ လမ်းမှာ ကယားရွာလေးတွေ၊ ရှမ်းရွာလေးတွေကို ဖြတ်သွားပြီး ညနေ ၆ နာရီလောက်မှာ ညအိပ်တည်းခိုမယ့် မြင်းဒိုက်ဘူတာနားက ရွာပုဆိုတဲ့ ရွာကလေးကို ရောက်ပါတော့တယ်။ အဲဒါကလည်း Guide ရဲ့အစီအစဉ်ပါပဲ။ ညတည်းခိုရာအိမ်ကနေ မနက်ထလမ်းထပ်လျှောက်ရပါဦးမယ်။ နောက်ထပ် လေးနာရီလောက်လျှောက်မယ်ဆိုရင် မြင်းမထိဘုရားနဲ့ ဂူကိုရောက်ပါတယ်။ နေ့လယ်စာကို မြင်းမထိဂူမှာ Guide က စီစဉ်ပေးထားပါတယ်။ မြင်းမထိကနေ ကလောကို လာလမ်းအတိုင်း လျှောက်စရာမလိုဘဲ နောက်ထပ်လမ်းကြောင်းတစ်ခုကနေ ရောက်အောင်ပြန်လျှောက်တာကတော့ အဆုံးသတ်ခရီးစဉ်လို့ ဆိုရမှာပါ။ မြင်းမထိရောက်ပြီဆိုရင် လမ်းမလျှောက်နိုင်သူတွေ၊ မလျှောက်ချင်တဲ့သူတွေအတွက် ခွေးဘီလူးကားလေးနဲ့ ပြန်လို့ရပါတယ်။ ကားခက ကျပ် ၁၂၀၀၀ လောက်ရှိပါ တယ်။ အဲဒီကားခကတော့ Guide နဲ့ မဆိုင်တော့ပါဘူး။ သူ့အပိုင်းကတော့ ကလောဟိုတယ်ရှေ့ကနေ လမ်းစလျှောက်ပြီဆိုကတည်းက နောက်ဆုံးကလောကို ပြန်ရောက်တဲ့အထိ လမ်းတစ်လျှောက်စားစရိတ်၊ တည်းခိုစရိတ်၊ လမ်းပြစရိတ် အားလုံးကို တာဝန်ယူပေးထားတာပါ။ တစ်ယောက်ကို ဝန်ဆောင်ခအနေနဲ့ ကျပ် ၅၀၀၀၀ လို့ သိရပါတယ်။ ၅၀၀၀၀ ဆိုတာက အဖွဲ့လိုက်နှုန်းထားပါ။ တစ်ဦးချင်း နှစ်ဦးချင်းဆိုရင်တော့ ကျပ် ၆၀၀၀၀ ယူပါတယ်။

**အဆုံးသတ်အနေနဲ့**

ကလောခရီးစဉ်ကို နှစ်ညအိပ် သုံးရက် ထွက်လာတဲ့သူတွေ တစ်ညအိပ် လမ်းလျှောက်ရင် အဆင်ပြေပါလိမ့်မယ်။ စနေ၊ တနင်္ဂနွေနှစ်ရက်ပဲ အချိန်ပေးနိုင်မယ့်သူတွေအဖို့တော့ နေ့ချင်းပြန် လမ်းလျှောက်တာက အကောင်းဆုံးပါ။ သောကြာနေ့ည တောင်ကြီးကားနဲ့ ကလောကို ထွက်မယ်။ စနေနေ့မနက်မှာ ကလောကို ရောက်ပြီ။ စနေတစ်ရက်လုံး ကလောမြို့နဲ့ အနီးနားက လည်ပတ်စရာ နေရာတွေကို ကားနဲ့လျှောက်လည်မယ်။ ကလောမှာ နားပြီးရင် နောက်တစ်ရက် မနက်ကစလို့ လမ်းလျှောက်ထွက်မယ်၊ တစ်ညမအိပ်ဘဲ ညနေပြန်လာမယ်။ ညကားနဲ့ ပြန်မယ်ဆိုတဲ့ အစီအစဉ်ပါ။ နည်းနည်းတော့ ကသီပါတယ်။ ကောင်းတာကတော့ နှစ်ညအိပ် သုံးရက် ပြန်မယ်ဆိုရင် အကောင်းဆုံးပါ။

တစ်ညပဲအိပ်အိပ်၊ နှစ်ညပဲအိပ်အိပ်၊ ဒီနှစ်ထဲမှာတော့ ကလောကို တစ်ခေါက်ရောက်အောင် သွားပါတော့မယ်။ ။

> **ထင်းရှူး တောတန်းတွေ၊ မြေနီလမ်းတွေ၊ စိမ်းစိုနေတဲ့ စပါးခင်းတွေ၊ လိမ္မော်စိုက်ခင်းတွေ၊ လက်ဖက်ခင်းတွေနဲ့ အေးမြလတ်ဆတ်တဲ့ လေနုအေးကို ရှူရှိုက်ပြီး တောသဘာဝ တောအလှတွေ တရှိုက်မက်မက်ခံစားပြီး လွတ်လွတ်လပ်လပ် လျှောက်သွားနေရတဲ့ အရသာကို ရရှိနိုင်တာကတော့ တကယ့် အနှစ်သာရပါပဲ။**

ကို မြင်တွေ့လေ့လာခွင့်ရမှာပါ။ မနက် ၈ နာရီလောက်ကနေ ကလောကထွက်ပြီး နီးစပ်ရာတွေကိုလည်ပတ်မယ်ဆိုရင် ညနေ ၅ နာရီလောက် ပြန်ရောက်နိုင်ပါတယ်။ နေ့လယ်စာကို ပင်းတယအထွက်ကဆိုင်မှာ ကောင်းတယ်လို့ သိရပါတယ်။ ရှမ်းပြည်ရောက်တော့လည်း ရှမ်းစာပေါ့။ မိုးညို့ညို့ မှိုင်းမှိုင်းနဲ့ ကြည့်လေတိုင်းလွမ်းစရာကောင်းတဲ့ ကလောဝန်းကျင်က တကယ့်ကို သာသာယာယာဖြစ်နေမှာပါ။ ညနေစောင်း တစ်ရက်တာအလည်ခရီးပြီးပြီဆိုရင် မနေ့က ညဘက် အိပ်ရေးမဝထားတာရယ် တစ်ရက်တာလုံး ခရီးတိုတစ်ခု ထပ်ထွက်တာကြောင့် စောစောအိပ်ရာဝင်သင့်ပါတယ်။ ညနေစာကို ကလောမြို့ထဲမှာပဲ စောစောစားသောက်ပြီးတာနဲ့ အိပ်ရာဝင် မီးမှိတ်ပြီးနောက် တစ်ရက်အတွက် အားမွေးလို့ အနားယူသင့်ပြီထင်ပါတယ်။

**ကလောရဲ့လမ်းလျှောက်ခရီးစဉ်**

နာမည်ကျော် လမ်းလျှောက်ခရီးစဉ်ကို ကလောရောက်ပြီး နောက်တစ်မနက်မှာ စတင်ရပါတော့မယ်။ မနက် ၆ နာရီအိပ်ရာထ၊ ကိုယ်လက်သန့်စင်ပြီး တစ်ရက်တာအတွက် အဝတ်အစားကို ကျောပိုးအိတ်ထဲထည့်၊ လိုအပ်တဲ့ အသုံးအဆောင်အားလုံးထည့်ပြီး လာခေါ်မယ့် လမ်းပြကို စောင့်ရပါမယ်။ ပေါ့ပေါ့ပါးပါးဖြစ်မယ့် ဝတ်စုံဝတ်ထားဖို့တော့ လိုပါလိမ့်မယ်။ အရေးကြီးတာဖိနပ်ပါပဲ။ အသစ်ဝယ်လာပြီး စီးရင် အဆင်ပြေမှာမဟုတ်ဘူး။ လမ်းက တစ်နေကုန်လျှောက်ရမှာဆိုတော့ ဖိနပ်ပေါက်ရင်သွားပြီလေ။ အဲဒီတော့ အရင်စီးနေတဲ့ တောစီးအဟောင်းလေးဖြစ်ဖြစ်၊ ကင်းဘတ်လေးဖြစ်ဖြစ် လိုအပ်ပါလိမ့်မယ်။

တွေ့ပါ။ နေ့ချင်းပြန် လမ်းလျှောက်ခရီးရှိသလို တစ်ညအိပ် နှစ်ညအိပ် ခရီးတွေရှိပါတယ်။ များသောအားဖြင့် တစ်ညအိပ် လျှောက်ကြတာများတယ်လို့ သိရပါတယ်။

စပြီးလမ်းလျှောက်ပြီဆိုတာနဲ့ ဟိုတယ်ရှေ့ကနေ ကလောမြို့ပြင်ဘက်ကို ထွက်လာကြရတာပါ။ ထင်းရှူး တောတန်းတွေ၊ မြေနီလမ်းတွေ၊ စိမ်းစိုနေတဲ့ စပါးခင်းတွေ၊ လိမ္မော်စိုက်ခင်းတွေ၊ လက်ဖက်ခင်းတွေနဲ့ အေးမြလတ်ဆတ်တဲ့ လေနုအေးကို ရှူရှိုက်ပြီး တောသဘာဝ တောအလှတွေ တရှိုက်မက်မက်ခံစားပြီး လွတ်လွတ်လပ်လပ် လျှောက်သွားနေရတဲ့ အရသာကို ရရှိနိုင်တာကတော့ တကယ့်အနှစ်သာရပါပဲ။ လမ်းမှာ သစ်တောကြိုးဝိုင်းတစ်ခုနဲ့ တိုးပါလိမ့်မယ်။ ရေအေးကြိုးဝိုင်းလို့ခေါ်ပါတယ်။ လမ်းကြောင်းက နှစ်ခုရှိပါတယ်။ ကြိုးဝိုင်းထဲက လမ်းရယ်၊ အပြင်ဘက်ကလမ်းရယ်။ အပြင်လမ်းအတိုင်း သွားမယ်ဆိုရင် လမ်းသာပြီး နားမယ့်နေရာကို မြန်မြန်ရောက်ပါတယ်။ အတွင်းလမ်းဆိုရင် လမ်းကြမ်းမယ်၊ တောင်ကုန်းလေးတွေကို ဖြတ်ရမယ်၊ ချောင်းငယ်လေးတွေကို ဖြတ်သွားရပါတယ်။ အချိန်ကတစ်နာရီခွဲလောက် ကွာတတ်ပေမယ့် အများစုကတော့ လမ်းကြမ်းကိုပဲ ရွေးလေ့ရှိကြပါတယ်။ လမ်းမှာ အင်္ဂလိပ်ခေတ်ကတည်းက ဖောက်ထားခဲ့တဲ့ ရထားလမ်းကိုလည်း ဖြတ်သွားရပြီး အမှတ်တရဓာတ်ပုံရိုက်လို့ ကောင်းပါတယ်။ နားရမယ့် နေရာကတော့ View Point ရှိတဲ့ နေရာမှာပါ။ အဲဒီမှာပဲ နေ့လယ်စာအတွက် ပြင်ဆင်ထားပါတယ်။ ဆိုင်ရယ်လို့တော့ မရှိပါဘူး။ လိမ္မော်စိုက်ခင်းထဲမှာပါ။ Guide က

## တို့အိမ်လေးသာယာဖို့ ဝိုင်းဝန်းစောင့်ရှောက်စို့

ကယား ကရင်
မွန် ကချင်တို့
ချစ်ခင်မပျက် နေကြမည်။
ရခိုင်နှင့်ချင်း
စဉ်ရှိုင်းပင်း၍
အိမ်တွင်းမှုတွေ လုပ်ဆောင်မည်။
ရှမ်းနှင့်ဗမာ
နောင်ကမ္ဘာထိ
ဘယ်ခါမခွဲ သွေးစည်းမည်။
ရွှေနောက်တံခါး
တောင် မြောက်ဖျားတိုင်
လှည့်သွားနေ့စဉ် စောင့်ကြည့်မည်။
ခြံပေါက်တွေ့သော်
လက်ယပ်ခေါ်၍
ဆွေတော်အားဖြင့် ပြုပြင်မည်။
တစ်ယောက်တစ်လက်
လက်တွေဆက်လျက်
ဆယ်သက်ခိုင်အောင် တည်ဆောက်မည်။
ခြံမပျက်အောင်
တို့ညီနောင်တိုင်း
ထမ်းဆောင်တာဝန် ကျေရမည်။
ပေါင်းစုမနေး
ညီနောင်သွေးဖြင့်
အိမ်လေးသာအောင်
စောင့်ရှောက်မည်။ ။

စိုင်းနေဝန်း

## လှမ်းခဲ့ပါအဆွေ ဇွဲကပင်မြေ

မြန်မာနိုင်ငံ ရှေ့တောင်ဘက်
ထွန်းပြောင်တည်နေလျက်။
ရိုးသားခြင်းယှက် ဤနယ်မြေ
သာယာလှပနေ။
တောတောင်အခြေ ရှုမျှော်ခင်း
မြရောင်စိမ်းလဲ့ထင်း။
ရွှေရောင်ဝင်းဝင်း စေတီတွေ
ဖူးမြော်ကြည်ညိုစေ။
ဇွဲကပင်မြေ တိုင်းရင်းသား
ဖြူစင်စိတ်သာထား။
တိမ်တောင်အလား မှားလိမ့်မည်
တောင်များပေါ်လှသည်
လှမ်းခဲ့အတည် နှုတ်ခွန်းဆက်
ကြိုနေလို့မပျက်။ ။

ခွန်စိုးလှိုင်[သထုံ]

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]

# ကယားပြည်နယ်ရှိ တိုင်းရင်းသားများ လိုက်နာကျင့်သုံးကြသော တဘူး(ရှောင်ဓလေ့)များ

ဒေါ်ခင်ခင်ဦး

(၂၂-၆-၂၀၁၉ ရက်နေ့မှအဆက်)

ဂေဘားတို့တွင် မီးဖွားခြင်းနှင့်သက်ဆိုင်သော တဘူးများလည်း ရှိပေသေးသည်။ မီးနေအိမ်ပေါ်သို့ ဧည့်သည်တက်ရောက်ခြင်း မပြုရပေ။ မီးနေအိမ်မှန်းမသိ၍ အိမ်ပေါ်သို့ ဧည့်သည်တက်မိလျှင် ကန်တော့ကြေးအနည်းဆုံး တစ်မတ်ပေးရ၏။ အိမ်တွင် အမျိုးသမီးတစ်ဦး မီးဖွားနေလျှင် အိမ်ရှိအမျိုးသားများသည် အခြားနေရာသို့ သွားရောက် နေထိုင်ကြရသည့်အပြင် အခြားအိမ်သို့ ပို့ထားကြရ၏။ ထို့အပြင် ဇနီးသည် မီးနေချိန်တွင် ခင်ပွန်းသည်သည် အမဲလိုက်ခြင်းမှ ရှောင်ကြဉ်ရ၏။ ကိုယ်ဝန်ဆောင်အမျိုးသမီး သေဆုံးသွားပါက အခြားကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အသုဘသို့ မသွားကြရသည့်အပြင် မြှုပ်နှံရာတွင်လည်း သွားရောက်ကူညီခြင်း မပြုကြရပေ။

အမဲလိုက်ခြင်းနှင့်ပတ်သက်သော တဘူးများမှာ အမဲလိုက်၍ရသော သားကောင်များကို အမျိုးသမီးများ မဖျက်ရချေ။ အမဲလိုက်သွားစဉ်တွင် ခေါင်ချက်ခြင်းလည်း မပြုရပေ။ ဤတဘူးများကို ချိုးဖောက်ပါက အမဲလိုက်သူများအတွက် ထိခိုက်တတ်သည့်အပြင် သားကောင်လည်း မရ ဖြစ်တတ်သည်ဟူ၏။

စိုက်ပျိုးရေးနှင့်ပတ်သက်သော တဘူးများမှာ ရာသီလာနေသော အမျိုးသမီးများသည် စပါးသယ်ခြင်း၊ စပါးသိမ်းခြင်းမပြုလုပ်ရသည့်အပြင် တလင်းထဲသို့ပင် မဝင်ရချေ။ ဤတဘူးကို ချိုးဖောက်ပါက လာဘ်တိတ်တတ်သည်။ ထိခိုက်တတ်သည် ဟူ၏။

စပါးရိတ်သိမ်းချိန်တွင် တောတိရစ္ဆာန်သေကို ထမ်းပြီး တောင်ယာထဲမှ ဖြတ်သန်းသွားခြင်း မပြုရပေ။ အထူးသဖြင့် ချေသေကောင် ထမ်းသွားခြင်းကို မနှစ်သက်ကြပေ။ အဘယ်ကြောင့်ဆိုသော် ဤသို့ပြုမိပါက စပါးလိပ်ပြာလွင့်တတ်ပြီး နောင်နှစ်တွင် စပါးအထွက်နည်းမည်ဟု ယုံကြည်ကြ၍ ဖြစ်ပေသည်။ စပါးရိတ်ရာတွင် အကွက်မချန်ဘဲ တစ်ပြေးတည်း ရိတ်သွားရသော ထုံးစံရှိကြ၏။ အကယ်၍ ကြားဖြတ်အကွက်ချန်၍ ရိတ်လျှင် စပါးလည်ပင်းပြတ်၍ စပါးအရနည်းတတ်သည်ဟု ယုံကြည်ကြသည်။ ထို့အပြင် တောင်ယာတွင် ကာထားသော ဝါးများကို ခေါင်ချက်ရာတွင် ထင်းအဖြစ် အသုံးမပြုရပေ။ သုံးမိက ထိခိုက်တတ်သည်ဟု အယူရှိကြ၏။ ထို့အပြင် ဆူးစထိုးသည့်နေ့နှင့် စပါးစရိတ်သည့်နေ့တွင် ခေါင်ချက်ခြင်း မပြုကြရပေ။ ဤကဲ့သို့ ရှောင်ကြဉ်ခြင်းမှာ ခေါင်ချက်ပါက စပါးအထွက်နည်းပြီး ထိခိုက်တတ်သည်ဟု ယုံကြည်ကြ၍ ဖြစ်၏။

အသုဘနှင့်ပတ်သက်သည့် တဘူးများမှာ နတ်ကိုးကွယ်သော ဂေဘားတို့ သေဆုံးသွားလျှင် သေဆုံးသူ အိပ်သော ဖျာနှင့်ခေါင်းအုံးများကို အိမ်တွင်သိမ်းဆည်းထားခြင်းမပြုရဘဲ သင်္ချိုင်းတွင် ထားခဲ့ရ၏။

အခြားစိတ်ဝင်စားဖွယ်ကောင်းသော တဘူးများမှာ ခေါင်ချက်ရန်အတွက် တဆေးထောင်းသော အမျိုးသမီးသည် တဆေးထောင်းသည့်နေ့နှင့် နောက်တစ်နေ့တွင် ရေမချိုးရသည့်အပြင် အချဉ်လည်းမစားရပေ။ ဤတဘူးများကို ချိုးဖောက်မိပါက ထိခိုက်တတ်သည်ဟူ၏။

ဂေဘားတို့သည် ဧည့်သည်များအား ကြက်သားဖြူဟင်းနှင့် မှိုဟင်းများဖြင့် ကျွေးမွေးဧည့်ခံခြင်းမှ ရှောင်ကြဉ်ကြ၏။ ယင်းအစားအစာများနှင့် ကျွေးမွေးဧည့်ခံမိလျှင် မိတ်ပျက်တတ်သည်ဟု ယုံကြည်ကြ၏။ ပကူးကရင်တို့ လိုက်နာကျင့်သုံးကြသောတဘူးများ ပကူးကရင်တို့၏ လက်ထပ်ထိမ်းမြားခြင်းနှင့် ပတ်သက်သော တဘူးများမှာ ပကူးကရင်တို့သည် မိမိတို့ မျိုးတူစုချင်းသာလျှင် ထိမ်းမြားကြရပြီး အခြားလူမျိုးများနှင့် လက်ထပ်ထိမ်းမြားပိုင်ခွင့် မရကြပေ။ မောင်နှမတစ်ဝမ်းကွဲချင်းလည်း သွေးနီးလွန်းသောကြောင့် လက်ထပ်ခွင့်မပေး။ ဦးလေးနှင့်တူမ၊ အဒေါ်နှင့် တူ၊ မြေးနှင့် အဘိုး၊ မြေးနှင့်အဘွားတို့လည်း လက်ထပ်ပိုင်ခွင့် မရကြပေ။

မီးဖွားခြင်းနှင့်ပတ်သက်သော ပကူးကရင်တို့၏ တဘူးများမှာ ကိုယ်ဝန်ဆောင် အမျိုးသမီး၏ ခင်ပွန်းသည်သည် တောလည်ရာတွင် ဝက်ဝံကို ပစ်ခတ်ခြင်းမပြုရပေ။ တောဝက်နှင့် ဝက်ဝံသားကို ကိုယ်ဝန်ဆောင်အမျိုးသမီးများ စားသောက်ခြင်းမှ ရှောင်ကြဉ်ကြရ၏။ အချို့က သားဦးကိုယ်ဝန်ကို ဆိုလိုသည် ဟူ၏။ ကလေးငယ်များကိုလည်း ငါးနှစ်သားအရွယ်မတိုင်မီ တောဝက်နှင့်ဝက်ဝံသားကို ကျွေးမွေးခြင်းမပြုပေ။

> **စိုက်ပျိုးရေးနှင့်ပတ်သက်သည့် တဘူးထုံးစံများမှာ ရိတ်သိမ်းပြီးသော စပါးများကို စပါးကျီထဲသို့ လောင်းထည့်နေစဉ် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်းမပြုကြရသည့်အပြင် စပါးသယ်သောနေရာသို့ ခွေးများလာရောက်၍ မဟောင်စေရန် ခွေးများကိုလည်း ကြိုးဖြင့်ချည်၍ ထားကြရ၏။ ထို့အပြင်ကလေးသူငယ်များကိုလည်း ငိုကြွေးခြင်း မပြုစေရပေ။ စပါးကျီထဲသို့ စပါးပလိုင်းခုနစ်လုံးလောင်းထည့်ပြီးမှသာလျှင် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုနိုင်ခွင့်ရှိကြသည်။ ထို့အပြင် စပါးသယ်ယူနေစဉ်အတွင်း စပါးကျီနှင့် စပါးပုံကြားတွင် လူများ ဖြတ်သန်းသွားလာခြင်း မပြုရပေ။ ဤတဘူးကို ချိုးဖောက်ပါက စပါးလိပ်ပြာလွင့်တတ်၍ ရှေ့နှစ်တွင် စပါးကောင်းစွာ ထွက်လိမ့်မည်မဟုတ်ဟု ယူဆကြ၏။**

ဇနီးဖြစ်သူ မီးဖွားနေစဉ်တွင် ကလေးချက်ကြိုးဖြတ်၍မပြီးမချင်း ခင်ပွန်းဖြစ်သူသည် မီးနေခန်းထဲသို့ မဝင်ရပေ။ အကယ်၍ဝင်မိလျှင် ကလေးအတွက် ငါးမူးဖြစ်စေ၊ တစ်ကျပ်ဖြစ်စေ ပေးရ၏။ မီးနေခန်းမှာ မသန့်ရှင်း၍ အမျိုးသား မီးနေခန်းဝင်လျှင် လာဘ်တိတ်တတ်သည်ဟု ယူဆကြသည်။ အများအားဖြင့် အမျိုးသားများမှာ ဆေးစွမ်းများကို ထိုးထားကြ၍ ဆေးပြယ်မည်စိုး၍ မဝင်ကြခြင်းဖြစ်သည်ဟု ပြောဆိုကြ၏။ မီးဖွားပြီး ကလေးချက်မကြွေမီ မီးနေအိမ်ပေါ်သို့ ဧည့်သည်တက်ရောက်ခြင်း မပြုရပေ။ မီးဖွားနေသည်ကို မသိ၍တက်မိလျှင် ကန်တော့ကြေး တစ်မတ်စသည်ဖြင့် ဧည့်သည်က အိမ်ရှင်အား ပေးရသော ထုံးစံရှိ၏။ မီးနေအိမ်၏ လှေကားတွင် သစ်ကိုင်းဖြစ်စေ၊ သစ်ရွက်ဖြစ်စေ ထိုး၍စိုက်ထားခြင်းဖြင့် မီးနေအိမ်ဟူသော အထိမ်းအမှတ်ကို ပြထားလေ့ရှိကြ၏။

ပကူးကရင်တို့၏ အမဲလိုက်ခြင်း၊ ငါးမျှားခြင်းနှင့် ပတ်သက်၍ သတ်မှတ်ထားသော တဘူးများမှာ အမဲလိုက်သွားမည့် အမျိုးသားများသည် မိမိအမဲလိုက်သွားမည့် အကြောင်းကို အိမ်မှအမျိုးသမီးအား ပြောကြားခြင်း မပြုရပေ။ အမျိုးသမီးကလည်း အမျိုးသားအမဲလိုက်သွားမည်ဟု ခန့်မှန်းမိလျှင် အမဲလိုက်သွားမည်လားဟု မေးမြန်းခြင်းမပြုရပေ။ မေးမြန်းမိလျှင် တောကောင်မရ လာဘ်တိတ်တတ်သည်ဟု ယူဆကြ၏။ အသုဘအိမ်မှ အမျိုးသားများသည် သေသူ၏အလောင်းကို သင်္ဂြိုဟ်မပြီးမချင်း အမဲလိုက်မထွက်ကြရပေ။ ကိုယ်ဝန်ဆောင် အမျိုးသမီး၏ ခင်ပွန်းမှာ အမဲလိုက်မထွက်ကြရပေ။ ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ခင်ပွန်းမှာ အမဲလိုက်ရာတွင် ဝက်ဝံကို ပစ်ခတ်ခြင်းမပြုရသည့်အပြင် ဝက်ဝံသားကိုလည်း စားသောက်ခြင်းမှ ရှောင်ကြဉ်ရ၏။ ထို့အပြင် အမဲလိုက်ရာတွင် အမျိုးသားများသာ ပါဝင်ခွင့်ရကြပြီး အမျိုးသမီးများမှာ ပါဝင်ခွင့်မရှိကြပေ။

စိုက်ပျိုးရေးနှင့် ပတ်သက်သည့် တဘူး ထုံးစံများမှာ ရိတ်သိမ်းပြီးသော စပါးများကို စပါးကျီထဲသို့ လောင်းထည့်နေစဉ် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်းမပြုကြရသည့်အပြင် စပါးသယ်သောနေရာသို့ ခွေးများလာရောက်၍ မဟောင်စေရန် ခွေးများကိုလည်း ကြိုးဖြင့်ချည်၍ ထားကြရ၏။ ထို့အပြင်ကလေးသူငယ်များကိုလည်း ငိုကြွေးခြင်း မပြုစေရပေ။ စပါးကျီထဲသို့ စပါးပလိုင်းခုနစ်လုံးလောင်းထည့်ပြီးမှသာလျှင် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုနိုင်ခွင့်ရှိကြသည်။ ထို့အပြင် စပါးသယ်ယူနေစဉ်အတွင်း စပါးကျီနှင့်စပါးပုံကြားတွင် လူများဖြတ်သန်းသွားလာခြင်း မပြုရပေ။ ဤတဘူးကို ချိုးဖောက်ပါက စပါးလိပ်ပြာလွင့်တတ်၍ ရှေ့နှစ်တွင် စပါးကောင်းစွာ ထွက်လိမ့်မည်မဟုတ်ဟု ယူဆကြ၏။ ယင်းတဘူးများကို နတ်ကိုးကွယ်သူများ အထူးကျင့်သုံးကြသည်ကို တွေ့ရသည်။ တောင်ယာထဲတွင်လည်းကောင်း၊ အိမ်တွင်း၌လည်းကောင်း ကျားထိုးကစားခြင်းတို့ကိုလည်း အထူးရှောင်ကြဉ်ကြရသည်။ ကျားထိုးကစားခြင်းမှာ အသုဘအိမ်တွင် လုပ်ဆောင်ကြခြင်းဖြစ်၍ လာဘ်တိတ်တတ်သည်ဟု ယူဆကြသည်။

ပကူးကရင်တို့၌ အသုဘနှင့်သက်ဆိုင်သော တဘူးများလည်း ရှိကြပေသေးသည်။ အိမ်ထောင်စုတွင် ဇနီးသည်သေဆုံးသွားလျှင် ကျန်ရစ်သော ခင်ပွန်းသည်နှင့် သားသမီးတို့သည် မိမိတို့ နေရင်းအိမ်တွင် ဆက်လက်၍ နေထိုင်ခြင်းမပြုရသည့်အပြင် အိမ်တွင်းပစ္စည်းများကိုလည်း သုံးဆောင်ခြင်းမပြုကြရတော့ပေ။ ဖခင်နှင့် သားသမီးများသည် အဝတ်တစ်ထည်ကိုယ်တစ်ခုစီနှင့် အိမ်ပေါ်မှ ဆင်းကြရ၏။ အိမ်အပြင်ဘက်တွင်ထားသော ကျွဲ၊ နွား၊ ဝက်၊ ကြက် အစရှိသည့် တိရစ္ဆာန်များကိုမူ မိမိနှင့်အတူ ယူဆောင်သွားနိုင်ပြီး အိမ်ဟောင်းနှင့်တကွ အိမ်တွင်းရှိ ပစ္စည်းများကို မီးရှို့၍ ပစ်ကြရ၏။

ပကူးကရင်တို့၏ အခြားစိတ်ဝင်စားဖွယ်ကောင်းသော တဘူးများကို ရပ်ရွာလူထု၏ အကျင့်စာရိတ္တပြုပြင်ရေးပွဲ ပြုလုပ်ကြရာတွင် တစ်ဖန်တွေ့ရပြန်၏။ ယင်းပွဲကျင်းပမည်ဟု ရပ်ရွာထဲတွင် ခုနစ်ရက်ကြေညာထားပြီး ထိုခုနစ်ရက်အတွင်း၌ ကျေးရွာထဲသို့ မည်သည့်ဧည့်သည်မျှ ဝင်ရောက်ပိုင်ခွင့်မရှိပေ။ ရွာသားများလည်း ရွာပြင်သို့ ထွက်ခွင့်မရကြတော့ပေ။ ထိုအခါ၌ ကျေးရွာရှိ အမျိုးသမီးပျို၊ အမျိုးသားပျိုများအား အပြစ်ရှိ၊ မရှိ မေးမြန်းစစ်ဆေးလေ့ရှိ၏။ အပြစ်ရှိသူများအား ရွာမှနှင်ထုတ်ကြ၏။ စာရိတ္တပြုပြင်ရေးလုပ်နေသည်ကို သိရှိစေရန် ရွာဦးထိပ်မှနေ၍ လမ်းများကို ကြိုးတန်းများဖြင့် ကာထားပြီး သစ်ရွက်၊ ဝါးရွက်များကို ဆွဲထားလေ့ရှိကြသည်။ ကြေညာထားသည့် ခုနစ်ရက်ပြည့်မှ သူစိမ်းတစ်ရံဆံများကို ရွာအတွင်းသို့ ဝင်ခွင့်ပြုပြီး ရွာသူ ရွာသားများမှာလည်း ရွာအပြင်သို့ ထွက်ခွင့်ရကြ၏။

ပကူးကရင်တို့၏ ဘာသာရေးနှင့်သက်ဆိုင်သော နတ်ပူဇော်ပွဲတွင်လည်း တဘူးများတွေ့ရှိရပေသည်။ အိမ်တစ်အိမ်၌ နတ်စားနေလျှင် နတ်စားနေစဉ်အတွင်း ဧည့်သည်များ အိမ်ပေါ်သို့ တက်ပိုင်ခွင့်မရှိပေ။ ဆွေမျိုးများသာ အိမ်ပေါ်သို့ တက်ခွင့်ရရှိပြီး နတ်ပူဇော်နေသည့် အချိန်တွင် အိမ်တွင်းရှိလူများ စကားကျယ်လောင်စွာ ပြောဆိုခြင်း မပြုရဘဲ တိုးတိုးသက်သာပြောဆိုကြရ၏။ ထို့အပြင် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသ မဖြစ်ရပေ။ နတ်ကိုးကွယ်သည့် အိမ်ထောင်စုတိုင်းတွင် တစ်နှစ်တစ်ကြိမ် နတ်စားပွဲပြုလုပ်လေ့ရှိကြပြီး နတ်စားပွဲတွင် ထမင်းဟင်းလျာများ စားသောက်ပြီးသောအခါ အရိုးများကို မြေကြီးပေါ်သို့ လွှင့်ပစ်ထားခြင်းမပြုရဘဲ မြေကြီးထဲသို့ မြှုပ်နှံပစ်ကြရ၏။

ရှေးအခါက ပကူးကရင်တို့သည် စစ်ထွက်မည့်ဆဲဆဲ အိမ်သားဖြစ်စေ၊ စစ်သားဖြစ်စေ တစ်ဦးတစ်ယောက် နှာချေလိုက်လျှင် ထိုနေ့ ခရီးမထွက်ရပေ။ လမ်းခရီးတွင် မြွေဖြစ်စေ၊ ချေဖြစ်စေ ရှေ့ကဖြတ်သန်းသွားလျှင် ထိုလမ်းကို ဆက်လက်၍ မသွားတော့ပေ။ ယင်းတဘူးများကို ချိုးဖောက်လျှင် စစ်ရှုံးတတ်သည်ဟု ယူဆကြ၏။

**ပဒေါင်တို့ လိုက်နာကျင့်သုံးကြသောတဘူးများ**

ပဒေါင်တို့၏ ထိမ်းမြားမင်္ဂလာနှင့်သက်ဆိုင်သော တဘူးများမှာ ဦးလေးနှင့်တူမ၊ အဒေါ်နှင့်တူ၊ မောင်နှမဝမ်းကွဲအချင်းချင်းတို့မှာ လက်ထပ်ပိုင်ခွင့် မရှိကြပေ။

(ဆက်လက်ဖော်ပြပါမည်)

»»» အထူးကဏ္ဍ [ယ] မှ


တွေ့ရှိရသည်ဟု ခူမီးမျိုးနွယ်စု သမိုင်းစာအုပ်မှ မှတ်သားရပါသည်။ ထို့ကြောင့် ဒေသခံခူမီးလူမျိုးတို့သည် ရှေးအခါက ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်ခဲ့ကြသူများဖြစ်ခဲ့ကြသည့်အပြင် အချို့မှာ ယနေ့တိုင် ယုံကြည်သက်ဝင်နေဆဲဖြစ်ကြောင်း တွေ့ရသည်။

အချို့က ဥဿလင်းစေတီကို ကဿပဘုရားရှင်လက်ထက်က အောင်သလင်းစေတီဟု ခေါ်တွင်ခဲ့ကြောင်း၊ ရှေးရခိုင်ဘုရင်မင်းတစ်ပါး စစ်ချီရာတွင် စစ်နိုင်ပါကဤနေရာတွင်ဘုရားတည်မည်ဟု ကတိသစ္စာပြု၍ အောင်မြေနင်းပြီး တိုက်ခိုက်ခဲ့ရာ ခုနစ်ရက်အတွင်း အနိုင်ရခဲ့ကြောင်း၊ အပြန်တွင် စေတီတည်ခဲ့ခြင်းဖြစ်ကြောင်း၊ နောင်တွင် ဥဿလင်းမြို့ဟောင်းနှင့် ဥဿလင်းချောင်းစီးဝင်ရာ ကစ္ဆပနဒီအရှေ့ဘက် တောင်ကုန်းပေါ်တွင် တည်ရှိသည်ကို အစွဲပြု၍ ဥဿလင်းစေတီဟုခေါ်တွင်ကြောင်းလည်း အဆိုရှိသည်။ မည်သို့ပင်ဆိုစေ ဥဿလင်းစေတီကို ရခိုင်ဘုရင်တို့ ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ပြီးနောက် မည်သည့်အချိန်က ပြန်လည်ပျက်စီးသွားသည်ကို တိကျစွာ မဆိုနိုင်ကြပေ။ ဤစေတီမှာ စာရေးသူတို့အရွယ်ရောက်ပြီးသည့်တိုင် ပျက်စီးယိုယွင်းနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ ရေဝတီမြစ်ကြောင်း အထက်တွင် "ကောင်းမှုလုံ"၊ အလယ်တွင် "ရွှေစည်းခုံ"၊ အောက်တွင် "ရွှေတိဂုံ" ဟု အဆိုရှိပါသည်။ ထို့အတူ ရခိုင်ပြည် ကစ္ဆပနဒီမြစ်ကြောင်းတွင်လည်းအထက်တွင် "ဥဿလင်း"၊ အလယ်တွင် "ကျောက်ရိုးတော်" အောက်တွင် "ဦးရာဇ်တော်" ဟု ဆိုစမှတ်ပြုခဲ့ကြပါသည်။ ဤအဆိုနှစ်ရပ်စလုံး၏ ထူးခြားချက်မှာ မြစ်ကြောင်းနှစ်ခုစလုံးရှိစေတီတော်များသည် ကောင်းကင်မြေတိုင်းမြေပုံအရ လောင်ဂျီတွဒ်မျဉ်းတစ်ကြောင်းစီတွင် ဖြောင့်တန်းစွာ တည်ရှိနေသည်ဟု ဆိုပါသည်။ ဤအဆိုအရ ရှေးအခါက ကောင်းကင်မြေတိုင်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ ဗိသုကာလက်ရာပြောင်မြောက်ခဲ့မှုတို့ကို ခန့်မှန်းသိရှိနိုင်ပါသည်။

၁၉၉၂-၁၉၉၃ ခုနှစ်တွင် စေတီတော်ကို တစ်ဖန်ပြန်လည်မွမ်းမံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စေတီတော်ကြီး ပြန်လည်တည်ဆောက်ပြီးစီးသည့်နောက်တွင် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်စွာဖြင့် အဝေးကပင် လှမ်းမြင်ဖူးတွေ့နိုင်သည်။ စေတီတော် ထီးတင်ပွဲနှင့် ဗုဒ္ဓပူဇနိယ ပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ ရှေးဟောင်းသမိုင်းဝင် ဥဿလင်းစေတီမှာ ဆီမီးမပြတ်တော့ဘဲ။ ကြည်ညိုသပ္ပာယ်လွန်းလှသည်။ သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့်လည်း သိရှိဖူးမြော်နိုင်ကြစေရန် ရည်သန်၍ ဥဿလင်းစေတီတော်မြတ်ကြီးအကြောင်းကို ဤဆောင်းပါးဖြင့် ဦးညွှတ်ရေးသားပူဇော်အပ်ပါသည်။

ကျော့မောင်မောင် - ဥပဒေ



# ပလက်ဝမြို့နယ်သားတို့ ကြည်ညိုစိတ်ဖြင့် ဖူးမြော်နိုင်သည့် ရှေးဟောင်းသမိုင်းဝင် ဥဿလင်းစေတီ

ဥဿလင်းစေတီသည် ရှေးဟောင်းသမိုင်းဝင်စေတီတစ်ဆူဖြစ်သည်။ ရခိုင်နယ်မြေ၏ မွေတော်ငါးရပ်စေတီလည်းဖြစ်၏။ ရှေးဟောင်းကျောက်စာတစ်ချပ်တွင် "မွေတော်ငါးရပ်၊ မပြတ်ဆီမီးမသေစေရ"ဟု ပါရှိသည်။ ထိုမွေတော်ငါးရပ်မှာ ဥရာဇ်မွေတော်၊ ကျိန်းမွေတော်၊ ဝေသာလီဘုရားမွေတော်၊ ကျောက်ရိုးမွေတော်၊ ဥဿလင်းမွေတော်တို့ဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တောင်စေတီကား ဦးခေါင်းတည်း၊ မင်းပြားမြို့ ကျိန်းတောင်စေတီကား လည်ပင်းတည်း၊ မြောက်ဦးမြို့ ဝေသာလီဘုရားမွေတော်ကား သည်းပွတ်တည်း၊ ကျောက်တော်မြို့ ကျောက်ရိုးစေတီကား ကျောကုန်းတည်း၊ ပလက်ဝမြို့နယ် ဥဿလင်းစေတီကား အမြီးတည်းဟု ပါရှိသည်။

"ဥဿလင်း"ဟု အမည်သညာ ဖြစ်တည်ခဲ့ပုံကို လေ့လာကြည့်မည်ဆိုလျှင် ရခိုင်ရှေးဟောင်းသမိုင်း၏အဆိုအရ ကစ္ဆပနဒီ(ခေါ်) ကုလားတန်မြစ်ဝှမ်းသို့ ရခိုင်လူမျိုးများ မြောက်ဘက်မှဝင်လာသည်ဟု ဆိုပါသည်။ ရခိုင်ဒေသသို့ ရှေးဦးလူများ ဝင်ရောက်လာမှုနှင့်စပ်လျဉ်း၍ အသျှင်စက္ကိန္ဒ၏ ရခိုင်ပုံသေဝတ္ထု(ပထမတွဲ)စာအုပ်တွင် မဇ္ဈိမဒေသ မာလရာဇ်တိုင်း၊ မာဃဒေဝမင်း၏ မြေးတော် သာဂရဒေဝမင်းနှင့် လူသူအမြောက်အမြားပါဝင်သည့် ရခိုင်ရှေးဦး လူများသည် ကစ္ဆပနဒီမြစ်၏ လက်ဝဲဘက် ချိုင့်ဝှမ်းတွင် မြို့ပြတည်ထောင်နေခဲ့ဖူးသည်ဟု ဆို၏။ ထိုတိုင်းပြည်ကို ရက္ခပူရတိုင်း၊ မြို့တော်ကို ဥန္တရမဓူမြို့ဟု ခေါ်တွင်ခဲ့သည်။ ဤဥန္တရမဓူမြို့ကိုပင် နောင်အခါ ဥဿလင်းဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။

ရှေးအခါက ရခိုင်နယ်မြေတစ်ခုလုံးကို တိုင်းဒေသကြီး တစ်ဆယ့်နှစ်တိုင်း ခွဲခြားအုပ်ချုပ်ခဲ့ရာတွင် ဥဿလင်းတိုင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။ ဤအချက်ကို မြောက်ဦးခေတ် မင်းရာဇာကြီးစာတမ်းအရ သိရှိနိုင်ပါသည်။ ဥဿလင်းနယ်မြေသည် ရခိုင်ရှေးဟောင်း သမိုင်းဝင်အရပ်ဖြစ်ခဲ့ဖူးသောကြောင့် ထိုခေတ်ထိုအချိန်က ယင်းဒေသ၏ အရေးပါမှုကိုအကြောင်းပြု၍ ယနေ့တိုင် ဥဿလင်းစေတီ၊ ဥဿလင်းကျေးရွာ၊ ဥဿလင်းချောင်းဟူ၍ ဒေသစွဲအမည်များ စွဲကျန်နေပါသေးသည်။

ဥဿလင်းစေတီသည် ချင်းပြည်နယ် ပလက်ဝမြို့အထက် ၄၃ မိုင် အကွာတွင်ရှိသည်။ ဥဿလင်းချောင်းစီးဝင်ရာ ဥဿလင်းကျေးရွာ၏ အရှေ့ဘက် ကစ္ဆပနဒီမြစ်ကမ်း စေတီကိုင်းကျေးရွာ၏ နောက်ခံတောင်တန်းရှိ တောင်ကုန်းပေါ်တွင် ဖူးမြော်နိုင်သည်။ စေတီကိုင်းကျေးရွာသည်ပင် ဥဿလင်းစေတီ၏ တောင်ခြေကိုင်းပြင်တွင် တည်ထားသည်ကိုအစွဲပြု၍ စေတီကိုင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။

ရခိုင်သမိုင်းအဆိုအရ ပထမဓညဝတီမြို့ကို တည်ထောင်ကာ ရခိုင်နယ်မြေ၏နန်းဆက်ကို တည်ထောင်ခဲ့သော သူရဲကောင်းမျိုးဆက် မာရယုမင်း၏ ဖခင် အဇ္ဇုနရှင်ရသေ့သည် ကစ္ဆပနဒီမြစ်ဖျား ဥဿလင်းအထက် "သက်" စုဘက်တစ်နေရာတွင် အကျင့်သီလဆောက်တည်ခဲ့သည်။ ရခိုင်ရာဇဝင်

**ဥဿလင်းစေတီသည် ချင်းပြည်နယ် ပလက်ဝမြို့ အထက် ၄၃ မိုင် အကွာတွင်ရှိသည်။ ဥဿလင်း ချောင်းစီးဝင်ရာ ဥဿလင်းကျေးရွာ၏ အရှေ့ဘက် ကစ္ဆပနဒီမြစ်ကမ်း စေတီကိုင်းကျေးရွာ၏ နောက်ခံ တောင်တန်းရှိ တောင်ကုန်းပေါ်တွင် ဖူးမြော်နိုင်သည်။ စေတီကိုင်းကျေးရွာသည်ပင် ဥဿလင်းစေတီ၏ တောင်ခြေကိုင်းပြင်တွင် တည်ထားသည်ကိုအစွဲပြု၍ စေတီကိုင်းဟု ခေါ်ဆိုခြင်းဖြစ်**

လင်္ကာတွင် "ကစ္ဆပနဒီ၊ ကပ်မှီမကင်း၊ ပင်ညောင်ရင်းသို့၊ လျင်ပင် ရသေ့၊ ရောက်သတည်း" ဟု ပါရှိလေသည်။ ဤအချက်ကိုထောက်ခြင်းဖြင့် ဥဿလင်းသည် ပထမဓညဝတီမြို့မတိုင်မီ ရှိနှင့်ပြီးဖြစ်သော ရခိုင်သမိုင်းဝင် အရပ်တစ်ခုဖြစ်ကြောင်း ဖော်ညွှန်းနေသည်။

စန္ဒသူရိယမင်းကြီးတည်ထောင်ခဲ့သော တတိယဓညဝတီမြို့တော်သည် ရှေးခေတ်ရခိုင်ပြည်၏ ရှေးကျသော မြို့တစ်မြို့ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးစည်ပင်ခဲ့သည်။ မြို့တော်ထွန်းကားစဉ်က ဘာသာရေးအဆောက်အအုံ၊ ဘုရင့်နန်းတော်၊ ညီလာခံခန်းမ၊ မှူးမတ်စစ်သူကြီးနေအိမ်၊ ပတ်ဝန်းကျင်မြို့ကြီးမြို့ငယ်စသည်တို့မှာ သူ့ခေတ်နှင့်သူ မြို့တော်အင်္ဂါရပ်နှင့်အညီ တည်ရှိခဲ့ပေသည်။ ဤအချက်ကို ပညာရှိ သိုက်တက်ငလက်ရုံး၏ ဓညဝတီ တတိယလမ်းညွှန်မှတ်တမ်းအရ သိရသည်။ ဤဓညဝတီလမ်းညွှန်တွင် ဥဿလင်းမြို့သည် ဓညဝတီမြို့မှ ၁၇ တိုင်အကွာတွင်ရှိသော မြို့တစ်မြို့ဖြစ်ကြောင်းဖော်ပြပါရှိသည်။

တတိယဓညဝတီခေတ်၏ အနွယ်တော် ခြောက်ဆက်မြောက်ဖြစ်သော သူရိယစက္ကမင်း (ဘီစီ-၃၃၂-၂၇၈) သည် ဂေါတမဘုရားရှင်၏ ဗျာဒိတ်အရ ရှင်မဟာတသနှင့် ဗာကုလမထေရ်နှစ်ပါးတို့ ပေးအပ်သော ဓာတ်တော်မွေတော် ၂၄၈ ဆူကို ရခိုင်ပြည်အနှံ့ တည်ထားကိုးကွယ်ခဲ့သည်။ ဥဿလင်းစေတီကိုလည်း သူရိယစက္ကမင်းကပင် သာသနာသက္ကရာဇ် ၂၂၂(ဘီစီ-၃၂၂)တွင် တည်ထားကိုးကွယ်ခဲ့သည်ဟု သမိုင်းမှတ်တမ်းအရသိရသည်။ ဉာဏ်တော် ပေ ၄၀ မြင့်၏။ ဓာတ်တော်လေးဆူကိန်းဝပ်သည်။

ဝေသာလီကျောက်လှေကားခေတ် မဟာတိုင်းစန္ဒြားမင်း (အေဒီ-၃၂၇-၃၈၄) လက်ထက်တွင် တစ်ကြိမ်၊ လေးမြို့တော် ဒဿရာဇာမင်း (အေဒီ ၁၁၂၃- ၁၁၃၉) လက်ထက်တွင် တစ်ကြိမ်နှင့် မင်းဖလောင်း (အေဒီ ၁၅၇၁-၁၅၉၃)လက်ထက်တွင်တစ်ကြိမ် အသီးသီးပြုပြင်မွမ်းမံခဲ့သည်။

ဤသို့သော သမိုင်းအထောက်အထားအရ ရခိုင်သမိုင်းခေတ်တစ်လျှောက်လုံးမှ အထက်တွင် ဖော်ပြခဲ့သော မဟာတိုင်းစန္ဒြားမင်း၊ ဒဿရာဇာမင်း၊ မင်းစောမွန်၊ မင်းဖလောင်းတို့လက်ထက်တွင် ထိုမင်းများသည် နှစ်စဉ်နှစ်တိုင်းရခိုင်ပြည်၌ မွေတော်ငါးရပ်ကို အဓိဋ္ဌာန်ဝင်ပြီး ပူဇော်ခဲ့ကြလေသည်။ နောက်ဆုံးတွင် ဥဿလင်းစေတီ၌ ကိုးရက်(သို့) ၄၅ ရက် ဥပုသ်ဆောင်ဝင်၍ အောင်မြေနင်းကြလေသည်။ ထို့ကြောင့် ဥဿလင်းစေတီကား အမြီးတည်းဟု ကျောက်ထက်အက္ခရာတင်ခဲ့ခြင်းဖြစ်သည်။

ဤမွေတော်ငါးရပ်တို့ကို ပြုစုရန် ဦးရာဇ်တောင်စေတီကို ဗုဒ္ဓဟူးသား၊ ကျိန်းတောင်စေတီကို ကြာသပတေးသား၊ ဝေသာလီဘုရားကြီးကို အင်္ဂါသား၊ ကျောက်တော်တောင်စေတီကို သောကြာသား၊ ဥဿလင်းစေတီကို တနင်္လာသားတို့ကို အကြီးအမှူးပြု၍ ထီး၊ တံခွန်၊ ဆီမီး၊ ပေါက်ပေါက်တို့ဖြင့် အမြဲမပြတ် ပူဇော်နိုင်မှသာလျှင် ရခိုင်ပြည်ရှိ မင်း၊ မှူးမတ်ပြည်သူတို့ ဘုန်းကြီးသက်ရှည်စေနိုင်သည့် အကျိုးကျေးဇူးရရှိစေလိမ့်မည်ဟုလည်း ပါရှိသည်။ ပြိုပျက်နေသည့် စေတီဌာပနာတိုက်အတွင်းမှ ဓာတ်တော်၊ မွေတော်၊ ဘုရားဆင်းတုတော်များနှင့်အတူ ဒေသခံရှုမီးတိုင်းရင်းသူတို့၏ နားဝတ်တန်ဆာ "နားကွင်းကြီးနားတောင်း"တစ်စုံကို

အထူးကဏ္ဍ [ ဂ ] သို့ »»»